# Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

(ကောင်းကင်ပြင်ပ)

Book.83(1378-1392)
ပြီးပြည့်စုံသောကြယ်တာယာစွမ်းအင်နည်းစနစ်

၁၃၇၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၇၈ -

သိုင်းပညာအဆင့်သတ်မှတ်ချက်၏ အဆင့်

(၂၁) ဖုန်းချင်းယီ

ဥပဒေထိန်းသိမ်းရေးအဖွဲ့ပဲဖြစ်ဖြစ်၊ စာပေပညာရှင်အဖွဲ့ပင်ဖြစ်စေ နှစ်ဖွဲ့စလုံးက ဤသဘောရားကို နားလည်ထားကြ၏။

မကြာခဏ

သဘောထားကွဲလွဲမှုများရှိသော်လည်း
ဝေးဝေးသွားမည်မဟုတ်ပေ။

နောက်ဆုံးတွင် သူတို့အားလုံး နှင့်ယှဉ်ပါက
သမင်ဖြူအကယ်ဒမီ၏
အလုံးစုံအခြေအနေသည်သာ
အရေးကြီးဆုံးဖြစ်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း 1,000 အတွင်း၌ပင်
၎င်းတို့ကြားက ပဋိပက္ခများ မည်မျှပင်
ကြီးမားပါစေ သမင်ဖြူအကယ်ဒမီက

ထိုသဘောတရားကြောင့် လမ်းခွဲသည်အထိ မရောက်ခဲ့ပေ။

ယခုအချိန်တွင်ကား ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက ခွဲထွက်ဖို့ အဆိုပြုလာခဲ့ပါပြီ။

ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲ ခွဲထွက်ခြင်းသည် ဗဟိုနတ်ဘုရားစီရင်စုရှိ နံ့ပါတ်တစ် အကယ်ဒမီကျောင်းတော်ဟာ သမိုင်းဝင်သာဖြစ်သွားမည်ကို ကိုယ်စားပြုသည်။

“သမင်ဖြူအကယ်ဒမီ... အခုကစလို့
သမင်ဖြူအကယ်ဒမီ ဆိုတာ
တည်ရှိတော့မယ်မထင်ဘူး"
အဘိုးအိုဟုန်ယုက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်။
နှစ်ဖွဲ့လမ်းခွဲလိုက်သည်နှင့်
သမင်ဖြူအကယ်ဒမီက
ယခင်နှင့်တူညီတော့မည် မဟုတ်တော့ပေ။
အနည်းငယ်သော အမှားက ၎င်းအား
ပလက်တီနမ်အဆင့် အင်အားစုအဖြစ်ကို

ကျဆင်းသွားစေနိုင်သည့်
အတိုင်းအတာအထိပင်။

ယန်ယဲ့သည် ပတ်ဝန်းကျင်ကို
ကြည့်လိုက်ပြီးနောက် ဘေးဖက်သို့
လှမ်းကြည့်လိုက်သည်။ ဤအချိန်တွင်
သူသည် မြေပြင်ပေါ်တွင်
တင်ပျဉ်ခွေထိုင်လျက် ကုသနေပြီးနောက်
အပြည့်အဝပြန်လည်သက်သာလာခဲ့သည်။

ဤအခြေအနေက သမင်ဖြူအကယ်ဒမီ၏
အတွင်းရေးကိစ္စဖြစ်ရာ သူ စွက်ဖက်ပိုင်ခွင့်
မရှိသလို စိတ်လည်းမဝင်စားပေ။

ဆုရှိဟဲ က လီလောင်ကွိုင် ကို အကြာကြီး
စိုက်ကြည့်နေသည်။ အဆုံးတွင် သူ့ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး "တကယ်တော့
ငါ့ရဲ့စာပေပညာရှင်အဖွဲ့ခွဲက ဒီလို
နေ့မျိုးရောက်လာမယ်ဆိုတာ
ကြိုသိနေတယ်။ ဒါပေမယ်လို့
ဒီနေ့ကိစ္စကိုအကြောင်းပြီး ဒီပြဿနာကို

ရှင်းဖို့ ဘယ်တုန်းကမှ
မမျှော်လင့်ထားဘူး။ ခွဲထွက်ဖို့ကိစ္စကို
ပြောလာပြီဆို ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲရဲ့
ဘိုးဘေးတွေက အဲဒါကိုသဘောတူတယ်
ဒါမှမဟုတ်
တိတ်တဆိတ်သဘောတူခဲ့တာလို့
ငါထင်ပါတယ်။ ဒါဆို ဆုံးဖြတ်ပြီးပြီ"

ဤအချိန်တွင် ဆုရှီဟဲ၏ မျက်လုံးထဲ၌
ရှုပ်ထွေးသော စိတ်ခံစားမှုများ
ထွက်ပေါ်လာပြီး "ငါ့ရဲ့

စာပေပညာရှင်အဖွဲ့ခွဲက
အရည်အချင်းမရှိလို့
သမင်ဖြူအကယ်ဒမီကို
နှစ်ပိုင်းကွဲမသွားအောင် တားလို့
မရခဲ့ဘူး။ ငါတို့ ဌာနမှူးရှောင် ကျရှုံးသွားပြီ"

"ဘာတွေဆက်ဖြစ်လာမှာလဲက
ပိုပြီးစိတ်ဝင်စားဖို့ကောင်းတယ်"
ဤအခိုက်အတန့်တွင်
အဖြူရောင်ဝတ်ရုံအဘိုးအိုတစ်ယောက်
ရုတ်တရက်ပေါ်လာခဲ့သည်။ အဘိုးအို၏

မျက်နှာသည် ဇရာအရေးအကြောင်းများ ဖုံးလွှမ်းနေပြီး အလွန်အသက်ကြီးရင့်နေပြီဖြစ်သည်။ ထို့အပြင် သူ့မျက်နှာက ထူးဆန်းသောရောဂါတစ်မျိုးမျိုးကိုခံစားနေရသကဲ့သို့ အရောင်ဖျော့နေခဲ့သည်။

"ဆရာရှောင်"ဆုရှီဟဲ က အဘိုးအိုကို အလျင်အမြန်ဦးညွှတ်လိုက်ကာ "ဒီမှာ ဘာလာလုပ်နေတာလဲ"

"ငါတို့နှစ်ဖွဲ့ လမ်းခွဲတော့မယ်ဆိုတော့
ဘယ်လိုလုပ်ငြိမ်နေလို့ရမှာလဲ"
အဖြူရောင်ဝတ်ရုံအဖိုးအိုက
လက်ကိုဝှေ့ယမ်းပြီး ဆုရှိဟဲ၏ စကားကို
အဖြေပြန်ပေးလိုက်သည်။ ထို့နောက်
သူ့အကြည့်က မြေပြင်ပေါ်တွင်
တင်ပျဉ်ခွေထိုင်နေသော ယန်ယွဲ့ ဆီသို့
ဆင်းသက်လာပြီး "မင်းက ယန်ယွဲ့ လား"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး
"အကြီးအကဲက ဘယ်သူလဲဆိုတာ
ငါသိနိုင်မလား"

"သမင်ဖြူအကယ်ဒမီရဲ့ဌာနမှူး
ရှောင်ပိုင်လီ" အဖြူရောင်ဝတ်ရုံအဘိုးအိုက
ပြုံးပြီး “မင်းကတကယ်မဆိုးပါဘူး”

ရှောင်ပိုင်လီက လီလောင်ကွိုင် ကို
လှည့်ကြည့်ကာ "မင်းဟာ ငါတို့နှစ်ဖွဲ့ကို
လမ်းခွဲချင်တယ်ဆိုတော့

အခြေအနေတွေကို ဘယ်လိုခွဲပစ်ဖို့
ရည်ရွယ်ထားလဲ ငါ့ကို ပြောကြည့်"

လီလောင်ကျိုင်က "မင်းရဲ့
စာပေပညာရှင်အဖွဲ့ခွဲက  သမင်ဖြူကို
စွန့်ခွာရမှာ"

"ဟာသပဲ! ငါတို့ကဘာလို့လုပ်ရမှာလဲ" ဆုရှို
ဟဲက ဒေါသကြီး ပြောခါနီးတွင် ရှောင်ပိုင်လီ
က တားလိုက်ပြီး "သမင်ဖြူကမ္ဘာကို
စွန့်ခွာသွားမှာက မင်းရဲ့

ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲပဲ ဖြစ်သင့်တယ်။ ငါ့စာပေပညာရှင်အဖွဲ့ ခွဲက ဒီနှစ်တွေမှာ တစ်ချိန်လုံး သည်း ခံနေတယ်ဆိုတာက သမင်ဖြူအကယ်ဒမီရဲ့ အကျိုးကိုကြည့်နေလို့ပဲ။ ဒါကို မင်းတို့က အဟုတ်ကြီးထင်ပြီးတော့ ငါ့စာပေပညာရှင် အဖွဲ့ ခွဲက မင်းတို့ကို ကြောက်နေတယ်လို့ရဲ့ မထင်နဲ့"

"မှန်တယ်! ငါတို့စာပေပညာရှင်အဖွဲ့ ခွဲက သမင်ဖြူကမ္ဘာကနေ

ဘာလို့ထွက်သွားရမှာလဲ။ မင်းက ဒီဆုံးဖြတ်ချက်ကို ဘယ်လိုများချလိုက်တာလဲ။ မင်းရဲ့ ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက အတော်လေးလွန်လာပြီ။ ပိုဆိုးလာရင် ငါတို့ အချင်းချင်း တိုက်ခိုက်နိုင်တယ်”

“ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက တကယ်ကို ယုတ်မာတယ်။ သူတို့က ငါတို့ရဲ့ စာပေပညာရှင်အဖွဲ့ခွဲကို သမင်ဖြူကမ္ဘာကနေ

နှင်ထုတ်ချင်နေတာလား။ ငါတို့ရဲ့
အခြေခံအုတ်မြစ်ဖြစ်တဲ့ သမင်ဖြူကမ္ဘာသာ
မရှိတော့ရင် အကယ်ဒမီက
ပလက်တီနမ်အဆင့်အင်အားစုနဲ့
ခြားတော့မှာမဟုတ်ဘူး"

"ဒါဆို ငါတို့က
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲကို သေတဲ့အထိ
တိုက်ခိုက်ဖို့ တောင်းဆိုချင်တယ်"

“ငါတောင်းဆိုချင်တယ်….”

စာပေပညာရှင်အဖွဲ့ ခွဲမှ မရေတွက်နိုင်သော ကျောင်းသားများ၏ အသံများ ထွက်ပေါ်လာသည်။သမင်ဖြူကမ္ဘာက သူတို့၏အိမ်ဖြစ်သည်၊ ထို့ကြောင့် ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲက နှင်ထုတ်ခြင်းကို မည်သို့သဘောတူနိုင်မည်နည်း။

ရှောင်ပိုင်လီက လီလောင်ကွိုင်ကို ဂရုမစိုက်ဘဲ စိုက်ကြည့်ကာ "ဒါတွေကို

မင်းကြားတာ သေချာပါတယ်"
ဟုဆိုလိုက်သည်။

လီလောင်ကွိုင်က ရယ်မောရင်း “မင်းရဲ့
စာပေပညာရှင်အဖွဲ့ခွဲက မထွက်ချင်သလို
ငါ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲကလည်း
မဟုတ်ဘူး။ တကယ်လို့ ဒီနေရာမှာ ဆက်ပြီး
တိုက်ခိုက်မယ်ဆိုရင် တစ်ဖက်က
အနိုင်ရရင်တောင် သမင်ဖြူကမ္ဘာက
သေချာပေါက်
ပျက်စီးသွားလိမ့်မယ်။ ဒီတော့ ငါ့မှာ

အကြံတစ်ခုရှိတယ်။ ငါတို့ အချင်းချင်း
ဘာလို့
ဆက်မပြိုင်ကြတာလဲ။ အနိုင်ရတဲ့သူက
ဆက်နေပြီး ရှုံးတဲ့သူ
ထွက်သွားရမယ်။ အဆင်ပြေလား"

ရှောင်ပိုင်လီက လီလောင်ကွိုင်ကို
အချိန်အတော်ကြာ စိုက်ကြည့်ပြီး
"ဒီလိုလုပ်ရမှာလား"

လီလောင်ကွိုင်က "ဗျာနမ့်မူးရှောင်၊
မင်းပြောကြည့်လေ။ ဒီလိုဆက်ဖြစ်နေရင်
မင်းရဲ့စာပေပညာရှင်အဖွဲ့ခွဲနဲ့
ငါ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲ
နှစ်ခုလုံးအတွက်
အဆင်မပြေဘူးမဟုတ်လား"

ရှောင်ပိုင်လီက "ငါ့စာပေပညာရှင်အဖွဲ့ခွဲကို
ဘယ်သူက ကိုယ်စားပြုမယ်ဆိုတာ
မင်းသိထားသင့်တယ်။ ဒါပေမဲ့ မင်းအခုထိ

ယုံကြည်မှုရှိနေတုန်းပဲ။ မင်းတို့ဖက်က တိုက်ခိုက်ဖို့ စေလွှတ်မယ့်လူကို မင်းတကယ် ယုံကြည်မှုရှိတယ်လို့ ငါထင်တယ်။ လာ၊ မင်းရဲ့ ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲမှာ ဘယ်လို ပါရမီရှင်မျိုး ပေါ်လာပြီလဲ ကြည့်ရအောင်”

လီလောင်ကွိုင်က တဟားဟားရယ်လိုက်သည်။ ထို့နောက်တွင် “ဟားဟား။ အဲဒါကို ကြားလား။ ဌာနမှူးရှောင်ပ

မင်းကိုတွေ့ချင်နေတာဆိုတော့
မင်းဘာလို့ကိုယ့်ကိုကိုယ်မပြတာလဲ"

သူပြောပြီးသည်နှင့် တပြိုင်နက်
အစိမ်းရောင် အလင်းတန်းများ
ကောင်းကင်ထက်မှ ကျဆင်းလာကာ
ကျောက်စိမ်းပုလွေ ကိုင်ထားသည့်
အစိမ်းရောင်ဝတ်ရုံ အမျိုးသားတစ်ဦး
ပေါ်လာခဲ့သည်။

"ဖုန်းချင်းယီ" စာပေပညာရှင်အဖွဲ့မှ လူတိုင်း
ထိုလူကို လှမ်းမြင်ရသဖြင့်
ထိတ်လန့်သွားကြသည်။

ခဏအကြာတွင်
သူတို့၏အမူအရာများသည်
အလွန်ဆိုးရွားသွားခဲ့သည်။

အစိမ်းရောင်ဝတ်ရုံအမျိုးသားက
မျက်လုံးများကိုမှိတ်ထားပြီး
“ဥာနမှူးရှောင်က လွဲရင်

စာပေပညာရှင်အဖွဲ့ခွဲက
ဘယ်သူမဆိုတိုက်ခိုက်နိုင်တယ်။
ကြိုက်သလောက်ပို့"

"ဌာနမှူးရှောင်ကလွဲရင် ဘယ်သူမဆို ...
ဟုတ်လား"

တစ်နည်းဆိုရသော် ဆုရှီဟဲ ပင်လျှင် သူ့ကို
တိုက်ခိုက်နိုင်သည်။

မောက်မာတယ်!

လုံးဝကို မောက်မာလိုက်တာ!

ဤအတွေးက ယန်ယဲ့ နှင့် ရှုဝူရှန်း တို့နှစ်ယောက်လုံးတွေးတောနေခြင်းပင်။

ထို့နောက် ယန်ယဲ့၏ အကြည့်များသည် ဖုန်းချင်းယီ အပေါ်သို့ ကျဆင်းသွားပြန်သည်။ အစိမ်းရောင်ဝတ်လူငယ်က အသက် ၂၀ ဝန်းကျင်သာရှိသေးပုံရ၏။ သူက

အစိမ်းရောင်ဝတ်ရုံကို ဝတ်ထားပြီး ဆံပင်ကို
အစိမ်းရောင်ကြိုးတစ်ချောင်းဖြင့်
မြင်းမြီးကဲ့သို့ ခေါင်းနောက်ဖက်တွင်
ချည်နှောင်ထားသည်။ လူငယ်က
သူ၏ဘယ်ဖက်လက်ကို နောက်ပစ်ထားပြီး
ညာဖက်လက်ထဲတွင်
ကျောက်စိမ်းပုလွေတစ်ချောင်းကိုင်ထားသ
ည်။ အရိုးရှင်းဆုံးဖော်ပြရလျှင်
သူ၏တစ်ကိုယ်လုံးက
ထူးထူးခြားခြားအငွေ့အသက်များ
ထွက်ပေါ်နေပေသည်။

"ဒီလူငယ်က အနွံ့ရာယ်များတယ်"

ယန်ယွဲ့လည်း အစိမ်းရောင်ဝတ်လူငယ်ဆီကနေ ထွက်လာသော အန္တရာယ်အငွေ့အသက်ကို ခံစားမိလိုက်သည်။ အနည်းဆုံးတော့ ၎င်းက လော့ချန်းရှောင် ထက် အများကြီးပိုသန်မာလေသည်။

ဤအချိန်တွင် စာပေပညာရှင်အဖွဲ့ ခွဲ၏
အဖွဲ့ဝင်များထံမှ ဆူဆူညံညံအသံများ
ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ။
စီနီယာအစ်ကိုဖုန်း က
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲကို
ဘယ်လိုကူညီနိုင်မှာလဲ။ ဒါက
ဘယ်လိုဖြစ်နိုင်မလဲ။ သူ့ကို ဥပဒေထိန်းသိမ်း
ရေးအဖွဲ့ ခွဲက အတင်းအကျပ်ဖိအားပေးတာ
သေချာပါတယ်၊ အဲဒါက

သေချာတယ်။ ဥပဒေထိန်းသိမ်း
ရေးအဖွဲ့ခွဲက တကယ်ကို အရှက်မဲ့တာပဲ"

“ဒါဟာ ထောင်ချောက်ပဲ! ဒါတွေအားလုံး
ဥပဒေထိန်းသိမ်းရေးအဖွဲ့က
ကြိုပြီးစီစဉ်ထားတဲ့ထောင်ချောက်တစ်ခုပဲ။
စီနီယာအစ်ကိုဖုန်း က သူတို့ရဲ့
အတင်းအကြပ်လုပ်ခိုင်းတာကို ခံနေရတာ
သေချာတယ်။ စီနီယာအစ်ကိုဖုန်း၊ အဲဒါ
မှန်တယ်မဟုတ်လား။ ရက်စက်ယုတ်မာပြီး
အရှက်ကင်းမဲ့တဲ့

ဥပဒေထိန်းသိမ်းရေးအဖွဲ့သားတွေက
မင်းကို အတင်းအကြပ်
ဖိအားပေးနေတာလား။ ငါတို့ကိုပြော”

“စီနီယာအစ်ကိုဖုန်း၊ ဌာနမှူးရှောင်
ဒီမှာရှိတယ်။မင်းမှာ ဘယ်လိုအခက်အခဲ
တွေပဲ ရှိနေရှိနေ
ဌာနမှူးရှောင်ကိုပြောပြလိုက်။ သူက
သေချာပေါက်ဖြေရှင်းပေးမှာပါ”

"ဘာကြောင့်လဲ...
ဖုန်းချင်းယီ" ရှောင်ပိုင်လီက ဖုန်းချင်းယီကို
စူးစူးစိုက်စိုက်စိုက်ကြည့်ပြီး "ဘာလို့လဲ" ဟု
ထပ်မေးလိုက်လေသည်။

ဖုန်းချင်းယီက
သူ့မျက်လုံးများကိုဖွင့်လိုက်ပြီး ရှောင်ပိုင်လီ
နှင့် မျက်လုံးချင်းတည့်တည့်ကြည့်ကာ
"လူတိုင်းဟာ ဘာပဲလုပ်လုပ်
ကိုယ်တိုင်ကလုပ်ချင်တယ်ဆိုတာ
သေချာတယ်။ ငါ့မှာ ကိုယ်ပိုင်

အကြောင်းပြချက်တွေ ရှိတယ်။ ဒါပေမဲ့ အခုပြောဖို့က အမိပ္ပါယ်မဲ့သွားပြီ”

ရှောင်ပိုင်လီက ထပ်ပြောဖို့ပြင်လိုက်စဉ် ယန်ယွဲ့က ရုတ်တရက် မတ်တပ်ထရပ်လာပြီး "ဌာနမှူးရှောင်၊ ကြည့်ရတာတော့ ငါ ဒီတိုက်ပွဲမှာ ဝင်ပါရမဲ့ပုံပဲ"

၁၃၇၉

Almighty Sword Domain

အဆိုးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၇၉ - တည်ထောင်သူဘိုးဘေး၏

အင်ပါယာအဆင့်နည်းစနစ် (သမုဒ္ဒရာကို

ဖြတ်ကျော်ခြင်းတေးသံသာ)

ရှောင်ပိုင်လီက လေးနက်စွာပြောခဲ့သည်

"ယန်ယဲ့၊

စိတ်မပူပါနဲ့။ ငါ့စာပေပညာရှင်အဖွဲ့ခွဲ

တည်ရှိနေသရွေ့ ဘယ်သူကမှ
တိမ်ပင်လယ်အကယ်ဒမီကို ထိခွင့်မရှိဘူး"

လီလောင်ကွိုင်က
အေးစက်စွာပြောလေသည် "အခုက
မင်းတို့အားလုံး ကိုယ့်ကိုယ်ကိုတောင်
လုံခြုံအောင်မလုပ်နိုင်သေးဘူး"

ယန်ယဲ့က လီလောင်ကွိုင်ကို ကြည့်ပြီး
ရယ်မောလိုက်ရင်း "မင်းကြည့်ရတာ သူ့ကို
ငါတိုက်ခိုက်မယ်လို့

မင်းမျှော်လင့်ထားတာကလွဲလို့ တခြားအကြောင်းမရှိဘူးလို့ထင်နေတာမဟုတ်လား။ ပြီးတော့ သူက ငါ့ကိုသတ်ပစ်နိုင်မယ်လို့ ယုံကြည်နေတာထင်တယ်"

လီလောင်ကွိုင်က အေးစက်စက်လေသံဖြင့် ပြန်ပြောလိုက်သည် "ဒါဆို သူလုပ်နိုင်ရင် ဘယ်လိုလုပ်မလဲ"

ယန်ယဲ့၏ မျက်နှာသည်
ရက်စက်ကြမ်းကြုတ်မှုတစ်ခုရုတ်တရက်
ပျံ့တက်လာပြီး ဖုန်းချင်းယီကို
စူးစိုက်ကြည့်ရင်း "ကောင်းပြီ...၊ မင်းရဲ့
မျက်လုံးတွေကို ဖွင့်ပြီး ငါ့ကို
သတ်နိုင်မလားဆိုတာ ကြည့်စမ်း"

သူစကားပြောပြီးသည်နှင့် ဖုန်းချင်းယီကို
လက်ညှိုးထိုးကာ "ငါတို့တိုက်ခိုက်ရအောင်"

အဆုံးတွင် ယန်ယဲ့သည်
ပြင်ပလူတစ်ဦးသာဖြစ်သော ကြောင့်
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲနှင့်
စာပေပညာရှင်အဖွဲ့ ခွဲကြား ပဋိပက္ခတွင်
ဝင်ရောက်စွက်ဖက်လိုခြင်းမရှိပေ။ သို့သော်
လည်း လီလောင်ကွိုင်က
တိမ်ပင်လယ်အကယ်ဒမီကို
ခြိမ်းခြောက်လိမ့်မည်ဟု သူ
မမျှော်လင့်ထားပေ။

ထို့ကြောင့် သူက ရှေ့ကို တက်ပြီး
စိတ်မြန်လက်မြန်
လုပ်လိုက်ခြင်းမဟုတ်ပေ။
လီလောင်ကွိုင်၏ စကားအရ
စာပေပညာရှင်အဖွဲ့ခွဲသော
သမင်ဖြူကမ္ဘာကနေ နှင်ထုတ်ခံရပါက
တိမ်ပင်လယ်အကယ်ဒမီကို
ကာကွယ်နိုင်စွမ်းရှိတော့မည်မဟုတ်ပါ။
သူလည်း ထိုအချက်ကို
ကောင်းကောင်းသိထားလေသည်။

အကယ်၍သာ စာပေပညာရှင်အဖွဲ့ခွဲက
ဖုန်းချင်းယီ နှင့် တိုက်ခိုက်ဖို့
တစ်စုံတစ်ယောက်ရှိနေလျှင် သူကိုယ်တိုင်
ရှေ့ထွက်လာရမည်မဟုတ်ပေ။
သို့သော်လည်း စာပေပညာရှင်အဖွဲ့ခွဲ၏
မည်သည့်လူငယ်မျိုးဆက်မှ ဖုန်းချင်းယီကို
မယှဉ်နိုင်ကြောင်း သိသာနေသည်။

ဤအချိန်တွင် သူအနိုင်ရပါက
တိမ်ပင်လယ်အကယ်ဒမီဟာ

စာပေပညာရှင်အဖွဲ့ခွဲ နှင့်အတူ
မြင့်တက်လာမည်ဖြစ်သည်။

ယန်ယဲ့ ရှေ့ထွက်လာကြောင်း မြင်သောအခါ
ဆုရှိဟဲ၏ အမူအရာက ပြောင်းလဲသွားပြီး
တားဖို့ပြင်သည်။ သို့သော်လည်း
လီလောင်ကွိုင်က ရုတ်တရက် ရယ်မောကာ
“ကောင်းပြီ၊ ယန်ယဲ့ ... မင်းက
ရဲရင့်တယ်။ ဟားဟား"

သူစကားပြောနေစဉ် ညာလက်ကို
ဝှေ့ယမ်းလိုက်ရာ
ရင်ပြင်၏အလယ်ဗဟိုတွင်
တိုက်ပွဲကွင်းပြင်အသစ်တစ်ခုပေါ်လာသည်။
 သူက ယန်ယွဲ့ကို စိုက်ကြည့်ကာ "ငါတို့
စတော့မှာလား"

ဖုန်းချင်းယီက ယန်ယွဲ့ကို
စိုက်ကြည့်ပြီးနောက်
အနည်းငယ်တုန်ခါသွားကာ
တိုက်ပွဲကွင်းပြင်ထဲတွင် ပေါ်လာခဲ့သည်။

ရှောင်ပိုင်လီက ယန်ယွဲ့ ရှေ့တွင် ရုတ်တရက် ပေါ်လာပြီး ပြောလိုက်လေသည် "သူ ဘယ်လောက် သန်မာတယ်ဆိုတာ မင်းသိလား"

"မသိဘူး" ယန်ယွဲ့က ပြန်ပြောလိုက်သည် ။ ဖုန်းချင်းယီက အလွန်သန်မာကြောင်း သူသိသော်လည်း မည်မျှသန်မာသည်ကိုတော့ သေချာမသိပေ။

ရှောင်ပိုင်လီက မျက်လုံးပြူးကာ ယန်ယဲ့ကို ကြည့်ပြီး "သူက အရမ်းသန်မာတယ်"

အင်ပါယာတစ်ပိုင်းအဆင့်က ထိုစကားလုံးများကို ပြောလာသဖြင့် ဖုန်းချင်းယီ၏ခွန်အား မည်မျှထိ ကြောက်စရာကောင်းကြောင်း သက်သေပြနေပါပြီ။

သို့သော်လည်း ယန်ယဲ့က မျက်နှာအမူအရာပြောင်းသွားခြင်းမရှိပေ။

ရှောင်ပိုင်လီ ကို ကြည့်ပြီး "ငါ့ထက် ပိုသင့်တော်တဲ့သူရှိရင် ဒီအခွင့်အရေးကို စွန့်လွှတ်ဖို့ ဆန္ဒရှိပါတယ်"

ရှောင်ပိုင်လီက ယန်ယဲ့ကို အချိန်အတော်ကြာ စိုက်ကြည့်ပြီး "ရလာဒ်က ဘယ်လိုပဲ ဖြစ်နေပါစေ နောင်အနာဂတ်မှာ တိမ်ပင်လယ်အကယ်ဒမီရဲ့ပြဿနာက ငါ့ပြဿနာပဲလို့ မင်းကို ကတိပေးတယ်။တစ်စုံတစ်ယောက်က

အင်ပါယာတစ်ပိုင်းအဆင့်

အရှုးအိုကြီးတွေရဲ့ လက်စားချေတာကို

မကြောက်သရွေ့ သူက

တိမ်ပင်လယ်အကယ်ဒမီကို

စိတ်ကြိုက်လုပ်နိုင်တယ်"

သိသာစွာပင် ရှောင်ပိုင်လီ၏ စကားများက

ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲအား

တစ်ဖက်လှည့်နှင့်သတိပေးနေခြင်းပါ။

ဤအချိန်တွင် လီလောင်ကွိုင်က
အေးစက်စက်သာရယ်မောလိုက်ပြီး
စကားတစ်ခွန်းမှ မပြောပေ။

ယန်ယဲ့က
"ကျေးဇူးတင်ပါတယ်" အမှန်စင်စစ်
အင်ပါယာတစ်ပိုင်းအဆင့်
သာသူ့နောက်တွင်ရှိနေပါက
တိမ်ပင်လယ်အကယ်ဒမီကို
ဆန့်ကျင်ဖို့ကြိုးစားသူတိုင်း သေချာပေါက်
နှစ်ခါပြန်စဉ်းစားရပါလိမ့်မည်။

ယန်ယွဲ့သည် စကားတစ်ခွန်းမှ
မပြောတော့ဘဲ တိုက်ပွဲကွင်းပြင်ထဲသို့
ချက်ချင်း ဝင်လာခဲ့သည်။

ဤအချိန်တွင် လီလောင်ကျိုင်က
လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်ရာ
ယန်ယွဲ့နှင့် ဖုန်းချင်းယီ တို့နှစ်ယောက်လုံး
အာကာသကြားကွက်လပ်ထဲရှိ
စစ်မြေပြင်သို့ ဝင်ရောက်သွားကြသည်။

ဖုန်းချင်းယီက "ငါ့ရဲ့ဘယ်ဖက်လက်ကို နောက်ပစ်ထားမယ်။ မင်းရဲ့အကောင်းဆုံး လှုပ်ရှားမှုကို လုပ်ပါ!"

ယန်ယဲ့သည် ခေါင်းညိတ်ပြီး သူ့လက်ဝါးကိုလှန်ကာ ဟာကျူလီယံဓားကို ထုတ်ယူလိုက်၏။

ရှစ်!

ခဏအကြာတွင် သူသည်
အနက်ရောင်အရိပ်တစ်ခုအဖြစ်ပြောင်းကာ
နေရာတွင် ပျောက်ကွယ်သွားပြီး
ဖုန်းချင်းယီ၏ အထက်၌
ပြန်ပေါ်လာပါသည်။

ယန်ယဲ့သည် ဟာကျူလီယံဓားကို
လက်နှစ်ဖက်ဖြင့် ကိုင်ထားပြီး အောက်သို့
လှဲချလိုက်သည်။

ဟာကျူလီယံဓားက ဖုန်းချင်းယီ ခေါင်းပေါ်

ခုတ်ချကာနီးတွင်

ကျောက်စိမ်းပုလွေတစ်လျောင်းက

ဓားဖျားကို ထိမှန်သွားသည်။

အုန်း!

ဟာကျူလီယံဓားက ပြင်းထန်စွာ

တုန်ခါသွားပြီးနောက်

တိုက်မိသည့်နေရာတစ်ဝိုက်က ရုတ်ချည်း

ကွဲအက်သွားသည်။

ဖုန်းချင်းယီက သူညာဖက်လက်ကို
အနည်းငယ်လိမ်ပြီး
ခဏာမျှငြိမ်သက်သွားခဲ့သည်။

ဘမ်း!

ကြည်လင်ပြတ်သားသော
ပေါက်ကွဲသံနှင့်အတူ ယန်ယဲ့၏ပုံရိပ်သည်
မီတာ ၃၀၀ နီးပါး အကွာသို့
လွင့်ပျံထွက်သွားခဲ့သည်။ ထို့အပြင်

ဟာကျူလီယံဓားက တဆတ်ဆတ်
တုန်ခါနေပြီး အက်ကွဲကြောင်းများပင်
ရှိနေသည်။

ဖုန်းချင်းယီက "မင်းရဲ့ခွန်အားက
မဆိုးပါဘူး၊ မင်းရဲ့ခွန်အားကို ထိန်းချုပ်တာ
ကောင်းတယ်။ မင်းရဲ့အရည်အချင်းကဆိုရင်
သိုင်းပညာအဆင့်သတ်မှတ်ချက်မှာ ပါဝင်ဖို့
လုံလောက်တယ်"

ယန်ယွဲ့သည် သူ၏ ဟာကျူလီယံများကို ငုံ့ကြည့်ပြီးနောက် တစ်ခဏမျှ လေးလေးနက်နက်စဉ်းစားနေပြီး ပြန်သိမ်းလိုက်သည်။ ထို့နောက် သူက ဖုန်းချင်းယီ ကို စူးစူးရဲရဲကြည့်ပြီး "လာ...၊ သိုင်းပညာအဆင့်သတ်မှတ်ချက်ရဲ့အဆင့် ၂၁ ပညာရှင်က ဘယ်လောက်အားကောင်းလဲဆိုတာ ကြည့်ပါရစေ"

ခွမ်း!

သူပြောပြီးသည်နှင့် သွေးတိုင်လုံးတစ်ခုက
ကောင်းကင်အထက်သို့
လွင့်တက်လာပြီးနောက်
ယန်ယဲ့၏လက်ထဲ၌ သွေးဓားတစ်ချောင်း
ပေါ်လာသည်။

ဖုန်းချင်းယီ က သွေးတိုင်လုံးကို
စိုက်ကြည့်ရင်း တခဏတာ
လေးလေးနက်နက် တွေးတောပြီးနောက်

အစိမ်းရောင်အလင်းတန်းတစ်ခုအဖြစ်
ရှေ့သို့ ပြေးတက်လာခဲ့သည်။

ဂျုန်း…ခွပ်…ခွပ်!

တိုက်ပွဲကွင်းပြင်တစ်ခုလုံး ပြင်းထန်စွာ
တုန်ခါသွားပြီးနောက် မရေမတွက်နိုင်သော
အစိမ်းရောင်နှင့် အနီရောင်
စွမ်းအင်လှိုင်းလုံးများက ပတ်ဝန်းကျင်ဆီသို့
လွင့်စင်ထွက်လာခဲ့သည်။ စွမ်းအင်လှိုင်းများ
ဖြတ်သန်းသွားသည့် နေရာတိုင်း

အာကာသဟင်းလင်းပြင်သည် ချက်ချင်း
ကွဲအက်သွားပြီး တိုက်ပွဲမြေပြင်တစ်ခုလုံး
အက်ကွဲကြောင်းများ
ဖုံးလွှမ်းလာခဲ့လေသည်။

ထို့နောက် အဆုံးမရှိနိုင်သော
စွမ်းအင်လှိုင်းလုံးများကြားကနေ
သွေးနီရောင်အလင်းတန်းနှင့်
အစိမ်းရောင်စွမ်းအင်ကြိုးတစ်ချောင်း
လင်းလက်သွားသည်။ အလင်းတန်းနှစ်ခုက
အဆက်မပြတ် တိုက်ခိုက်နေပြီး

တိုက်ပွဲမြေပြင်တစ်ခုလုံး ပြင်းထန်စွာ
တုန်ခါနေသည်။ တိုက်ပွဲမြေပြင်ဟာ
မည်သည့်အချိန်တွင်မဆို
ပြိုကျလာတော့မည်ဟုပင် ထင်ရ၏။
အလွန်ပင် ကြောက်စရာကောင်းသော
မြင်ကွင်းတစ်ခုဟုသာဆိုရပေမည်။

တစ်ချိန်တည်းတွင်
တိုက်ပွဲမြေပြင်သာမကဘဲ တိုက်ပွဲကွင်းပြင်
အပြင်ဖက်ရှိ ရင်ပြင်ကျယ် ပင်လျှင်
ပြင်းထန်စွာ တုန်လှုပ်နေပါသည်။

လီလောင်ကွိုင် နှင့် ရှောင်ပိုင်လီ
တို့လည်းအကြည့်ချင်းဖလှယ်ကြပြီး
တစ်ချိန်တည်းတွင် လက်တစ်ဖက်စီ
ဆန့်ထုတ်လိုက်ကြသည်။ ထိုခဏလေးမှာပဲ
တုန်လှုပ်နေသော ရင်ပြင်ကျယ်ကြီးသည်
နောက်တစ်ကြိမ် ငြိမ်ကျသွားပြီး
တိုက်ပွဲမြေပြင်အတွင်း
အာကာသဟင်းလင်းပြင်သည်လည်း
ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။

ဤအချိန်တွင် တိုက်ပွဲမြေပြင်သည်
သွေးနီရောင်နှင့်
အစိမ်းရောင်အလင်းတန်းများ
မှိတ်တုတ်မှိတ်တုတ်လက်နေဆဲပါ။

နှစ်ယောက်စလုံး တိုက်ခိုက်နေသည်မှာ
အချိန် တစ်နာရီကျော်
ကြာသွားပါပြီ။ သို့သော်လည်း ယန်ယဲ့သည်
ဖုန်းချင်းယီကို ရှုံးနိမ့်သွားခြင်းမရှိသေးပေ။
လူတိုင်း ဤမြင်ကွင်းကြောင့်
အံ့သြနေကြသည်။

ထို့အပြင် ယန်ယဲ့သည်
သူတော်စင်တစ်ပိုင်းအဆင့်သာ ရှိသေး၏။

စာပေပညာရှင်အဖွဲ့ခွဲမှ ပညာရှင်များ၏
မျက်လုံးများတွင် မျှော်လင့်ချက်နှင့်
စိတ်လှုပ်ရှားမှုများ ရှိနေသည်။မှန်သည်၊
ဤအချိန်တွင် သူတို့၏ မျက်လုံးများက
မျှော်လင့်ချက်ရောင်ခြည်များအပြည့်
ရှိနေကြသည်။ယန်ယဲ့သည်
သူတို့ထင်ထားသည်ထက် အများကြီး
ပိုသန်မာပြီး ဖုန်းချင်းယီ ကိုပင်

လက်ရည်တူတိုက်ခိုက်နိုင်ခဲ့သည်။
ဆန့်ကျင်ဖက်အားဖြင့်
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲမှ အဖွဲ့ဝင်များ၏
အမူအရာများသည်
ဆိုးရွားလာခဲ့သည်။ သူတို့လည်း
အလားတူပင် ယန်ယွဲ့သည် ဖုန်းချင်းယီကို
လက်ရည်တူတိုက်ခိုက်နိုင်ဖို့
မထင်ထားခဲ့ကြပေ။

သို့သော်လည်း လီလောင်ကွိုင်၏
အမူအရာသည် အလွန်တည်ငြိမ်နေပြီး

သူ့ပါးစပ်ထောင့်တွင် အေးစက်သော အပြုံးတစ်ခုပင် ရှိနေသည်။

ဤအချိန်တွင် အဘိုးအိုဟုန်ယု၏ မျက်လုံးများသည် စိတ်ဝင်တစားအရိပ်အယောင်များနှင့် ပြည့်နှက်နေပြီး "ဒီလူယန်ယဲ့... သူက ဖုန်းချင်းယီ ကို တကယ်ပဲယှဉ်နိုင်တယ်။ သူတော်စင်တစ်ပိုင်းအဆင့်နဲ့တင် တကယ်ပဲလား။ သောက်ကျိုးနည်း ...."

လင်းယွဲ့ရင်၏ မျက်နှာသည်တော့

ထိတ်လန့်သွားသည် ။ ယန်ယဲ့

အလွန်သန်မာသည်ကို သူမ သိသော်လည်း

သိုင်းပညာအဆင့်သတ်မှတ်ချက်၏ အဆင့်

၂၁ ပညာရှင်ကို

ယှဉ်တိုက်ခိုက်နိုင်သည်ဟုတော့

မထင်ထားခဲ့ ပေ။ ထို့အပြင် သူသည်

သူတော်စင်တစ်ပိုင်းအဆင့် သာ ရှိခဲ့၏။

တစ်နည်းဆိုရသော် ယန်ယဲ့၏ ခွန်အားက

သိုင်းပညာအဆင့်သတ်မှတ်ချက်သို့

ဝင်နိုင်ပြီ ဆိုနိုင်သည်။

လင်းယွဲ့ရင်က ခဏတာလေးလေးနက်နက်စဉ်းစားပြီးနောက် ရှောင်ယုရှီကို ကြည့်ကာ "ယုရှီ၊ နင်က တကယ်ပဲ သူ့ဇနီးအမှန်လား"

ရှောင်ယုရှီက အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။ တစ်ချိန်တည်းတွင် လင်းယွဲ့ရင်က ဆက်ပြောခဲ့သည် "နင့်ရဲ့မှတ်ဉာဏ်တွေ ဆုံးရှုံးသွားပြီဆိုတာ နင်သိထားသင့်တယ်။ တစ်နည်းပြောရရင်

နှင့်မှတ်ဉာဏ်တွေမဆုံးရှုံးခင်မှာ တကယ်ပဲ သူ့ဇနီးဖြစ်ခဲ့တာ ဖြစ်နိုင်တယ်”

၁၃၈၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၈၀ - ပြင်းထန်လွန်းသောတိုက်ပွဲ

ရှောင်ယုရှီက "အကြီးအကဲလင်း၊ ဘာပြောချင်နေတာလဲ"

လင်းယွဲ့ရင်က "ယုရှီ၊ မိုယွန်ထျန်းက သမင်ဖြူအကယ်ဒမီရဲ့ ကျောင်းသားတစ်ယောက်သာ မဟုတ်ဘူး။ သူက မဟာကလန်ကြီး(၄)ခုထဲက မိုကလန်ရဲ့အဖွဲ့ဝင်တစ်ယောက်ဆိုတာ နင်လည်းသိထားမှာပါ။ယန်ယဲ့က တကယ်မဆိုးဘူးဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ဘာဖြစ်လဲ။ သူက နောက်ခံမရှိတဲ့

လေလွင့်ကျင့်ကြံသူတစ်ယောက်ပဲလေ။
မိုကလန် သာ သူ့ကိုသတ်ချင်ရင်
သမင်ဖြူအကယ်ဒမီက သူ့ကို
ကာကွယ်နိုင်မယ်လို့
ထင်လား။ နှစ်ပိုင်းမကွဲခင်
သမင်ဖြူအကယ်ဒမီ ဆိုရင်တော့
ဖြစ်နိုင်တယ်။ လက်ရှိ စာကေပညာရှင်အဖွဲ့
အတွက်တော့ ဟားဟား...
သူတို့တောင်ဒုက္ခရောက်ခါနီးနေပြီ"

ရှောင်ယုရှီက လင်းယွဲ့ရင် ကို
တစ်ချက်ကြည့်လိုက်ပြီး "အကြီးအကဲလင်း၊
လူတစ်ယောက်ဟာ သူ့ရဲ့
ကန့်သတ်ချက်တွေကို
သိသင့်တယ်။ မဟုတ်ရင် အဲဒီလူ
သေသွားနိုင်တယ်”

လင်းယွဲ့ရင်၏ မျက်နှာသည် ချက်ချင်းပင်
မည်းမှောင်လာပြီး ရှောင်ယုရှီ အေးစက်စွာ
စိုက်ကြည့်ကာ စကားတစ်ခွန်းမှ
မပြောတော့ပေ။

သို့သော် ရှောင်ယုရှီက လင်းယွဲ့ရင် ကို အာရုံမစိုက်တော့ဘဲ တိုက်ပွဲမြေပြင်ဆီသို့ စူးစူးရဲရဲစိုက်ကြည့်နေသည်။

ဤအခိုက်အတန့်တွင် သူမသည် တိုက်ပွဲမြေပြင်တွင် အဆက်မပြတ်လင်းလက်နေသည့် သွေးနီရောင်အလင်းတန်းနှင့် အစိမ်းရောင်အလင်းတန်းများကိုသာ မြင်နေရသည်။ အရှိန်က

အလွန်လျင်မြန်သဖြင့် နှစ်ယောက်စလုံးကို မတွေ့ရတော့ပေ။

ဘမ်း!

တိုက်ပွဲမြေပြင်တွင် ကျယ်လောင်သော ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက် သွေးနီရောင်အလင်းနှင့် အစိမ်းရောင်အလင်းတန်းတို့က နောက် မီတာ ၅၀၀ ကျော်အကွာသို့ အသီးသီး ကန်ထွက်လာကြသည်။

အချိန်တော်တော်ကြာပြီးနောက်
လူတိုင်းဟာ ယန်ယဲ့ နှင့် ဖုန်းချင်းယီ
တို့၏ပုံရိပ်များကို
ပြန်မြင်တွေ့လိုက်ကြသည်။

သူတို့မြင်လိုက်ရသော မြင်ကွင်းကြောင့်
စာပေပညာရှင်အဖွဲ့ခွဲမှ လူတိုင်း၏
မျက်နှာက သိသိသာသာ မှိန်ကျသွားခဲ့သည်။
အခြားတစ်ဖက်တွင်တော့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲ၏

အဖွဲ့ဝင်များက ဝမ်းမြောက်ဝမ်းသာ
ဖြစ်ခဲ့ကြသည်။

အကြောင်းကတော့ ယန်ယဲ့၏
ခန္ဓာကိုယ်ဟာ ဒဏ်ရာများစွာဖြင့်
ဖုံးလွှမ်းနေပြီး ဒဏ်ရာများမှ သွေးများ
တဖြည်းဖြည်း စိမ့်ထွက်နေသောကြောင့်ပါ။
အဆုံးတွင် တစ်စက်စက်စီးကျနေသော
သွေးများက သူ့လက်ထဲမှာ
ဆုပ်ကိုင်ထားသည့် သွေးဓား
ထဲသို့စီးဝင်သွားသည်။

ဖုန်းချင်းယီ ကတော့ မည်သည့်ဒဏ်ရာမှ

မရှိခဲ့ဘဲ တိုက်ပွဲအား

အပြင်းအထန်တိုက်ခိုက်ခဲ့ရပုံမပြပေ။

ယန်ယဲ့ သာလျှင် အတော်လေးဆိုးရွားသော

အခြေအနေတွင် ရှိနေခဲ့သည် ။

လင်းယွဲ့ရင်၏ ပါးစပ်ထောင့်တွင်

အေးစက်သော အပြုံးတစ်ခု

ချက်ချင်းဆိုသလို ပေါ်လာပါတော့သည်။

ဤအခိုက်အတန့်တွင် သူမစိတ်ထဲ ယန်ယဲ့
သေဆုံးသွားဖို့ ဆုတောင်းနေလေသည်။

...

တိုက်ပွဲမြေပြင်...။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒက
တဖြည်းဖြည်းပြန်ကျုံ့လာပြီး ယန်ယဲ့၏
ခန္ဓာကိုယ်ထဲ ပြန်ဝင်သွားကာ သူ့လက်ထဲရှိ
သွေးဓား လည်း ပျောက်ကွယ်သွားသည်

။သိပ်မကြာခင်မှာပဲ ယန်ယဲ့သည်
ပုံမှန်အတိုင်းပြန်ဖြစ်သွားခဲ့သည်။

ထို့နောက် ဖုန်းချင်းယီ ကို စူးစိုက်ကြည့်ကာ
သူ့မျက်လုံးများတွင် အလွန်လေးနက်သော
အမူအရာ ရှိနေသည်။ သူသည်
ကောင်းကင်အုတ်ဂူ၊ ဓားစိတ်ဆန္ဒ နှင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ တို့ကို
ပေါင်းစပ်အသုံးပြုခဲ့သော်လည်း ဖုန်းချင်းယီ
အား မယှဉ်နိုင်ခဲ့ပေ။ ဖုန်းချင်းယီ ကို

ဒဏ်ရာမရစေရုံသာမကဘဲ သူကိုယ်တိုင်ပင်
ပြန်ပြီး ဖိနှိပ်ခံခဲ့ရသည်။

အရေးကြီးဆုံးအပိုင်းက ဖုန်းချင်းယီ ဟာ
ခွန်အားကို အပြည့်အဝအသုံးမချခဲ့ပေ။

ဤအချိန်တွင် ဖုန်းချင်းယီ က
ခေါင်းကိုမော့ကာ ကောင်းကင်ဆီသို့
မျှော်ကြည့်လိုက်သည်။ အချိန်အနည်းငယ်
ကြာကြည့်နေပြီးနောက် ယန်ယွဲ့ ကို
ပြန်စိုက်ကြည့်ကာ

“အချိန်နောက်ကျနေပြီ။ တစ်ချက်တည်းနဲ့ရ
လာဒ်ကိုဆုံးဖြတ်မယ်။ ဒါဆို ဘယ်လိုလဲ...၊
ငါတို့ ဒီအတိုင်းလုပ်ကြမလား"

ယန်ယဲ့က "ငါတို့က ဒီတစ်ကြိမ်မှာ
သေခြင်းရှင်ခြင်း ဆုံးဖြတ်မှာလား"

ဖုန်းချင်းယီက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
"ငါ့ရဲ့ကျင့်ကြံမှုအဆင့်က မင်းထက်
ပိုမြင့်တယ်။ ဒါကြောင့် ဒီတိုက်ပွဲမှာ မင်းကို

အနိုင်ကျင့်နေတယ်လို့
ယူဆလို့ရတယ်။ ဒါကို
ငါတို့ဘယ်လိုလုပ်မလဲ။ ငါ့ရဲ့နောက်ဆုံးလှုပ်
ရှားမှုကို မင်းခုခံနိုင်ရင်
ငါအရှုံးလို့သတ်မှတ်လိုက်တာပေါ့"

ယန်ယဲ့က အနည်းငယ်အံ့သြသွားပုံဖြင့်
"မင်းကိုယ်မင်း ဒီလောက်ယုံကြည်မှုရှိ
တာလား"

"ယုံကြည်မှုဆိုတာ ခွန်အားကနေ လာတာပါ" ဖုန်းချင်းယီ က "ငါ့မှာ ဒီလောက် ခွန်အားတွေ ရှိတယ် မဟုတ်လား"

ယန်ယဲ့သည် ဖုန်းချင်းယီ ကို ခဏတာ စိုက်ကြည့်ပြီးနောက် ခေါင်းညိတ်ပြလိုက်သည် "ကောင်းပြီလေ...၊ ဒါဆို လာ....။ မင်းငါ့ကို တစ်ချက်တည်းနဲ့ ဘယ်လိုသတ်မလဲ ငါကြည့်ရအောင်"

ဖုန်းချင်းယိုက အသာအယာ

ခေါင်းညိတ်ပြပြီးနောက်

သူ၏ကျောက်စိမ်းပုလွေကို

ဆုပ်ကိုင်လိုက်ပြီး

စတင်တီးမှုတ်လိုက်သည်။

သိပ်မကြာလိုက်ပါ၊

အလွန်သာသာလှပသော ပုလွေသံက

တိုက်ပွဲမြေပြင်တစ်လျှောက်

ပျံ့လွင့်လာပါတော့သည်။

ဤပုလွေသံကို ကြားလိုက်စဉ်
ရှောင်ပိုင်လီ၏
အမူအရာကသိသိသာသာပြောင်းလဲသွားပြီး
"ဟင်းလင်းပြင်နဲ့
သမုဒ္ဒရာကိုဖြတ်ကျော်ခြင်း။ ယန်ယဲ့...
သတိထား"

"ဟားဟား! သမုဒ္ဒရာကိုဖြတ်ကျော်ခြင်း"
လီလောင်ကွိုင်က ရှုံးသွပ်စွာ ရယ်မောကာ
ရယ်မောရင်း ပျော်ရွှင်မှုများနှင့်
ပြည့်နေခဲ့သည်။

ယန်ယဲ့ သေဆုံးဖို့က
သေချာသလောက်ရှိနေပြီမဟုတ်ပါလား။

ဤအချိန်တွင် ယန်ယဲ့သည်
သူ၏ညာဖက်လက်သီးကို ဖြည်းဖြည်းချင်း
ဆုပ်ထားလိုက်သည်။ ထိုခဏလေးမှာပဲ
သူ့ခန္ဓာကိုယ်တစ်ခုလုံးဆီမှ ခွန်အားများက
တဟုန်ထိုးရုန်းကြွလာပြီး ညာဖက်လက်သီး
ထဲသို့ ဝင်ရောက်လာပါတော့သည်။

"သမုဒ္ဒရာကိုဖြတ်ကျော်ခြင်းတေးသံသာ..."

အဘိုးအိုဟုန်ယု၏ အမူအရာသည်လည်း လေးနက်သွားသည်။ သူလည်း ဤ ပုလွေတေးသံ(ပုလွေသံစဉ်)ကို ကောင်းကောင်းကြားဖူးထား၏။ "သမုဒ္ဒရာကို ဖြတ်ကျော်ခြင်းတေးသံသာ"က သမင်ဖြူအကယ်ဒမီ၏ တည်ထောင်သူ ရှောင်ဝူချင်း ဖန်တီးခဲ့သော အင်ပါယာအဆင့်

နည်းစနစ်တစ်ခုဖြစ်သည်။ထို့အပြင်
၎င်းသည်
သာမာန်အင်ပါယာအဆင့်နည်းစနစ်မဟုတ်
ပါ၊ အဆင့်မြှင့်တင်နိုင်သော
နည်းစနစ်တစ်ခုပင်ဖြစ်လေသည်။
တစ်နည်းဆိုရသော် နည်းစနစ်ကို
အတိုင်းအတာတစ်ခုအထိ မြှင့်တင်နိုင်ပြီး
စွမ်းအားကလည်း အကန့်အသတ်မရှိပေ။

တေးသံ(သံစဉ်)၏ စွမ်းအားက
အသုံးပြုသူ၏ စွမ်းရည်ပေါ်တွင်
လုံးဝမူတည်ပါသည်။

တစ်နည်းဆိုရသော်
အင်ပါယာတစ်ပိုင်းအဆင့်ကိုပင် ခြိမ်း
ခြောက်နိုင်သော နည်းစနစ်(သံစဉ်)ဟု
ဆိုရပေမည်။

ပုလွေတီးမှုတ်သံ(ပုလွေသံ)နှင့်အတူ
သာယာလှသော သံစဉ်လှိုင်းတစ်ခုက
ပတ်ဝန်းကျင်သို့ ပျံ့လွင့်နေကာ နေရာအနှံ့
ပဲ့တင်ထပ်နေသည်။

အစတွင် အသံလှိုင်းက
ငြိမ်သက်နေသော်လည်း
ရုတ်ချည်းဆိုသလိုပင် မြန်ဆန်လာပြီး
ပြင်းထန်လာပါတော့သည်။ ထို့နောက်တွင်
တော့ တိုက်ပွဲမြေပြင်တွင်
ထိတ်လန့်တုန်လှုပ်ဖွယ်ရာ မြင်ကွင်းတစ်ခု

ပေါ်လာသည်။ တိုက်ပွဲမြေပြင်တစ်လျှောက်
လုံးမှ မြေပြင်နှင့်
အာကာသဟင်းလင်းပြင်ဟာ
အပိုင်းပိုင်းကွဲအက်စပြုလာခြင်းပင်။

ဤအချိန်တွင် လီလောင်ကွိုင်၏
အကြည့်သည် ရှောင်ပိုင်လီ
အပေါ်သို့ကျဆင်းသွားသည်။ သူက
သတိအပြည့်ဖြင့် ရှောင်ပိုင်လီ
တိုက်ခိုက်လာပါက တုံ့ပြန်နိုင်ရန်
အသင့်ပြင်ထားလေသည်။

...

တိုက်ပွဲမြေပြင်အတွင်းပိုင်း...။

သေခြင်းတရားကို ယူဆောင်လာပုံရသည့်
ပုလွေသံ(အသံလှိုင်း)ကို
ခံစားလိုက်ရသောအခါ ယန်ယွဲ့၏
မျက်လုံးများတွင်
ရက်စက်ကြမ်းကြုတ်မှုများတောက်ပလာခဲ့
သည်။ ခဏအကြာတွင် သူ့ခန္ဓာကိုယ်က
အလင်းတန်းတစ်ခုအလား ရှေ့သို့

တိုက်ရိုက်ပြေးထွက်သွားလေသည်။ ဤအချိန်တွင် သူ့ခန္ဓာကိုယ်ဟာ ဓားများဖြင့် လှီးဖြတ်ထားသကဲ့သို့ပင်၊ သူ့မျက်နှာနှင့် တစ်ကိုယ်လုံး အစင်းရာများ ပေါ်လာပါသည်။ အချိန်အနည်းငယ်အတွင်း မှာပဲ ယန်ယဲ့ဟာ ခန္ဓာကိုယ်တစ်ခုလုံး သွေးများဖြင့် ဖုံးလွှမ်းသွားပါတော့သည်။

"ချိုးဖျက်စမ်း" ယန်ယဲ့သည် ဖုန်းချင်းယီနှင့် ၅ မီတာခန့်အကွာရောက်လာပြီးနောက် ရပ်လိုက်ပြီး ဒေါသတကြီးအော်ကာ

သူ၏လက်သီးကို ရှေ့တည့်တည့်သို့
အားကုန်ထိုးချလိုက်တော့သည်။

ယန်ယဲ့၏ လက်သီးချက်ကနေ
လောကတစ်ခုလုံးအား ဖျက်ဆီးပစ်နိုင်သော
အဖျက်စွမ်းအားများ ထွက်ပေါ်လာပါသည်။

ဂျိန်း!

အလွန်တရာကျယ်လောင်လှသော
ပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာပြီး

တိုက်ပွဲမြေပြင်တစ်ခုလုံးဟာ
အပိုင်းပိုင်းကွဲအက်သွားခဲ့လေသည်။ တစ်ချိ
န်တည်းမှာပင်
တိုက်ပွဲကွင်းပြင်ကြီးတစ်ခုလုံးလည်း
ချက်ချင်းပင်
အမှုန့်ဖြစ်သွားတော့သည်။ ထို့နောက်
တိုက်ပွဲကွင်းပြင်အလယ်ကနေ
ကြောက်မက်ဖွယ်ကောင်းသော
စွမ်းအင်လှိုင်းလုံးကြီး ၂ လုံး လွင့်စင်လာပြီး
အပြင်ဖက်ရှိ မြေပြင်နှင့်

အာကာသဟင်းလင်းပြင်သည်လည်း
ကွဲအက်သွားသည်။

ဤမြင်ကွင်းကြောင့် တိုက်ပွဲကို
စောင့်ကြည့်နေသည့် လူတိုင်းလိုလို
အံ့သြသွားကြသည်။

ဤအခိုက်တွင် ရောမလက်ဝါးကြီးတစ်ဖက်
ပေါ်လာပြီး
ကောင်းကင်တာအို၏ဉပဒေသများ
စီးထွက်လာကာ ကွဲအက်နေသော

အာကာသဟင်းလင်းပြင်ကို
ချက်ချင်းပြန်ပိတ်ဆို့သွားခဲ့သည်။

ဤအခိုက်အတန့်တွင် လူတိုင်းလိုလို
အံ့အားသင့်တုန်လှုပ်နေကြလေသည်။

ဤအရာအားလုံးသည်
သူတော်စင်တစ်ပိုင်းအဆင့် နှင့်
သိုင်းသူတော်စင်တစ်ယောက်ကြားက
တိုက်ပွဲကြောင့် ဖြစ်ပေါ်လာခြင်းပင်။

အင်ပါယာတစ်ပိုင်းအဆင့် ၂ ပါး
ပူးပေါင်းဖန်တီးထားသည့်
တိုက်ပွဲမြေပြင်သည်ပင် ယန်ယဲ့ နှင့်
ဖုန်းချင်းယီ တို့၏ တိုက်ခိုက်မှုကို
ခုခံနိုင်စွမ်းမရှိခဲ့ပေ။ ဖုန်းချင်းယီသည်
နဂိုကတည်းက
မဟာပါရမီရှင်တစ်ဦးဖြစ်သည်။ သူ၏
တိုက်ခိုက်မှုက "သမုဒ္ဒရာဖြတ်ကျော်ခြင်း
တေးသံသာ" ကဲ့သို့
အင်ပါယာအဆင့်နည်းစနစ်ကိုထုတ်ဖော်ခဲ့

သည့်အပြင်၊ သူပိုင်ဆိုင်ထားသည့်
ခွန်အားကို သိသာထင်ရှားစေသည်။

သို့သော်လည်း ယန်ယဲ့က
မည်သည့်နည်းစနစ်ကို အသုံးပြုခဲ့သနည်း။
သူက အင်ပါယာအဆင့်နည်းစနစ်ကို
အသုံးပြုခဲ့လျှင်ပင်
သူတော်စင်တစ်ပိုင်းအဆင့်သာဖြစ်သည်မ
ဟုတ်လော။

ဤအချိန်တွင် လူတိုင်းဟာ စွမ်းအင်မုန်တိုင်းများဖုံးလွှမ်းနေသည့် ရင်ပြင်၏အလယ်ဗဟိုသို့ စူးစူးစိုက်စိုက် ကြည့်နေကြသည်။ နောက်ဆုံးတွင် ယန်ယဲ့ နှင့် ဖုန်းချင်ယီ တို့၏ တိုက်ပွဲရလာဒ်ဟာ အဖွဲ့နှစ်ဖွဲ့၏ အနာဂတ်နှင့် ဆက်စပ်နေခဲ့သည်။

"ဘယ်သူတွေ ကျန်ခဲ့မှာလဲ ဘယ်သူက ထွက်သွားမှာလဲ ဒါမှမဟုတ် ဘယ်သူက ကံဆိုးမှာလဲ"

အချိန်သိပ်မကြာလိုက်ဘဲ စွမ်းအင်မုန်တိုင်းက ဖြည်းညှင်းစွာ လွင့်ပြယ်လာသည်။ ထို့နောက်တွင် ယန်ယွဲ့ နှင့် ဖုန်းချင်းယီ တို့၏ပုံရိပ်များက လူတိုင်းရှေ့တွင် ပေါ်လာခဲ့သည်။

"ကြယ်တာယာစွမ်းအင်နည်းစနစ်" တစ်စုံတစ်ယောက်က အလိုလို အော်ဟစ် လိုက်လေသည်။ ထိုအသံကြောင့် လူတိုင်း၏အကြည့်များသည် ယန်ယွဲ့

အပေါ်သို့ တပြိုင်တည်း
ကျဆင်းသွားတော့သည်
။ ဤအခိုက်အတန့်တွင် ယန်ယဲ့၏
ခန္ဓာကိုယ်ဟာပါးလွှာသော
အပြာရောင်စွမ်းအင် အတားအဆီးတစ်ခု
ရှိနေလေသည်။ သို့သော်လည်း
အတားအဆီးသည် အက်ကြောင်းများဖြင့်
ဖုံးလွှမ်းထားကာ
လုံးဝမရှိသလောက်နီးအားပင်။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၈၁ - အနိုင်ရခြင်း

"သူက ကြယ်တာယာစွမ်းအင်နည်းစနစ်ကို အောင်မြင်အောင်လေ့ကျင့်နိုင်ခဲ့တယ်"

အံ့သြတကြီးအော်သံများက
ပတ်ဝန်းကျင်တစ်ခုလုံး
ကျယ်လောင်လာပါတော့သည်။

ကြယ်တာယာစွမ်းအင်နည်းစနစ်က
သမင်ဖြူအကယ်ဒမီ၏ နာမည်ကျော်
နည်းစနစ်တစ်ခုဖြစ်ခဲ့သည်။
အကြောင်းကတော့ သမင်ဖြူအကယ်ဒမီ၏
ရှားပါးနည်းစနစ်တစ်ခု ဖြစ်သည့်အပြင်
ကြယ်တာယာစွမ်းအင်ကို
စုပ်ယူပြီးလေ့ကျင့်ရသောကြောင့်ပါ။

အရေးကြီးဆုံးအချက်က
အရှုးတစ်ယောက်ဖြစ်မှသာ
ကြယ်တာယာစွမ်းအင်နည်းစနစ်ကို
ကျင့်ကြံပါလိမ့်မည်။ အဆင့်မြင့်ပညာရှင်
သို့မဟုတ်
ထူးခြားသောစွမ်းရည်ပိုင်ဆိုင်ထားသူပင်လျှ
င် ကြယ်တာယာစွမ်းအင်၏
တန်ပြန်ရိုက်ခတ်မှုကို မခုခံနိုင်ပေ။

တစ်နည်းဆိုရသော်
ကြယ်တာယာစွမ်းအင်နည်းစနစ်က

လူသားတစ်ယောက်အနေနှင့်
လေ့ကျင့်နိုင်သောအရာမဟုတ်ချေ။
သို့သော်လည်း ယန်ယဲ့ကအောင်မြင်ခဲ့သည်။

တုန်လှုပ်ခြောက်ခြားသွားသည့်
တစ်ချိန်တည်းမှာပင် လူတိုင်း
စူးစမ်းလိုစိတ်လည်း ရှိခဲ့ကြသည်။
ထိုအရာက လက်ရှိတွင် မည်သူမျှ
ကြယ်တာယာစွမ်းအင်နည်းစနစ်ကို
အာရုံမစိုက်အားပေ။ အားလုံးက
တိုက်ပွဲရလာဒ်ကိုသာ သိချင်နေကြ၏။

ယခုမြင်နေရသည့်အတိုင်းဆိုလျှင်
ဖုန်းချင်းယီ က
အသာစီးရနေပါသည်။ အကြောင်းကတော့
ယန်ယဲ့သည် ဆိုးဆိုးရွားရွားပုံစံဖြစ်နေပြီး
ဖုန်းချင်းယီ က အစောပိုင်းကလိုသာ
တည်ငြိမ်နေသောကြောင့်ပါ။

ခဏတာ တိတ်ဆိတ်သွားပြီးနောက်
ဖုန်းချင်းယီက သူ့လက်ထဲမှာကိုင်ထားသည့်
ကျောက်စိမ်းပုလွေကို ရုတ်တရက်

စိုက်ကြည့်လိုက်သည်။ ဤအချိန်တွင်
ကျောက်စိမ်းပုလွေတွေဟာ
အစိတ်စိတ်အမြွှာမြွှာဖြစ် သွားပြီး
မြေပြင်ပေါ်သို့ ကျသွားပါတော့သည်။

ဤမြင်ကွင်းကို မြင်လိုက်သောအခါ
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲမှ
လူတိုင်း၏အမူအရာများသည်
မြင်မကောင်းလောက်အောင်ကို
ဖြစ်သွားကြသည်။

ဖုန်းချင်းယီက မြေပြင်ပေါ် ရှိ

ပုလွေအပိုင်းအစများကို စိုက်ကြည့်ရင်း

"ငါ့အနားမှာ

အချိန်အကြာကြီးရှိနေပြီးတဲ့နောက်မှာ

မင်းက ဒီမှာ တကယ်ပဲပျက်စီးလိမ့်မယ်လို့

ငါဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ဘူး"

သူပြောပြီးသည်နှင့် ခေါင်းမော့ကာ

ယန်ယဲ့ကိုကြည့်လိုက်ပြီး "မင်းငါ့ကို

တကယ်အံ့သြသွားစေတယ်။ကြယ်တာယာ

စွမ်းအင်နည်းစနစ်ကို

အောင်မြင်ထားရုံတင်မကဘူး၊ ခွန်အားကိုပါ
အတိုင်းအတာတစ်ခုအထိ
ထိန်းချုပ်ထားနိုင်တယ်။ ကံမကောင်းစွာနဲ့ပဲ
မင်းက သူတော်စင်တစ်ပိုင်းအဆင့်ပဲ
ရှိနေသေးတယ်။
တကယ်လို့ မင်းသာငါနဲ့အဆင့်တူဖြစ်နေရင်
မင်းရဲ့လက်သီးချက်ကို
ငါခုခံနိုင်မှာမဟုတ်ဘူး"

စကားပြောပြီးသည်နှင့် တပြိုင်နက်
သူ့ပါးစပ်ထောင့်မှ သွေးများ တဖြည်းဖြည်း

စိမ့်ထွက်နေသည်ကို လူတိုင်း
အံ့သြစွာမြင်တွေ့လိုက်ကြသည်။

ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲ၏
အဖွဲ့ဝင်များနှင့် အထူးသဖြင့်
လီလောင်ကွိုင်၏ မျက်နှာက ချက်ချင်းပင်
မှိုင်းညို့သွားပါတော့သည်။

ယန်ယွဲ့သည် သူ့ခန္ဓာကိုယ်ပေါ် ရှိ
ဒဏ်ရာများကို တစ်ချက်ကြည့်လိုက်ပြီး
ခဏအကြာတွင် ဖုန်းချင်းယီ ကို

ပြန်စိုက်ကြည့်ကာ "မင်းလည်း အတူတူပါပဲ။ ငါ့ကို အတော်လေး အံ့သြသွားစေတယ်" ပြောပြီးသည်နှင့် သက်ပြင်းချလိုက်သည်။ အမှန်တော့ ဖုန်းချင်းယီ၏ ခွန်အား သူထင်ထားသည်ထက် ကျော်လွန်သွားသည်။အကယ်၍သာ အရေးကြီးသောအခိုက်အတန့်တွင် ကြယ်တာယာစွမ်းအင်နည်းစနစ်ကို မထုတ်ဖော်မိပါက ဒဏ်ရာအနည်းငယ်ဖြင့် လွတ်မြောက်နိုင်မည်မဟုတ်ပေ။

ဖုန်းချင်းယီ အစောပိုင်းက

လုပ်ဆောင်ခဲ့သော

"သမုဒ္ဒရာကိုဖြတ်ကျော်ခြင်းတေးသံသာ"က

သူ၏ ရုပ်ခန္ဓာအကာအကွယ်ကို

ချိုးဖျက်ပစ်ခဲ့သည်။ သို့သော်လည်း

တစ်ချိန်တည်းမှာပင် ဖုန်းချင်းယီက သူ၏

အဆုံးအစွန်သောနိယာမကိုပါ

ခုခံနိုင်ခဲ့လေသည်။ ပြောစရာမလိုအောင်ပါ

ဘဲ၊ ဖုန်းချင်းယီက သံသယမရှိ

သန်မာလွန်း၏။ တစ်ဆက်တည်း

ယန်ယဲ့အတွက်
သိုင်းပညာအဆင့်သတ်မှတ်ချက်
အကြောင်း
ဉာဏ်အလင်းပွင့်သွားစေခဲ့သည်။

သိုင်းပညာအဆင့်သတ်မှတ်ချက်က
အမှန်ပင် လုံး၀ကို
ကြောက်စရာကောင်းလွန်းသည်မဟုတ်ပါ
လား။

ဖုန်းချင်းယီက

သိုင်းပညာအဆင့်သတ်မှတ်ချက်၏ အဆင့်

၂၁ ပညာရှင် ဖြစ်သော်လည်း

ဤမျှကြောက်စရာကောင်းသော ခွန်အားကို

ပိုင်ဆိုင်ထားသည်။ ထိုသို့ဆိုလျှင် အဆင့် ၂၀

အတွင်း သို့မဟုတ် ထိပ်တန်းအဆင့် ၁၀

ယောက်က

မည်မျှကြောက်စရာကောင်းပါမည်နည်း။

"ငါရှုံးသွားပြီ" ဤအခိုက်အတန့်တွင် ဖုန်းချင်းယီ၏ တည်ငြိမ်သောမသံက ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။

ဖုန်းချင်းယီ အရှုံးဝန်ခံလိုက်သော အသံကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးဟာ စွမ်းအင်လုံးကြီးတစ်လုံးပေါက်ကွဲသွားသကဲ့သို့ပင် ဆူညံသံများ ဆက်တိုက်ထွက်ပေါ်လာပါတော့သည်။

စာပေပညာရှင်အဖွဲ့ ခွဲ သို့မဟုတ်
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲပင်ဖြစ်စေ
အားလုံးက ဖုန်းချင်းယီ ကို
ကြည့်နေကြသည်။

"မဟုတ်ဘူး၊
မင်းမရှုံးသေးဘူး" ဤအချိန်တွင်
လီလောင်ကွိုင်က ရုတ်တရက်
ဒေါသတကြီးအော်ဟစ်လိုက်လေသည်
“မင်း ဘယ်လိုနည်းနဲ့
ရှုံးသွားတာလဲ။ဒီယန်ယွဲ့က

ထင်းရှူးစိမ်းရင်စုကနေလာတဲ့
ပုရွက်ဆိတ်တစ်ကောင်ပဲလေ။ မင်း သူ့ကို
ဘယ်လို
ရှုံးနိုင်မလဲ။ တိုက်ပွဲ! ဆက်ပြီးတိုက်ခိုက်ပါ။
သူ့ကိုသတ်! ငါသူ့ကိုသတ်ပစ်မယ်လို့ပြောခဲ့
တယ်”

ယန်ယဲ့သည် လီလောင်ကွိုင်အား
လူသတ်ချင်စိတ်အပြည့်အကြည့်များဖြင့်
စိုက်ကြည့်လိုက်သည် "ဒီလူအိုကြီးက
အခုထိ ငါ့ကိုသတ်ချင်နေသေးတာလား"

ယန်ယဲ့သည် လီလောင်ကွိုင်ကို အေးစက်စွာ ကြည့်လိုက်ပြီးနောက် ဖုန်းချင်းယီ ကို စိုက်ကြည့်ကာ ပြောလိုက်၏ "ဒီဝက်အိုကြီး ပြောတာ မှန်ပါတယ်။ မင်းမရှုံးသေးဘူး"

ဖုန်းချင်းယီက ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "မင်းက သူတော်စင်တစ်ပိုင်းအဆင့်နဲ့ ငါ့ကို လက်ရည်တူ တိုက်ခိုက်ခဲ့တယ်။ ငါရှုံးသွားပြီ။ ဒါ့အပြင်

မင်းငါ့ရဲ့တိုက်ခိုက်မှုကို ခုခံနိုင်မယ်ဆိုရင် ငါရှုံးတယ်ဆိုတာ ဝန်ခံမယ်လို့ ပြောခဲ့တယ်။ မင်းလုပ်နိုင်ပြီဆိုတော့ ငါရှုံးသွားပြီ"

ဤအချိန်တွင် သူက လီလောင်ကွိုင် ကို လှည့်ကြည့်ကာ "အုပ်ချုပ်ရေးမှူးလီ၊ မင်းဟာ လွန်ခဲ့တဲ့ နှစ်တွေကတည်းက ငါ့ကို ကယ်တင်ခဲ့ပြီး စာပေပညာရှင်အဖွဲ့ခွဲကို ဝင်ရောက်နိုင်ဖို့ စီစဉ်ပေးခဲ့တယ်။ ဒါကြောင့် လက်ရှိ အောင်မြင်မှုတွေ

ရခဲ့တယ်။ မင်းအပေါ်မှာတင်ထားတဲ့
အကြွေးတွေကို ငါဘယ်တော့မှ
မမေ့ဘူး။ ဒီနေ့ စာပေပညာရှင်အဖွဲ့ ခွဲကို
အစွမ်းကုန်တိုက်ခိုက်ဖို့ ကူညီပေးခဲ့တယ်။
အစွမ်းကုန်ကြိုးစားပေမဲ့
ကျရှုံးသွားတာကတော့ မတတ်နိုင်ဘူး၊
ဘာပဲဖြစ်ဖြစ် ငါ့အသိစိတ်က ရှင်းနေတယ်"

ထို့နောက် သူက ရှောင်ပိုင်လီ
ဖက်ကိုလှည့်ကြည့်ကာ "ဌာနမှူးရှောင်၊

စာပေပညာရှင်အဖွဲ့ ခွဲဟာ ငါ့အပေါ်
ဘယ်တုန်းကမှ မတရားမဆက်ဆံဖူးပေမဲ့
ဒီနေ့ ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲကို
ငါကူညီပေးခဲ့တယ်။ ဒါက
မမှန်ဘူး။ ဒီနေ့ကစပြီး စာပေပညာရှင်အဖွဲ့ ခွဲ
ဆီက သင်ယူခဲ့ရတဲ့ အရာတွေကို
ဘယ်တော့မှ အသုံးမချတော့ဘူးလို့
ကတိပေးတယ်”

စကားပြောပြီးသည်နှင့် ပတ်ဝန်းကျင်မှ
လူတိုင်းကို တစ်ချက်ကြည့်လိုက်ပြီး

"ငါဖုန်းချင်းယီက
သမင်ဖြူအကယ်ဒမီကနေ
နုတ်ထွက်တော့မယ်လို့ ဒီနေ့
ကြေငြာလိုက်ပါတယ်။ ငါဟာ
ဒီအချိန်ကစပြီး သမင်ဖြူအကယ်ဒမီရဲ့
ကျောင်းသားမဟုတ်တော့သလို
သမင်ဖြူကယ်ဒမီရဲ့ကိစ္စတိုင်းဟာ
ငါနဲ့မသက်ဆိုင်တော့ဘူး။ ဒါ့အပြင်
ဒီနေ့ကစပြီး ငါလုပ်သမျှဟာ
သမင်ဖြူအကယ်ဒမီနဲ့
မသက်ဆိုင်ဘူးဆိုတာ ပြောပါရစေ”

ထိုစကားပြောပြီးသည်နှင့် သူ၏ညာခြေကို
တစ်ချက်ဆောင့်ကာ
အစိမ်းရောင်အလင်းတန်းတစ်ခုအသွင်ဖြင့်
ကောင်းကင်ထက်သို့
ပျောက်ကွယ်သွားသည်။

"မင်းထွက်သွားလို့မရဘူး" လီလောင်ကွိုင်
က ဒေါသတကြီးအော်ဟစ်ကာ
သူ၏ညာလက်ကို
ဆန့်ပြီးကုတ်ဆွဲလိုက်သည်။

ဘမ်း!

ကောင်းကင်ယံအထက်၌
အစိမ်းရောင်အလင်းတန်းများ
ရုတ်ချည်းထွက်ပေါ်လာပြီး
ရောမလက်သည်းကြီးနှင့်
တိုက်မိသွားသည်။ လက်သည်းကြီးက
ပြင်းထန်စွာတုန်ခါသွားပြီး
နောက်ပြန်လွင့်လာကာ ဖုန်းချင်းယီလည်း
ချက်ချင်း ပျောက်ကွယ်သွားခဲ့သည်။

"ဘယ်လိုလူမိုက်တွေလဲ" အဘိုးအိုဟုန်ယု

က မနေနိုင်ဘဲ ကျိန်ဆဲလိုက်မိသည်

"သမင်ဖြူအကယ်ဒမီ၊

မင်းတို့ရဲ့အတွင်းရေးပဋိပက္ခက

အထူးချွန်ဆုံးကျောင်းသားတွေကို

ထွက်သွားခိုင်းခဲ့တာပဲ။ မင်းတို့အားလုံးက

တကယ့်လူမိုက်တွေပဲ”

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင်

ပျောက်ကွယ်သွားသည်။

စာပေပညာရှင်အဖွဲ့ခွဲ နှင့်
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲမှ
အဖွဲ့ဝင်များပင်ဖြစ်စေ အားလုံးက
နှုတ်ဆိတ်သွားကြသည်။

ရှောင်ပိုင်လီက လီလောင်ကွိုင်ကို
စိုက်ကြည့်နေပြီး အချိန်တော်တော်ကြာမှ
"ဒါကြောင့်ကိုး...၊ ချင်းယီက အကယ်ဒမီကို
ဝင်ခွင့်ရပြီး ငါ့စာပေပညာရှင်အဖွဲ့ခွဲကို
မင်းရဲ့ထိန်းချုပ်မှုအောက်မှာ
ရှိနေဖို့စီစဉ်ထားခဲ့တာ။ လီလောင်ကွိုင်၊

မင်းက ဒီအရာအားလုံးကို တကယ်ကို ကောင်းကောင်းစီစဉ်ခဲ့တာပဲ"

ဤအချိန်တွင် ရှောင်ပိုင်လီ၏ အသံက ရုတ်တရက် ပြင်းထန်လာပြီး "အခု မင်းပျော်နေလား။ ဟမ့်... မင်းပျော်နေတယ်မဟုတ်လား"

လီလောင်ကွိုင်၏ မျက်နှာက ဆိုးဆိုးရွားရွားပျက်ယွင်းနေပြီး လက်သီးများကို တင်းတင်းဆုပ်ထားသည်။

ရှောင်ပိုင်လီက ဘာမှထပ်မပြောတော့ဘဲ
မျက်လုံးများကိုမှိတ်ထားလိုက်ပြီး
အချိန်တော်တော်ကြာသည့်တိုင်အောင်
တိတ်ဆိတ်သွားသည်။
အချိန်တော်တော်ကြာပြီးမှ
မျက်လုံးကိုပြန်ဖွင့်လိုက်ပြီး
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲ၏
အဖွဲ့ဝင်များကို တစ်ချက်ကြည့်လိုက်ရင်း
“မတရားဆုံးဖြတ်တာက အနာဂတ်

ဒုက္ခရောက်တတ်တယ်။

ငါ့စာပေပညာရှင်အဖွဲ့ခွဲက

နှစ်ပေါင်းများစွာတိုင်အောင်

သည်းခံလာပေမဲ့ အဆုံးမှာပြန်ရခဲ့တာက

မင်းတို့ဥပဒေထိန်းသိမ်းရေးအဖွဲ့က

ပိုပိုဆိုးလာပြီး လူပါးဝလာတာပဲ။

မင်းပြောသလိုပဲ၊ ဒီအတိုင်းဆက်သွားနေရင်

သမင်ဖြူအကယ်ဒမီက

ကျိန်းသေပျက်စီးလိမ့်မယ်။ ဒီလိုဖြစ်နေ

တော့ ပြဿနာကို တစ်ခါတည်းနဲ့

ဖြေရှင်းလိုက်တာက

အကောင်းဆုံးမဟုတ်လား။
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲကလူတိုင်း၊
မင်းတို့အခုထွက်သွားလို့ရပြီ"

ဤအချိန်တွင် ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲမှ
အဖွဲ့ဝင်အားလုံး
မျက်စိမျက်နှာပျက်နေကြသည်။

"သမင်ဖြူကမ္ဘာကနေ ငါတို့
တကယ်ထွက်သွားဂမှာလား။ ဒါဆိုရင်

ငါတို့အားလုံး အိုးမဲ့အိမ်မဲ့
ဖြစ်သွားမှာမဟုတ်ဘူးလား"

ဤနေရာမှ လေထုသည် တိတ်ဆိတ်နေပြီး
ကြောက်စရာကောင်းလောက်အောင်
တင်းမာနေခဲ့သည်။

ရှုဝူရှန်းက ယန်ယဲ့၏
နံဘေးသို့ရောက်လာပြီး
အသံတိုးတိုးဖြင့်ပြောလိုက်လေသည်
"သူတို့ထွက်သွားမယ်လို့ မင်းထင်လား"

ယန်ယဲ့သည် လီလောင်ကွိုင်ကို
စိုက်ကြည့်ကာ "ဒီခွေးအိုကြီးက
အရမ်းအရှက်မဲ့တယ်။ ငါ့အထင် သူ့မှာ
လှည့်ကွက်တချို့ရှိနေဦးမယ်ဆိုတာ
သေချာတယ်"

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၈၂ - ဝိညာဉ်သွေးကြောများ ထုတ်ယူခံရခြင်း

ဤအချိန်တွင် လီလောင်ကွိုင်က ရှောင်ပိုင်လီကို ရုတ်တရက်ကြည့်လိုက်ပြီး "ငါတို့ငြင်းရင် ဘာဖြစ်မလဲ"

လီလောင်ကျိုင် ပြောပြီးသည်နှင့် ဤနေရာမှ

လေထုက ချက်ချင်း တင်းမာလာပြီး

မီးတောင်ပေါက်ကွဲသွားသလိုပင်။

"ထွက်သွားဖို့ ငြင်းချင်တာလား"

ရှောင်ပိုင်လီက တဟားဟားရယ်လိုက်ပြီး

မျက်နှာတစ်ခုလုံး ရုတ်ချည်း အေးခဲသွားကာ

"ဒါဆို မင်းကို

ငါသတ်ပစ်မယ်။ စမ်းကြည့်ချင်လား"

လေထုသည် နောက်တစ်ဖန် တင်းမာလာပြီး နှစ်ဖက်စလုံးမှ ပညာရှင်များလည်း အသင့်ပြင်လာကြသည်။

လီလောင်ကွိုင်က ရှောင်ပိုင်လီကိုက အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက် အဆုံးတွင် သူက ရယ်မောလိုက်ပြီး "ငါတို့ရဲ့ ရှုံးနိမ့်မှုကို လက်ခံပါတယ်။ ငါ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက ရှုံးသွားပြီဆိုတော့ ငါတို့စကားကိုပြန်မပြင်ပါဘူး။ အားလုံးပဲ

သွားကြရအောင်! ဒါပေမဲ့ ငါ့ကို ယုံပါ၊ တစ်
နေ့ကျရင် ငါတို့ ပြန်လာမှာပါ"

သို့သော်လည်း ရှောင်ပိုင်လီက
လျစ်လျူရှုကာ "နှုတ်ဆက်ပါတယ်"

လီလောင်ကွိုင်က အေးစက်စွာ
ရယ်မောလိုက်သည်။ ထို့နောက် ယန်ယွဲ့ကို
စိုက်ကြည့်ရင်း “ယန်ယဲ၊
ဟမ့်.... ကောင်းတယ်! သိပ်ကောင်းတယ်။
မင်းကြောင့်

ငါ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက
အရှက်တကွဲနဲ့ ရှုံးနိမ့်ခဲ့တာ.... ဟမ့်."

ယန်ယဲ့က ပုခုံးတွန့်လိုက်ပြီး
"မတတ်နိုင်ဘူးလေ၊ အမှန်တိုင်းပြောရရင်
ငါလည်း သမင်ဖြူအကယ်ဒမီကို
မလာချင်ပါဘူး။ ဒါပေမဲ့ မင်းရဲ့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက ငါ့ကို
အတင်းအကြပ်ဖိအားပေးနေတော့
တခြားရွေးချယ်စရာ
မရှိတော့ဘူးလေ။ ဒါ့ပြင် စောစောက

ခြေလှမ်းမလှမ်းချင်ပေမဲ့ မင်းက ငါ့ကို
ထပ်ပြီး အတင်းဖိအားပေးပြန်တယ်။
ဒါကြောင့်
ရှေ့ဆက်တိုးဖို့ပဲကျန်တာလေ။ ငါ့အထင်
တော့ မင်းရဲ့အစီအစဉ်တွေက
ဟာကွက်မရှိအောင်ကို
အရမ်းကောင်းပါတယ်။ တကယ်လို့သာ
ငါ့ကို ရှေ့ဆက်တိုးဖို့ ဖိအားမပေးခဲ့ရင်
မင်းစီစဉ်ထားတဲ့အတိုင်း
ဖြစ်ခါမှာသေချာတယ်။ ဟုတ်တယ်မလား"

လီလောင်ကွိုင်၏ မျက်လုံးများသည်
အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူက
"ယန်ယဲ့၊ ငါ မင်းကို
ကျိန်းသေပေါက်မှတ်မိနေမယ်" ဟု
မပြောခင် အချိန်အကြာကြီး
စိုက်ကြည့်နေလေသည်။

သူပြောပြီးသည်နှင့် တပြိုင်နက်
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲ၏ အဖွဲ့
ဝင်များကို လှည့်ကြည့်ကာ "အားလုံးပဲ
ဒီပြိုင်ပွဲမှာ ငါတို့ရှုံးတယ်။ ဒါပေမဲ့ ငါတို့လုံးဝ

မရှိုးသေးပါဘူး။ ငါ့ကိုယုံပါ၊
ငါတို့သေချာပေါက် ပြန်လာပြီး
ငါတို့ပိုင်တာတွေကို ပြန်သိမ်းမယ့်နေ့
ရောက်လာလိမ့်မယ်။ အဲဒီနေ့က
သိပ်မဝေးပါဘူး။ ငါ့ကိုယုံပါ"

“ကိုယ့်ကိုယ်ကို ပြောင်းလဲလိုတဲ့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲရဲ့
ကျောင်းသားတိုင်း
ဆက်နေနိုင်တယ်” ဤအခိုက်အတန့်တွင်
ရှောင်ပိုင်လီ၏ အသံက ရုတ်တရက်

ထွက်ပေါ်လာလေသည် "ဒါပေမဲ့ မင်းတို့ဆက်နေမယ်ဆိုရင် အကယ်ဒမီမှာ ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲနဲ့ စာပေပညာရှင်အဖွဲ့ခွဲဆိုတာ မရှိတော့ဘူး။ လူတိုင်းက သမင်ဖြူအကယ်ဒမီရဲ့ကျောင်းသားတွေပဲ ဖြစ်လိမ့်မယ်။ မင်းတို့လက်ခံနိုင်ရင် ဆက်နေနိုင်တယ်။ အတိတ်က အမှားတွေကို ငါအရေးယူမှာမဟုတ်ဘူး”

ဤစကားကို ကြားသောအခါ
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲမှ
ကျောင်းသားအများအပြား အတော်လေး
သွေးဆောင်ခံခဲ့ရသည်။

ဖြစ်နိုင်လျှင် မည်သူမဆို ကိုယ်ပိုင်အိမ်မှ
ထွက်ခွာပြီး အိုးမဲ့အိမ်မဲ့
ဖြစ်သွားချင်ပါမည်လော။

"မင်းတို့အားလုံး နှစ်ခါပြန်စဉ်းစားရင်
ပိုကောင်းမယ်" ဤအချိန်တွင်

လီလောင်ကွိုင်က ရုတ်တရက်
အေးစက်စက်လေသံဖြင့် ပြောခဲ့သည်
"မင်းတို့ဆက်နေမယ်ဆိုရင်
ငါ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲရဲ့
ကျောင်းသားဖြစ်မှာ
မဟုတ်တော့ဘူး။ အနာဂတ်မှာ
ငါတို့ပြန်လာတဲ့အခါကျ ဘယ်သူ့ကိုမှ
သနားညှာတာမှုပြမှာမဟုတ်ဘူးနော်”

ဤအခိုက်အတန့်တွင် ယန်ယဲ့က
ရုတ်တရက်ပြောလိုက်လေသည် "အားလုံးပဲ

သေချာစဉ်းစားကြည့်။ ဒါပေမဲ့
သူပြန်မလာနိုင်ရင် ဘယ်လိုလုပ်မလဲ"

လီလောင်ကွိုင်က မျက်နှာပျက်သွားကာ
တစ်ဖက်လှည့်ပြီး ယန်ယဲ့ကို အေးစက်စွာ
ကြည့်လိုက်သည်။

ယန်ယဲ့က ပုခုံးတွန့်ပြီးပြောလိုက်လေသည်
“သူ မလုပ်နိုင်ရင်လို့ပဲ
ငါပြောနေတာ။ မှန်ပါတယ်၊
မင်းရဲ့အရေပြားက အရမ်းထူတယ်၊

ဒါကြောင့် အနာဂတ်မှာ မင်းပြန်လာဖို့ဆိုတာ
မဖြစ်နိုင်ဘူး။ သေချာတာကတော့
မင်းရဲ့နည်းလမ်းတွေကို စိတ်ရင်းမှန်နဲ့
ပြောင်းလဲနေသရွေ့ ဗျာနမူးရှောင် က မင်းကို
ပြောင်းလဲဖို့ အခွင့်အရေးတစ်ခု
ပေးလိမ့်မယ်လို့ ငါထင်တယ်"

လီလောင်ကွိုင် က သူ့ကို
သတ်ချင်နေသည်ဖြစ်ရာ အချင်းချင်း
ပြန်ပြီးသင့်မြတ်ဖို့က မဖြစ်နိုင်တော့ပေ။

ထိုသို့ဖြစ်နေသောကြောင့်
သူ၏အကျင့်စရိုက်အတိုင်း လီလောင်ကွိုင်
မထွက်ခွာခင်
ပြဿနာအချို့ဖြန်တီးပေးလိုက်သည်။

မည်သို့ပင်ဆိုစေကာမူ လီလောင်ကွိုင်က
လက်ရှိတွင် သူ့အား
ဘာမှမလုပ်နိုင်တော့ပေ။

"ဌာနမှူးရှောင်၊ ငါ
သမင်ဖြူကမ္ဘာမှာဆက်နေချင်တယ်"

ဤအချိန်တွင် ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲမှ ကျောင်းသားတစ်ဦးက ရှေ့တိုးလာကာ “ငါ... ငါ သမင်ဖြူအကယ်ဒမီကို မထားခဲ့ချင်ဘူး၊ အတိတ်က ရန်ငြိုးတွေကို လုံးဝ မေ့ပစ်မယ်လို့ အာမခံတယ်။ဌာနမှူးရှောင် အနေနဲ့ ဟိုးအရင်ကရန်ငြိုးရန်စတွေ အပြစ်တွေကို ခွင့်လွှတ်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်”

"ငါလည်းနေချင်သေးတယ်"

“ငါလည်းဆန္ဒရှိတယ်.... ငါ..."

သိပ်မကြာလိုက်ပေ၊
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲမှ အဖွဲ့ဝင် ၁၀၀၀
ကျော်သည် ရှေ့သို့ တိုးလာကြသည်။
ကျောင်းသားများတင်မဟုတ်ဘဲ
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲ၏
အကြီးအကဲများနှင့် နည်းပြဆရာများပင်
ပါဝင်ခဲ့သည်။

လီလောင်ကွိုင်၏ မျက်နှာသည် ဆိုးရွားစွာ မှုန်မှိုင်းနေလေသည်။ အကြောင်းကတော့ ဤအခြေအနေက သူ့အစီအစဉ်အရ ဖြစ်သော်လည်း လက်ရှိတွင် တစ်ဖက်လူက သူ့ထက်အရင်ဆုံးအသုံးချသွားခဲ့သည်။

ခဏအကြာတွင် ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲမှ အဖွဲ့ဝင် (၂,၀၀၀) နီးပါး ရှေ့တက်လာပြီး ဆက်ပြီးနေလိုကြောင်း သဘောတူခဲ့သည်။ သို့သော်လည်း အဆိုပါ

အဖွဲ့ဝင် ၂,၀၀၀ က
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲ၏
အစိတ်အပိုင်းငယ်အဖြစ်သာ
ယူဆနိုင်သည်။အကြောင်းမှာ
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲတစ်ခုလုံးတွင်
အဖွဲ့ဝင် (၂၀,၀၀၀
)ကျော်ရှိနေသောကြောင့်ပါ။

လီလောင်ကွိုင်က မျက်နှာအပျက်ပျက်နှင့်
စာပေပညာရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များကို
အေးစက်စွာ စိုက်ကြည့်ပြီးနောက် "ငါ့ကို

ယုံကြည်ပါ။ တစ်နေ့ကျရင်
ငါ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲက ဒီမှာပဲ
ထပ်ပြီးရပ်နေမှာ သေချာတယ်”

ထို့နောက် ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲမှ
အဖွဲ့ဝင်များကို လှည့်ကြည့်ကာ
“သွားကြရအောင်”

ထိုကဲ့သို့ပင် စာပေပညာရှင်အဖွဲ့ ခွဲနှင့်
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲမှ

ခွဲထွက်လာသော အဖွဲ့ဝင်များက
လီလောင်ကွိုင် တို့အုပ်စု
ထွက်ခွာသွားသည်ကို
စောင့်ကြည့်နေခဲ့ကြသည်။

အနိုင်ရခဲ့သော်လည်း မည်သူမျှ
ပျော်ရွှင်နေခြင်းမရှိပေ။
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲ
ခွဲထွက်သွားခြင်းဟာ
သမင်ဖြူအကယ်ဒမီ၏ အင်အားကို
ကျဆင်းသွားစေပြီး

စစ်မှန်သောစိန်အဆင့်အင်အားစုနှင့်
နှိုင်းယှဉ်၍ မရတော့ပေ။

သမင်ဖြူအကယ်ဒမီ၏
အနာဂတ်အကြောင်း စဉ်းစားမိသောအခါ
အားလုံး တစ်စုံတစ်ရာ ဆုံးရှုံးသွားသလို
ခံစားခဲ့ရသည်။

"လူတိုင်း" ဤအတောအတွင်းမှာပဲ
ရှောင်ပိုင်လီ၏ အသံက "ဒီနေ့
ဖြစ်ပျက်ခဲ့တာက

ငါတို့သမင်ဖြူအကယ်ဒမီရဲ့
ကပ်ဘေးတစ်ခုပဲ။
ဉပဒေထိန်းသိမ်းရေးအဖွဲ့ခွဲ ခွဲထွက်သွားလို့
ငါတို့သမင်ဖြူအကယ်ဒမီက
အင်အားတစ်ဝက်လောက် လျော့သွားပြီ။
ဒီနေ့ကစပြီး ငါတို့သမင်ဖြူအကယ်ဒမီက
စိန်အဆင့်အင်အားစုတွေရဲ့
အောက်ဆုံးအဆင့်မှာ
ရှိကောင်းရှိနေနိုင်တယ်။ ဒါပေမယ်လို့....”

ဤအချိန်တွင် ရှောင်ပိုင်လီ၏ အသံက ပိုကျယ်လာပြီး "ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲ ခွဲထွက်သွားတာက ငါတို့အတွက် အခွင့်အရေးတစ်ခုလို့လည်း ပြောလို့ရတယ်။ ဘာလို့လဲဆိုတော့ လက်ရှိ သမင်ဖြူအကယ်ဒမီမှာ အားလုံးက အကယ်ဒမီရဲ့ကျောင်းသားတွေနဲ့ အဖွဲ့ဝင်တွေပဲ ရှိတော့မယ်။ ပြောရရင် အားလုံးတစ်စုတစ်စည်းတည်းပေါ့။ ဒါအပြ င် ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက ထွက်သွားပေမဲ့လည်း ငါတို့ရဲ့

အခြေခံအုတ်မြစ်က
အကောင်းတိုင်းရှိနေသေးတယ်။ ငါတို့စည်း
လုံးနေသရွေ့နောင်အနာဂတ်မှာ
ငါတို့ရဲ့သမင်ဖြူအကယ်ဒမီက
ဗဟိုနတ်ဘုရားစီရင်စုရဲ့
နံပါတ်တစ်ကျောင်းတော်တစ်ခု
ပြန်ဖြစ်လာမှာ သေချာပါတယ်။”

“သမင်ဖြူအကယ်ဒမီ
သက်တော်ရာကျော်ရှည်ပါစေ”

“သမင်ဖြူအကယ်ဒမီ
နှောင်ထောင်စုနှစ်များစွာတိုင်
တည်တံ့နိုင်ပါစေ "

မရေမတွက်နိုင်သော ကျောင်းသားများက
အော်ဟစ်ကြိုးဝါးကြသည်။

ဤအခိုက်အတန့်တွင် ရုတ်တရက်ဆိုသလို
အပြာရောင်အလင်းတန်းတစ်ခုက
ကောင်းကင်ကိုဖြတ်ပြီး မြေပြင်
ပေါ်ဆင်းသက်လာခဲ့သည်။ ထို့နောက်တွင်

အပြာရောင်ဝတ်ရုံအဘိုးအိုတစ်ယောက်က လူတိုင်းရှေ့၌ပေါ်လာသည်။

"အင်ပါယာတစ်ပိုင်းအဆင့် လား "ယန်ယဲ့၏ မျက်လုံးများသည် အနည်းငယ်မှေးကျဉ်းသွားပြီး "ဒီလူက သမင်ဖြူအကယ်ဒမီရဲ့ရန်သူများလား"

အပြာရောင်ဝတ်ရုံအဘိုးအိုကို မြင်လိုက်သောအခါ ရှောင်ပိုင်လီ၏ မျက်လုံးများက

ရှုပ်ထွေးသောခံစားချက်များ
တောက်ပလာသည်။ သူက "အစ်ကိုဖန်း၊
မင်းကတကယ်မြန်တာပဲ"

"ဒါ
ငါ့တာဝန်လေ" အပြာရောင်ဝတ်ရုံအဘိုးအို
က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး
“နှစ်ပေါင်းများစွာကြာတဲ့နောက်တော့
မင်းတို့နှစ်ဖွဲ့လုံး ကွဲသွားပြီ။ ဒါပေမယ့်
အဲဒါလည်းကောင်းပါတယ်။ ဒီနေ့ကစပြီး

မင်းဟာ ကိုယ့်ဘာသာကိုယ်
ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီ။
တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်
နေစရာမလိုတော့ဘူး"

ရှောင်ပိုင်လီက "အစ်ကိုဖန်း၊ မင်း
ခြွင်းချက်လုပ်ပေးနိုင်မလား"

အပြာရောင်ဝတ်ရုံအဘိုးအိုက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး “မင်းလည်း
စည်းမျဉ်းတွေကို သိမှာပါ"

ရှောင်ပိုင်လီ က သက်ပြင်းချကာ
ကောင်းကင်သို့ ပျံတက်လိုက်သည်။
ထို့နောက် လက်နှစ်ဖက်ကို
ဝှေ့ယမ်းလိုက်၏။ ထိုခဏလေးမှာပဲ
သမင်ဖြူကမ္ဘာတစ်ခုလုံးဟာ
တုန်လှုပ်သွားပါတော့သည်။

ဤအချိန်တွင် ယန်ယွဲ့သည်
အနည်းငယ်မျက်မှောင်ကြုတ်သ်ားကာ
မြေပြင်အောက်မှ တစ်စုံတစ်ခု

ထွက်ပေါ်လာတော့မည်ကို
သတိပြုမိလိုက်၏။

ထို့နောက် ခပ်လှမ်းလှမ်းမှ ဖန်းယွမ်ကို
မေးလိုက်လေသည် "ညီအစ်ကိုဖန်း၊
ဌာနမှူးရှောင် က ဘာလုပ်နေတာလဲ"

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၈၃ - သူမရဲ့မှတ်ဉာဏ်ကို
ချိတ်ပိတ်ထားတာ

ဖန်းယွမ်က သက်ပြင်းချရင်း ရှင်းပြခဲ့သည်
“ဗဟိုနတ်ဘုရားစီရင်စုတစ်ခုလုံးမှာ
ဝိညာဉ်သွေးကြောပေါင်း (၁၀၀)
ကျော်ရှိတယ်။ လူတိုင်းက
ဒီလိုဝိညာဉ်သွေးကြောတွေကို
လိုချင်တာလေ။ ဗဟိုနတ်ဘုရားစီရင်စုမှာ
အဆုံးအစမဲ့စစ်ပွဲနဲ့

ပရမ်းပတာအခြေအနေမျိုး မဖြစ်အောင်လို့
အင်အားစုတိုင်းက
မဟာမိတ်ဖွဲ့ထားကြတယ်။ မဟာမိတ်အဖွဲ့ ရဲ့
စည်းမျဉ်းတွေအရ
သိုင်းပညာအဆင့်သတ်မှတ်ချက်မှာမပါတဲ့
အင်အားစုတွေက
နတ်ဘုရားအဆင့်ဝိညာဉ်သွေးကြောတွေပဲ
ပိုင်ဆိုင်ခွင့်ရှိတယ်။
ငါတို့သမင်ဖြူအကယ်ဒမီမှာ ဖုန်းချင်းယီ၊
ကျွင်းဟွာလော့ နဲ့ မိုယွန်ထျန်း တို့က
သိုင်းပညာအဆင့်သတ်မှတ်ချက်ရဲ့

ပညာရှင်တွေဖြစ်နေလို့ ပဲ။ အခုတော့
ဖုန်းချင်းယီက ထွက်သွားပြီ။
ကျွင်းဟွာလော့က သေပြီ။ မိုယွန်ထျန်း
ကတော့ ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲရဲ့
အဖွဲ့ဝင်တစ်ယောက်လေ။ ဒီတော့ ငါတို့က
အင်ပါယာအဆင့်ဝိညာဉ်သွေးကြောတွေ
ပိုင်ဆိုင်ဖို့ အရည်အချင်းမပြည့်မီတော့ဘူး"

“အင်အားစုတိုင်းက ပါရမီရှင်တွေရဖို့
အပြင်းပထန်တိုက်ခိုက်နေကြတာ
အံ့သြစရာမဟုတ်တော့ဘူးပဲ” ယန်ယဲ့လည်း

အနည်းငယ် ခေါင်းညိတ်လိုက်သည်။
ဤခိုက်အတန့်တွင်
သိုင်းနတ်ဘုကားဂိုဏ်းက အန်နန်ကျင်းကို
အလေးအနက်ထားလွန်းနေသည့်
အကြောင်းအရင်းအား
နားလည်စပြုလာခဲ့သည်။ အန်နန်ကျင်း၏
ပင်ကိုယ်စွမ်းရည်က
သိုင်းပညာအဆင့်သတ်မှတ်ချက်၏ အဆင့်
၂၀ အတွင်းဝင်နိုင်ပေသည်။ ထိုအချိန်တွင်
သိုင်းနတ်ဘုရားဂိုဏ်းက

အင်ပါယာအဆင့်ဝိညာဉ်သွေးကြောများပိုရ

ဖို့ မခက်ခဲတော့ပေ။

“သိုင်းပညာအဆင့်သတ်မှတ်ချက်တွေက

အဆင့်တစ်ခုပဲမဟုတ်ဘူးလေ။

ဗဟိုနတ်ဘုရားစီရင်စုရဲ့

အင်အားစုတိုင်းပိုင်ဆိုင်မဲ့

ဝိညာဉ်သွေးကြောတွေပဲ။

ပိုပြီးပတိအကျပြောရရင်

အင်ပါယာအဆင့်ဝိညာဉ်သွေးကြောတွေမရှိ

ရင် စိန်အဆင့်အင်အားစုလို့

မသတ်မှတ်နိုင်တော့ဘူး။ လက်ရှိ
နတ်ကြိုးကြာတစ်ထောင်ဂိုဏ်း လိုပဲ။
စိန်အဆင့်အင်အားစုလို့ ခေါ်နေပေမဲ့
စိန်အဆင့်အင်အားစုတွေရဲ့အမြင်မှာတော့
စိန်အဆင့်အင်အားစုမဟုတ်တော့ဘူး။
သူတို့မှာ သိုင်းပညာအဆင့်သတ်မှတ်ချက်ရဲ့
ပညာရှင်တွေ မရှိလို့
အင်ပါယာအဆင့်ဝိညာဉ်သွေးကြောတွေ
မပိုင်ဆိုင်ထားဘူး"

ထိုစကားများ ပြောနေရင်းဖြင့်
ဖန်းယွမ်၏လေသံက ခါးသီးမှုနှင့်
မလိုလားအပ်သော အရိပ်အယောင်များ
သယ်ဆောင်လာသည်။

ဤအခိုက်အတန့်တွင် လူတိုင်းက
သတိထားပြီး ကြည့်နေကာ
မြေပြင်အောက်မှ ရောမနဂါးဖြူကြီး ၃
ကောင် ပျံတက်သွားသည်ကို
မြင်လိုက်ကြရသည်။ ဤအတောအတွင်း
အပြာရောင်ဝတ်ရုံအဘိုးအိုက

ခရမ်းရွှေရောင်ပန်းကလန်လုံးတစ်ခုကို ထုတ်ယူပြီး နဂါးဖြူကြီး ၃ ကောင် ဆီသို့ ဝှေ့ယမ်းလိုက်သည်။ ရွှေရောင်အလင်းတန်း တစ်ခု ရှေ့သို့ ပြေးထွက်လာပြီး နဂါးဖြူကြီး ၃ ကောင်အား ခရမ်းရွှေရောင်ပန်းကန်လုံး ထဲသို့ စုပ်ယူလိုက်သည် ။

နဂါးဖြူကြီး ၃ ကောင်
ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက် သမင်ဖြူကြမ္ဘာတစ်ခုလုံးမှ လူတိုင်း

တစ်စုံတစ်ခု ပျောက်ကွယ်သွားသည်ကို
ခံစားလိုက်ရသည်။

ဤနေရာမှ ဝိညာဉ်စွမ်းအင်များ
ပါးလွှလာခြင်းပါ။

ဤအခိုက်အတန့်တွင် သမင်ဖြူကြမ္မာမှ
ဝိညာဉ်စွမ်းအင်များသည် လျင်မြန်စွာ
ပျောက်ကွယ်သွားခဲ့ပြီး မကြာခင်မှာပဲ
နဂိုထက် အဆပေါင်း တစ်ဒါဇင်ခန့်အထိပင်
လျော့ကျသွားခဲ့လေသည်။

ရှုဝူရှန်းက မျက်မှောင်ကြုတ်ကာ “ဒီမှာရှိတဲ့ ဝိညာဉ်စွမ်းအင်က အခု ငါတို့ ထင်းရှူးစီရင်စုနဲ့ နီးနီးလေးပဲ”

ယန်ယဲ့လည်း
ခေါင်းညိတ်လိုက်သည်။ လက်ရှိတွင် သမင်ဖြူကမ္ဘာရှိ ဝိညာဉ်စွမ်းအင်သည် ထင်းရှူးစီရင်စုနှင့် ထပ်တူနီးပါးတူညီသည်။တစ်ချိန်တည်းတွင် သမင်ဖြူကမ္ဘာမှ လူတိုင်း ကျင့်ကြံမှုအရှိန်

ကျဆင်းသွားတော့မည်ကို
ပြောစရာပင်မလိုပေ။

အရေးကြီးဆုံးအပိုင်းက
အင်ပါယာအဆင့်ဝိညာဉ်သွေးကြောကို
မကြာခင်ပြန်မရနိုင်ပါက
သမင်ဖြူအကယ်ဒမီဟာ
ပလက်တီနမ်အဆင့်အင်အားစုအဖြစ်
လျော့ကျသွားပါလိမ့်မည်။

ဤအတောအတွင်း
အပြာရောင်ဝတ်ရုံအဘိုးအိုက
ခရမ်းရွှေရောင်ပန်းကန်လုံးကို
ဖယ်ထုတ်လိုက်ပြီး
မျက်နှာတစ်ပြင်လုံးပျက်ယွင်းနေသော
ရှောင်ပိုင်လီအား
စိုက်ကြည့်လိုက်သည်။အဘိုးအိုက ခဏမျှ
တုံ့ဆိုင်းသွားကာ ရုတ်တရက်
သက်ပြင်းချလိုက်ပြီး “ကံကောင်းလိုက်တာ”

အဘိုးအိုက ထိုစကားတစ်ခွန်းသာ မိုးကုပ်စက်ဝိုင်းထဲသို့ ပျောက်ကွယ်သွားခဲ့သည်။

"တကယ်တော့ ယန်ယွဲ့က သိုင်းပညာအဆင့်သတ်မှတ်ချက်ကို ဝင်နိုင်ဆယ်" ရုတ်တရက် ဆိုသလိုပင် လူအုပ်ထဲမှ တစ်ယောက်က စိတ်လှုပ်ရှားမှုအပြည့်နှင့်ပြောလိုက်လေသည်။ ထိုလူ၏စကားကြောင့် မရေမတွက်နိုင်

သော အကြည့်များက ယန်ယဲ့ အပေါ်သို့
ရုတ်တရက် ကျဆင်းသွားကြသည်။

ရှောင်ပိုင်လီ၏ အကြည့်များသည် ယန်ယဲ့
အပေါ်သို့ ကျဆင်းသွားပြီး
သူ့မျက်လုံးများတွင် စိတ်လှုပ်ရှားမှုနှင့်
ပျော်ရွှင်မှု အရိပ်အယောင်များပင်
ရှိနေသည်။

ယန်ယဲ့သည်
လူတိုင်း၏အကြည့်များကိုသတိပြုမိပြီး

ပတ်ဝန်းကျင်ကို အလေးအနက်
စိုက်ကြည့်ရင်း ခဏကြာ လေးလေးနက်နက်
စဉ်းစားကာ “ဒါက ငါ့တာဝန်ပဲ”
ဟုပြောလိုက်ပါသည်။

တိမ်ပင်လယ်အကယ်ဒမီ၏ ရှင်သန်မှုက
သမင်ဖြူအကယ်ဒမီနှင့်
ဆက်စပ်နေခဲ့သည်။
သမင်ဖြူအကယ်ဒမီအားကောင်းလာပါက
တိမ်ပင်လယ်အကယ်ဒမီလည်း
သေချာပေါက်အကျိုးရှိပါလိမ့်မည်။

ယန်ယဲ့ သဘောတူကြောင်းကြားသောအခါ မရေမတွက်နိုင်သောလူများက ချက်ချင်းပင် ဝမ်းသာသွားကြသည်။ ရှောင်ပိုင်လီ နှင့် ဆုရှီဟဲ တို့ပင်လျှင် အနည်းငယ်ပြုံးလာခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့သည် ခဏကြာအောင် တိတ်ဆိတ်သွားပြီးနောက် သူ့အကြည့်များက ရှောင်ယုရှီ ပေါ်သို့ ဆင်းသက်လာခဲ့သည်။ ထို့နောက်

နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းမှ

တစ်ဖွဲ့လုံးအား စိုက်ကြည့်နေသည်။

ဤအချိန်တွင် လင်းယွဲ့ရင်က ရှောင်ယု့ရှီကို

ရုတ်တရက် စိုက်ကြည့်ကာ "ယု့ရှီ၊ ငါ

အခုလေးတင်ပဲ ဂိုဏ်းကနေ

သတင်းရထားတယ်။မိုကလန်က

ငါတို့ဂိုဏ်းနဲ့ လက်ထပ်ပွဲမဟာမိတ်လုပ်ဖို့

နောက် ၃

ရက်အတွင်းရောက်လာတော့မယ်တဲ့။

ဂိုဏ်းက ငါတို့ကို

ချက်ချင်းပြန်လာခိုင်းတယ်”

"လက်ထပ်ပွဲမဟာမိတ်လား"
ဤအခိုက်တွင် ယန်ယဲ့သည် လင်းယွဲ့ရင်
ရှေ့၌ ပေါ်လာပြီး "ဘယ်သူနဲ့လဲ...
ငါ့ကိုအခုချက်ချင်းပြောစမ်း" ဟု
အေးစက်စက်ပြောလိုက်လေသည်။

ယန်ယဲ့ကိုမြင်သောအခါ
လင်းယွဲ့ရင်၏အမူအရာကပြောင်းလဲသွား
ပြီး မသိစိတ်မှ နောက်သို့
ခြေတစ်လှမ်းဆုတ်သွားလိုက်သည်။

ယန်ယဲ့က မျက်နှာပျက်သွားပြီး
"ဘယ်သူလဲလို့ငါမေးနေတယ်လေ....
မင်းဖြေစမ်း"

လင်းယွဲ့ရင်၏ ခန္ဓာကိုယ်လေးက
ချက်ချင်းပင် အနည်းငယ်တုန်လှုပ်သွားပြီး
"မို... မိုကလန်က မိုယွန်ထျန်း ကိုယ်စား
လုပ်နေတာပါ၊ သူက... သူက ယုရှီကို
သဘောကျပြီး လက်ထပ်ချင်နေတာ..."

"ဒီမိုယွန်ထျန်းက
သေလမ်းရှာနေတာထင်တယ်" ယန်ယဲ့၏
ဒေါသတကြီး အသံသည်
ပတ်ဝန်းကျင်တစ်ခုလုံး
ပဲ့တင်ထပ်သွားသည်။

ယန်ယဲ့၏စကားကိုကြားလိုက်ချိန်တွင်
လင်းယွဲ့ရင်က စိတ်ထဲ၌
အထင်အမြင်သေးမှုများပေါ်လာလေသည်။
မိုကလန် ဟူသည်ကား
ဗဟိုနတ်ဘုရားစီရင်စု၏ မဟာကလန်ကြီး

(၄)ခုအနက်မှ တစ်ခုဖြစ်သည့်အပြင်
ရှေးကျသော ကလန်ကြီးတစ်ခုလည်း
ဖြစ်ခဲ့သည်။ အတိတ်ကာလ
သမင်ဖြူအကယ်ဒမီကိုမပြောနှင့်
သိုင်းနတ်ဘုရားဂိုဏ်း နှင့်
နတ်ဆိုးတာအိုလမ်း တို့ပင်လျှင် မိုကလန်၏
အရင်းအမြစ်များ သို့မဟုတ်
အရန်အင်အားကို မယှဉ်နိုင်ပေ။
သို့သော်လည်း ယန်ယဲ့ကတော့ မိုကလန်၏
လူတစ်ယောက်ကို
သတ်ပစ်ဖို့စဉ်းစားနေခဲ့သည်။

စိန်အဆင့်အင်အားစုများပင်
မျက်နှာသာပေးရသည်ဖြစ်ရာ ယန်ယဲ့ ကဲ့သို့
လူတစ်ယောက်က မိုကလန်ကို
ဆန့်ကျင်နိုင်ပါမည်လော။

မှန်သည်။ သူမက ထိုအရာများကို
အပြင်တော့ထုတ်မပြောခဲ့ပေ။ ယန်ယဲ့အား
မိုကလန်နှင့်
ပြဿနာတက်စေချင်သောကြောင့်ပါ။
ထိုအတိုင်းဖြင့် သူမက ယန်ယဲ့၏

ဆိုးရွားသော ကံကြမ္မာကို
မြင်တွေ့နိုင်မည်ဖြစ်သည်။

ဤအချိန်တွင် ရှောင်ပိုင်လီက ယန်ယဲ့
ဖက်သို့ လျှောက်လာပြီး "ဘာဖြစ်နေတာလဲ"

ယန်ယဲ့က ရှောင်ယုရှီကို
တစ်ချက်ကြည့်လိုက်ပြီး ရှောင်ပိုင်လီကို
ပြန်ကြည့်ရင်း "ဗျာနမ္မူးရှောင်၊ ယုရှီ နဲ့ ငါက
တစ်နေရာတည်းကလာ
တာ။ အကြောင်းပြချက်တချို့နဲ့ သူမက

ရောင်စဉ်ဖြာဒေသကို
ငါ့ထက်အရင်ရောက်လာတာပဲ။ ဒါပေမဲ့
အခုတော့ သူမက
မသိတဲ့အရာတစ်ခုခုကြောင့် အတိတ်ကို
မေ့နေတယ်။ ကျေးဇူးပြုပြီး သူမကို
တစ်ချက်လောက်ကြည့်ပေးပါလား"

ရှောင်ပိုင်လီ က ယန်ယွဲ့ကို စူးစိုက်ကြည့်ပြီး
"ဒါဆို မင်းလည်း အောက်ဘုံကနေ
လာတာလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

"အခုငါနားလည်ပြီ" ရှောင်ပိုင်လီကအနည်းငယ် ခေါင်းညိတ်လိုက်သည်။ သူက ခဏလောက် လေးလေးနက်နက် စဉ်းစားပြီးနောက် ရှောင်ယုရှီကို စိုက်ကြည့်လိုက်သည်။

ဤအခိုက်တွင် လင်းယွဲ့ရင်က တစ်ခုခုပြောချင်နေသော်လည်း ယန်ယဲ့က သူမကို စူးစူးရဲရဲကြည့်လိုက်ရာ ချက်ချင်း ပါးစပ်ပိတ်သွားသည်။ လင်းယွဲ့ရင်၏

မျက်နှာသည် ချက်ချင်းဖြူဖျော့သွားပြီး စကားတစ်ခွန်းမှ မပြောရဲတော့ပေ။

ရှောင်ပိုင်လီက လက်ချောင်းတစ်ချောင်းကို ဆန့်ထုတ်လိုက်ပြီး ရှောင်ယုရှီ၏ နဖူးအလယ်ဗဟိုကို ပုတ်လိုက်သည်။ ရှောင်ယုရှီကမျက်မှောင်ကြုတ်ပြီး ခုခံဖို့ပြင်သည်။ တစ်ချိန်တည်းမှာပဲ ယန်ယဲ့က "ယုရှီ၊ မင်းရဲ့အတိတ်ကအကြောင်းအားလုံးကို မသိချင်ဘူးလား"

ရှောင်ယုရှိက ခဏမျှ
ငြိမ်သက်သွားပြီးနောက် ခုခံမနေတော့ပေ။
သေချာသည်မှာ သူမလည်း
ပျောက်ဆုံးနေသော မှတ်ဉာဏ်များကို
ပြန်ပြီးရယူချင်နေပုံပါ။

ဤအချိန်တွင် ရှောင်ပိုင်လီက အနည်းငယ်
မျက်မှောင်ကြုတ်နေပြီး ၁၅
မိနစ်ခန့်ကြာလာချိန်၌ သူ့မျက်နှာတွင်

လေးနက်သောအမူအရာပေါ်လာပြီး
သူ့လက်ကို ရုတ်သိမ်းလိုက်တော့သည်။

ယန်ယွဲ့က "ဒွာနမ့်ူးရှောင်၊ သူမ
အဆင်ပြေရဲ့လား" ဟု
အလျင်စလိုမေးလိုက်လေသည်။

ရှောင်ပိုင်လီက ပြန်မဖြေခင်
အချိန်တော်တော်ကြာထိ နှုတ်ဆိတ်နေခဲ့၏။
ထို့နောက်မှသာ "သူမက အတိတ်ကို

မမေ့သေးဘူး။ သူမရဲ့မှတ်ဉာဏ်တစ်ခုလုံးကို ချိတ်ပိတ်ထားလို့ပဲ"

"ချိတ်ပိတ်ထားတာလား"
ယန်ယဲ့၏အမူအရာသည် ချက်ချင်းပြောင်းသွားပြီး "ဒါရဲ့အကျိုးဆက်ကဘာလဲ"

ရှောင်ပိုင်လီက  "ဒါက သူ့အခြေခံအုတ်မြစ်ကို ထိခိုက်လိမ့်မယ်"

ယန်ယဲ့၏မျက်နှာသည်
လုံးဝမည်းမှောင်သွားကာ "ဗွာနမူးရှောင်၊
ဒီချိတ်ပိတ်ထားတာကိုပြန်ဖျက်ပေးနိုင်မ
လား"

ရှောင်ပိုင်လီ က သူ့ခေါင်းကို ခါလိုက်ပြီး
"ဒါကို အထူးနည်းစနစ်တစ်ခုနဲ့
ချိတ်ပိတ်ထားတာ။စစ်မှန်တဲ့အင်ပါယာတစ်
ပါး မဟုတ်ရင်
ဒီချိတ်ပိတ်ထားတဲ့နည်းစနစ်ကို ဘယ်သူမှ
ဖြေနိုင်မှာမဟုတ်ဘူး။ တကယ်လို့

ချိတ်ပိတ်ထားတာကို

အတင်းအကြပ်ဖိအားသုံး ဖျက်ဆီးရင်လည်း

သူမကို ရူးသွားစေနိုင်တယ်,.."

၁၃၈၄

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၈၄ - ငါတို့

ဘယ်သူ့ကိုမှမကြောက်ဘူး

ယန်ယွဲ့သည် သူ့လက်သီးများကို
ဖြည်းညှင်းစွာ ဆုပ်ထားလိုက်၏။
ခဏအကြာတွင် အသက်ပြင်းပြင်းရှူကာ
လင်းယွဲ့ရင်ကို စိုက်ကြည့်ကာ "မင်းရဲ့
နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းက ဘာလို့
သူမရဲ့မှတ်ဉာဏ်တွေကို
ချိတ်ပိတ်ထားတာလဲ"

ယန်ယွဲ့၏
အေးစက်စက်မျက်နှာထားကိုမြင်သောအခါ

လင်းယွဲ့ရင်၏အမူအရာကပြောင်းလဲသွားသည်။ အမှန်ပြောရလျှင် သူမရှေ့တွင်ရပ်နေသော ဤအရူးကိုအလွန်ကြောက်ရွံ့နေမိသည်။ လင်းယွဲ့ရင်ကစကားပြောခါနီးတွင် ရှောင်ပိုင်လီကရုတ်တရက် ပြောလိုက်လေသည်

"များသောအားဖြင့်တော့အောက်ဘုံကနေရောက်လာတဲ့သူတွေကိုဒီမတိုင်ခင်မှတ်ဉာဏ်တွေအားလုံးချိတ်ပိတ်ထားကြတာများတယ်။ ဒီကလေးမရဲ့ပင်ကိုယ်စွမ်းရည်နဲ့

အလားအလာက

မဆိုးပါဘူး။ ကောင်းကောင်း

ပြုစုပျိုးထောင်ပေးရင် သူမက အနာဂတ်မှာ

သေချာပေါက် ထူးခြားလာလိမ့်မယ်။ ဒါပေမဲ့

သူမရဲ့အောက်ဘုံကနေပေါ်လာတဲ့

မှတ်ဉာဏ်တွေကို မှတ်မိနေသေးရင်

နတ်ကြီးကြာတစ်ထောင်ဂိုဏ်းက သူမကို

လက်လွှတ်ရမှာစိုးတာလေ။ ဒီတော့

အောက်ဘုံကနေရောက်လာတဲ့ပါရမီရှင်တို

င်းကို မှတ်ဉာဏ်တွေက

ချိတ်ပိတ်ထားတာက ပုံမှန်ပါပဲ။

ဗဟိုနတ်ဘုရားစီရင်စု မှာရှိတဲ့
အင်အားစုတိုင်းက သူတို့ရဲ့မှတ်ဉာဏ်တွေကို
ဒီလိုပဲချိတ်ပိတ်ထားကြတာများတယ်လေ။
ပြောရရင်တော့ ဒါက ပုံမှန်ပါပဲ"

ယန်ယဲ့၏ မျက်လုံးများတွင်
အေးစက်စက်အငွေ့အသက်များ
ထွက်ပေါ်လာပါတော့သည်
"နတ်ကြိုးကြာတစ်ထောင်ဂိုဏ်း!
ကောင်းပြီ... ငါယန်ယဲ့က
ဒါကိုမှတ်ထားမယ်"

ရှောင်ပိုင်လီက ရုတ်တရက် မေးသည်
"မင်းနဲ့ သူမရဲ့ဆက်ဆံရေးက ဘယ်လိုလဲ"

ယန်ယဲ့က ရှောင်ယုရှီကို
စိုက်ကြည့်နေရင်းကနေ ပြန်ဖြေလိုက်သည်
"သူမက ငါ့ဇနီးပဲ"

ရှောင်ယုရှီက ယန်ယဲ့ကို စိုက်ကြည့်ကာ
ဘာမှမပြောဘဲ တိတ်ဆိတ်နေ၏။

ယန်ယွဲ့၏ စကားကို ကြားလိုက်သောအခါ
ရှောင်ပိုင်လီက အနည်းငယ်
မျက်မှောင်ကြုတ်သွားသည်။ ထို့နောက်
သူက "ဒါက
ကိုင်တွယ်ရတော်တော်ခက်တယ်"
ဟုပြောလိုက်လေသည်။

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့က ရုတ်တရက်
"ငါနဲ့ ယုရှီ ကို ခဏလောက်
သီးသန့်စကားပြောခွင့်ပြုပါ"

ရှောင်ပိုင်လီ က ယန်ယဲ့ကို
တစ်ချက်စိုက်ကြည့်ပြီးနောက်
ခေါင်းညိတ်ကာ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

ရှောင်ပိုင်လီ ထွက်သွားပြီးနောက် ယန်ယဲ့က
လင်းရွှဲ့ယင်ကို စိုက်ကြည့်ကာ "မင်းငါ့ကို
အရှုံးလုပ်စေချင်နေတာလား"

လင်းယွဲ့ရင်က ယန်ယဲ့ကို
တစ်ချက်ပြန်ကြည့်လိုက်သည်။ ဤအချိန်

မှာ သူမက ဤလူငယ်ကို ထပ်ပြီး
မတားရဲတော့ပေ။
နတ်ကြိုးကြာတစ်ထောင်ဂိုဏ်း၏
အခြားအဖွဲ့ဝင်များကို ချက်ချင်းခေါ်ကာ
ထွက်သွားခဲ့သည်။

ထို့နောက် ယန်ယဲ့သည် ရှောင်ယုရှီ ထံ
လျှောက်လာပြီး "ယုရှီ၊
မင်းရဲ့လျှို့ဝှက်ချက်အားလုံးကို ငါသိတယ်။
မင်းကြိုက်တာအကုန်သိတယ်၊
မင်းနဲ့ပတ်သက်တဲ့အရာအားလုံးကို

ငါသိတယ်။ အဲဒါက ဘာသက်သေလဲ။ မင်းဟာ တကယ်ပဲ ငါ့ဇနီးဖြစ်နေတယ်ဆိုတာ သက်သေပြနေတယ်လေ”

ဤသို့ဖြင့် .....။

ယန်ယဲ့သည် ဆန်းကြယ်တိုက်ကြီးမှ ဖြစ်ပျက်ခဲ့သမျှအရာအားလုံးကို သူမအား ပြောပြလိုက်သည်။

ယန်ယဲ့ စကားမဆုံးခင်
အချိန်အတော်ကြာပြီး ရှောင်ယုရှီကတော့
တိတ်ဆိတ်ရှသာ နားထောင်နေ၏။

ရှောင်ယုရှီက ယန်ယဲ့ကို ခဏကြာ
စိုက်ကြည့်ရင်း “ငါ တကယ်
လမ်းပျောက်နေပြီ။ ငါ့ကိုယ်ငါ
ဘယ်သူလဲတောင်မသိတော့ဘူး၊
အနာဂတ်မှာ
ငါဘာဖြစ်ချင်လဲဆိုတာပါမသိဘူး။ ငါက
နင့်ရဲ့ဇနီးလို့ နင်ပြောနေတယ်။ အဲဒါက

နင်လိမ်နေတာမဟုတ်ဘူးဆိုတာ
ငါသိတယ်။ ဘာလို့လဲဆိုတော့
ငါမသိတဲ့အရာတွေ အများကြီးကို
နင်ကသိနေတယ်လေ။
အဲဒါတွေအကုန်လုံးက
အရမ်းမှန်တယ်။ အတိတ်တုန်းက ငါနင့်ကို
တကယ်ချစ်မိခဲ့တာ
ဖြစ်နိုင်တယ်။ အခုထိတော့
အဲဒီလိုမခံစားရဘူး။ ဒါပေမဲ့
ငါ့အတိတ်ကိုမှတ်မိအောင် အခုချက်ချင်း
ဖိအားပေးဖို့အထိတော့ မသုံးပါနဲ့"

ယန်ယဲ့သည် သူ့လက်ကိုဆန့်ကာ
သူမ၏ဆံပင်ကို ညင်သာစွာ
ပွတ်သပ်ပေးလိုက်သည်။ သူက "ကောင်းပြီ၊
ငါမလုပ်ဘူး။ စိတ်မပူပါနဲ့၊
မင်းမကြိုက်တဲ့အရာကို ဘယ်သူကမှ
အတင်းအကျပ်ခိုင်းစေမှာ
မဟုတ်ပါဘူး။ နတ်ကြိုးကြာတစ်ထောင်ဂို
ဏ်းပဲဖြစ်ဖြစ် ဒါမှမဟုတ်
မဟာကလန်ကြီး(၄)ခုထဲက တစ်ခုဖြစ်တဲ့
မိုကလန် ဖြစ်နေရင်တောင်မှပေါ့"

ရှောင်ယုရှီက "ဒါဆို ငါ
ဂိုဏ်းကိုပြန်တော့မယ်"

ယန်ယဲ့က "မင်းပြန်မသွားလို့မရဘူးလား"

ရှောင်ယုရှီက "ငါပြန်မသွားရင် နင်က
နတ်ကြိုးကြာတစ်ထောင်ဂိုဏ်း နဲ့ မိုကလန်
နှစ်ခုလုံးရဲ့ဘုံရန်သူဖြစ်သွားလိမ့်မယ်"

ယန်ယဲ့သည် သူမပြောသည့် စကားကို ကြားသောအခါ အနည်းငယ် အံ့အားသင့်သွား၏။ ထို့နောက် သူမကို ပြုံးပြကာ “မင်းငါ့ကို စိတ်ပူနေတာလား။ ယုရှီ၊ မင်းငါ့ကို စိတ်ပူနေတာလား။ ဟားဟား..... မင်းရဲ့မှတ်ဉာဏ်တွေပျောက်ဆုံးနေရင်တောင် ငါ့ကိုတော့ လုံးဝမမေ့မသွားဘူးဆိုတာ ငါသိတယ်။ ဟားဟား"

ရှောင်ယုရှီက ဘာပြောရမှန်းမသိပေ။

ယန်ယဲ့သည် စကားမပြောခင် ခဏလောက်
ရယ်မောလိုက်ပြီးမှ
"နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းနဲ့ မိုကလန်
ကိုမပြောနဲ့။ မင်းအတွက်နဲ့
လောကတစ်ခုလုံးကို ရန်သူဖြစ်ရရင်တောင်
ငါမကြောက်ပါဘူး"

ရှောင်ယူ့ရှီက ယန်ယဲ့ကို
အချိန်တော်တော်ကြာစိုက်ကြည့်နေ၏။
အဆုံးတွင် သူမ၏ လက်ဝါးနုနုကို

လှန်လိုက်ရာ
ပုစဥ်းရင်ကွဲအတောင်ပံများကဲ့သို့
ပါးလွှသောဓားတစ်ချောင်းက လက်ထဲမှာ
ပေါ်လာသည်။

"ဒီဓား.....ဓားက ...." လွန်ခဲ့သောနှစ်များက
သူပေးခဲ့သော တာအိုအဆင့်မြင့်ဓား
ဖြစ်နေသောကြောင့်
ယန်ယဲ့လည်းချက်ချင်းဆိုသလိုပင် ဓားကို
မှတ်မိလိုက်သည်။

ရှောင်ယုရှီက စကားစမပြောခင် ဓားကို
အချိန်အတော်ကြာ စိုက်ကြည့်နေလေသည်။
သူမက "ငါမှတ်မိတာဆိုလို့
ငါသတိရလာတဲ့အချိန်ကစပြီး
ဒီဓားတစ်ချောင်းပဲ ငါနဲ့
အမြဲရှိနေတယ်။ စွန့်ပစ်ဖို့ အကြိမ်ကြိမ်
တွေးဖူးပေမဲ့ တစ်ခါမှ
မလုပ်ဖူးဘူး။ တစ်ခါတုန်းက နင်ငါ့ကို
ဓားတစ်လက် ပေးခဲ့တယ် လို့
ပြောခဲ့တယ်။ ငါထင်တာမမှားရင်
နင်ပေးခဲ့တာ ဒီဓား ပဲဖြစ်ရမယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ရှောင်ယုရှီက သူ့ကို စိုက်ကြည့်ရင်း “အတိတ်က ဖြစ်ခဲ့တာတွေကို ငါတကယ်သိချင်တယ်။ ငါ့ကို အချိန်ခဏတော့ပေးပါ"

ယန်ယဲ့၏ မျက်လုံးထဲတွင် နူးညံ့သိမ်မွေ့မှုသော အရိပ်အယောင်များ တဖျပ်ဖျပ်လက်လာပြီး "ယုရှီ၊ မင်းက

ကိုယ့်ကိုကိုယ်
အရမ်းအတင်းအကြပ်မလုပ်နဲ့။ ဖြည်းဖြည်း
ချင်းစဉ်းစားယူပါ။ နတ်ကြိုးကြာတစ်ထောင်
ဂိုဏ်းနဲ့ မိုကလန် အတွက်ဆိုရင်တော့
သူတို့ကို ငါလက်ထဲထားခဲ့လိုက်"

ရှောင်ယူရှီက ယန်ယွဲ့ကို
စိုက်ကြည့်နေသည်။သူမ၏ မျက်လုံးများက
ရှုပ်ထွေးပွေလီသော ခံစားချက်များ
တောက်ပလာသော်ငြားလည်း အဆုံးမှတော့
ခေါင်းညိတ်လိုက်ပါသည်။

အချိန်တော်တော်ကြာပြီးနောက်တွင်မှ
ရှောင်ယုရှီဟာ လင်းယွဲ့ရင်၏
ဦးဆောင်မှုအောက်တွင်
သမင်ဖြူကမ္ဘာကနေ ထွက်ခွာသွားခဲ့သည်။

ယန်ယဲ့သည် သူတို့ထွက်ခွာသွားသည်ကို
လှမ်းကြည့် ရင်း နေရာတွင်
တိတ်ဆိတ်စွာပင် ရပ်နေခဲ့သည်။

"ဒီကိစ္စက
တော်တော်ဖြေရှင်းရခက်တယ်" ဤအချိန်

တွင် ရှောင်ပိုင်လီက ယန်ယဲ့၏ နံဘေး၌
ပေါ်လာပြီး "မိုယွန်ထျန်းပ
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲရဲ့
အဖွဲ့ဝင်တစ်ယောက်
ဖြစ်နေတယ်။ အဲဒါသက်သက်သာဆိုရင်
တော့ ပြဿနာရှိမှာမဟုတ်ဘူး။ ဒါပေမဲ့
ပြဿနာကတော့ သူက မိုကလန် ရဲ့
အဖွဲ့ဝင်တစ်ယောက်ဖြစ်နေတာပဲ။
မိုကလန်က ဗဟိုနတ်ဘုရားစီရင်စုရဲ့
မဟာကလန်ကြီး(၄)ခုထဲက တစ်ခုဖြစ်သလို
ရှေးကျတဲ့ မျိုးနွယ်တစ်ခုလို့တောင်

ပြောလို့ရတယ်။ ငါတို့ရဲ့
သမင်ဖြူအကယ်ဒမီသာ နှစ်ပိုင်းမကွဲရင်
သူတို့ကို ရှိန်နေစရာ
မလိုပါဘူး။ အခုမှကတော့....”

ရှောင်ပိုင်လီ က စကားကို ခဏရပ်လိုက်၏။
ပြီးမှ ဆက်ပြောသည်
“အရေးကြီးဆုံးအချက်က
ဒီအရာအားလုံးအပေါ်
နတ်ကြိုးကြာတစ်ထောင်ဂိုဏ်း ရဲ့
သဘောထားပဲ။ သူတို့က ဒီကလေးမနဲ့

မိုယွန်ထျန်းကို လက်ဆက်ပေးချင်နေတာ အတော်ကြာပြီ။ တစ်နည်းပြောရရင်တော့ မိုကလန် နဲ့ နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းက မဟာမိတ်ဖွဲ့ချင်နေတာပေါ့။ ငါတို့ ဝင်စွက်ဖက်ရင် မိုကလန် နဲ့ နတ်ကြိုးကြာတစ်ထောင်ဂိုဏ်း ရဲ့ဘုံရန်သူ ဖြစ်လာလိမ့်မယ်”

ယန်ယဲ့က မေးလိုက်၏

"နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းက

အင်ပါယာအဆင့်ဝိညာဉ်သွေးကြောလိုချင်လို့လား ဒါမှမ မိုကလန် နဲ့ မဟာမိတ်ဖွဲ့ ဖို့ ရည်ရွယ်တာလား"

ရှောင်ပိုင်လီက ပြောလိုက်သည်
"နှစ်ခုလုံးပဲ"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး ဆက်မေးလေသည် "ဌာနမှူးရှောင်၊ သမင်ဖြူအကယ်ဒမီရဲ့အနာဂတ်ကို မင်းဘယ်လိုမြင်လဲ"

ရှောင်ပိုင်လီက ယန်ယဲ့ကို ကြည့်ပြီး
"ကလေး၊ မင်းဘာပြောဖို့
ကြိုးစားနေတာလဲ"

ယန်ယဲ့က “အခုလောလောဆယ်မှာ
သမင်ဖြူအကယ်ဒမီက ဟိုးအောက်ဆုံးထိ
ထိုးကျသွားပြီလို့တောင်
ပြောလို့ရတယ်။ တကယ်လို့
ပြန်ပြီးတည်ဆောက်ချင်တယ်ဆိုရင်တော့
ရာစုနှစ်တစ်ခုစာလောက် အချိန်မယူဘဲနဲ့

မဖြစ်နိုင်ဘူး။ ဒါတောင် ကြားကာလမှ
နည်းနည်းလေးမှ အမှားခံလို့မရဘူး။
မဟုတ်ရင် နည်းနည်းလေးမှားတာနဲ့
သမင်ဖြူအကယ်ဒမီက ပြင်ပလူတွေရဲ့
ဝါးမျိုတာခံရနိုင်တယ်။ ပြောရရင်
ဗဟိုနတ်ဘုရားစီရင်စုကနေ
အပြီးတိုင်ပျောက်ကွယ်သွားတာမျိုးတောင်
ဖြစ်နိုင်တယ်။ ဒီစကားကိုတော့ ဌာနမှူးရှောင်
က ငြင်းမှာမဟုတ်ဘူးဆိုတာ
ငါသေချာတယ်... မှန်ရဲ့လား"

ရှောင်ပိုင်လီက ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က ရှောင်ပိုင်လီကို
တစ်ချက်ကြည့်ကာ "ဉာဏ်မှူးရှောင်၊
အရေးကြီးတဲ့အချိန်မျိုးမှာ အထူးနည်းလမ်း
ဒါမှမဟုတ် စွန့်စားရမယ်"ဟု
ပြောလိုက်လေသည်။

"မင်းဘာပြောဖို့ကြိုးစားနေတာလဲ"
ရှောင်ပိုင်လီ က အသံတိုးတိုးဖြင့်
ပြောလိုက်သည်။တစ်ဆက်တည်း သူ့စိတ်ထဲ

ဆိုးရွားသောခံစားချက်တစ်ခုပါ
ပေါ်လာခဲ့သည်။

ယန်ယဲ့က "ဥာနမှူးရှောင်၊ သူမကို ပြန်ခေါ် ဖို့
ငါနဲ့အတူ
နတ်ကြိုးကြာတစ်ထောင်ချီဂိုဏ်းဆီ
သွားလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်"

ရှောင်ပိုင်လီ က အနည်းငယ်
အံ့အားသင့်သွားလေသည်။ ထို့နောက် သူက
အကူအညီမဲ့စွာပဲရယ်မောလိုက်ပြီး "ဒါဆို

မင်းက သမင်ဖြူအကယ်ဒမီကို မိုကလန်နဲ့ ထိပ်တိုက်ရင်ဆိုင်ဖို့ ရည်ရွယ်ထားတာလား"

ယန်ယဲ့က ခေါင်းညိတ်ကာ ဆက်ပြောသည် "တကယ်တော့ ဒီလိုလုပ်တာက အကျိုးရှိတယ်။ ငါတို့သမင်ဖြူအကယ်ဒမီက နှစ်ပိုင်းကွဲသွားပေမဲ့ ငါတို့ဟာ ဘယ်စိန်အဆင့်အင်အားစုကိုမှ မကြောက်ဘူးဆိုတာနဲ့ အင်အားရှိနေသေးတယ်ဆိုတာ ရောင်စဉ်ဖြာဒေသတစ်ခုလုံး၊

အကယ်ဒမီရဲ့ကျောင်းသားတွေပါ
သိအောင်လုပ်ရမယ်။ လောလောဆယ်မှာ
အားနည်းနေတာက ငါတို့ရဲ့
ဂုဏ်သတင်းပဲ။ ဘာဖြစ်လို့လဲဆိုတော့
အခုအချိန်မှာ လူတွေနဲ့ အင်အားစုတွေက
ငါတို့တွေစိတ်ဓာတ်ကျနေလောက်ပြီ
ထင်ပြီး လှောင်ရယ်နေကြမှာလေ။
လူတွေက ငါတို့ကို ဘာလို့
ရယ်တာလဲ။ငါတို့သမင်ဖြူအကယ်ဒမီက
အင်အားကျဆင်းသွားလို့
လှောင်ပြောင်နေတာလေ။ ဒါပေမဲ့ ငါတို့မှာ

ဘာမှစိတ်ခာတ်ကျစရာမရှိဘူးဆိုတာ
သူတို့ကို ပြနိုင်တယ်။ အတိအကျ ပြောရရင်

ငါတို့သမင်ဖြူအကယ်ဒမီဟာ ဘယ်သူ့ကိုမှ
မကြောက်ပါဘူးဆိုတာပေါ့"

ရှောင်ပိုင်လီက ခဏကြာ
တိတ်ဆိတ်သွားသည်။

အဆုံးမဲ့ဓားကမ္ဘာ
(ယန်ယဲ့)[ကောင်းကင်ပြင်ပ]
ဘာသာပြန်သူ - ညီညီစိုး
အပိုင်း ၁၃၈၅ - ပြီးပြည့်စုံသော ကြယ်တာယာစွမ်းအင်နည်းစနစ်

ယန်ယဲ့က ဆက်ပြောလိုက်ပြန်သည်
“ဟုတ်ပါတယ်၊ ဒီစကားတွေဟာ ငါ့ရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ စေ့ဆော်မှုတွေလည်း ငါပြောသမျှထဲမှာ ပါနေတယ်။ ဘာဖြစ်လို့လဲဆိုတော့

အကယ်ဒမီကို

ငါ့ရဲ့အကာအကွယ်တစ်ခုဖြစ်စေချင်တာပါ။

အကယ်ဒမီက ငြင်းရင် ငါက ဌာနမှူးရှောင်

ကို အပြစ်မတင်ပါဘူး။ နောက်ဆုံးတော့ ဒါ

ငါ့ရဲ့ကိုယ်ပိုင်ပြဿနာလေ။ ဒါပေမယ်လို့ ငါ

သမင်ဖြူအကယ်ဒမီကနေ ထွက်သွားမယ်။

ပြီးတော့ သူမကို သိုင်းနတ်ဘုရားဂိုဏ်း

ဒါမှမဟုတ် နတ်ဆိုးတာအိုလမ်း ပဲဖြစ်ဖြစ်

တခြားစိန်အဆင့်အင်အားစုကို

ခေါ်သွားလို့ရတယ်။ ဒီစကားတွေက

ငါခြိမ်းခြောက်နေတယ်လို့တော့

မထင်စေချင်ဘူး။ အကယ်ဒမီက ငါ့ကို ထောက်ပံ့ပေးဖို့ ငြင်းဆိုခဲ့မယ်ဆိုရင် ဒီလိုလုပ်တာကပဲ ငါ့အတွက် နောက်ဆုံးထွက်လမ်းပဲလေ”

ရှောင်ပိုင်လီက အချိန်အတော်ကြာ တိတ်ဆိတ်နေခဲ့သည်။ သူက လှည့်ထွက်မသွားခင် ယန်ယဲ့၏ ပုခုံးကို အသာပုတ်လိုက်၏။ ထို့နောက် သူ့အသံက အဝေးကနေ ပဲ့တင်ထပ်လာပြီး "ကောင်းပြီ...၊ နောက် ၃ ရက်ကြာရင် မင်းနဲ့

အတူ နတ်ကြိုးကြာတစ်ထောင်ဂိုဏ်း ကို
သွားကြတာပေါ့"

"ကျေးဇူးတင်ပါတယ်...ဘွာနမ္မူးရှောင်"
ယန်ယွဲ့လည်း အနည်းငယ်
စိတ်သက်သာရာရသွား၏။ အကယ်၍သာ
သမင်ဖြူအကယ်ဒမီက ငြင်းဆိုခဲ့လျှင်
ရှောင်ယူ့ရှီကို ခေါ် ပြီး
ထွက်ပြေးဖို့သာကျန်တော့သည်။
စိန်အဆင့်အင်အားစုက
မည်မျှကြောက်စရာကောင်းသည်ကို

သူ့စိတ်ထဲ သဘာဝကျကျ
သိနေခဲ့သည်။ အခြားအင်အားစုကို
မပြောလိုပေ၊
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲကပင်
လုံလောက်သော
သက်သေပြစရာတစ်ခုမဟုတ်ပါလား။
သမင်ဖြူအကယ်ဒမီသာ
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲနှင့်
စာပေပညာရှင်အဖွဲ့ ခွဲဟူပြီး
နှစ်ပိုင်းကွဲမနေပါက သူ့အနေဖြင့်
ငရဲရောက်ဖို့သေချာသလောက်ပင်။

အသက်ရှင်ဖို့ အခွင့်အရေးအနည်းငယ်ပင် မရှိနိုင်ပေ။

တစ်ချိန်တည်းမှာပင် ရှောင်ယုရှီကို ကယ်တင်ဖို့အတွက် သမင်ဖြူအကယ်ဒမီ၏ အကူအညီကို ရယူဖို့သာ ရွေးချယ်နိုင်ခဲ့သည်။ ထို့အပြင် သမင်ဖြူအကယ်ဒမီနှင့် ပူးပေါင်းခြင်းဟာ အကောင်းဆုံးရွေးချယ်မှုတစ်ခုပါ။ မည်သို့ပင်ဖြစ်စေ သူသည်

အတင်းအကြပ်ဖိအားပေးရသည်ကို သဘောမကျပေ။

ဤအချိန်တွင် ဖန်းယွမ်က ယန်ယဲ့ ဆီသို့ လျှောက်လာပြီးနောက် စာလိပ်တစ်ခုကို ထုတ်ယူပြီး ကမ်းပေးလေသည်။ တစ်ဆက်တည်း သူက ရှင်းပြပါသည် "ဒါက ကြယ်တာယာစွမ်းအင်နည်းစနစ်ရဲ့ နည်းစနစ်အပြည့်အစုံစာလိပ်ပဲ။ ဥာနမှူးက မင်းကိုပေးခိုင်းလိုက်တယ်။ ပြီးတော့ တစ်ခုမှာလိုက်သေးတယ်။

ဒါကို တတ်နိုင်သမျှ အမြန်ဆုံး
ကျင့်ကြံနိုင်ရင်အကောင်းဆုံးတဲ့၊
ဒါမှမဟုတ်ရင် သေဖို့အရမ်းနီးတယ်လို့
ပြောခဲ့တယ်"

ယန်ယဲ့သည် ရုတ်တရက်
စကားမပြောနိုင်သလိုပင် ခံစားလိုက်ရ၏။

ထို့နောက် သူက ဖုန်းယွမ်ကို နှုတ်ဆက်ပြီး
သူ့အခန်းသို့ ပြန်လာခဲ့သည်။
အခန်းထဲရောက်လာသည်နှင့် စာလိပ်ကို

ချက်ချင်းလှန်လှော ကြည့်လိုက်သည်။ စာလိပ်ကို ကြည့်လိုက်သည့်အခါ ယန်ယွဲ့ဟာ အတော်လေးအံ့အားသင့်သွားခဲ့သည်။

"အဆင့်သတ်မှတ်ချက်မရှိဘူးလား။ သောက်ကျိုးနည်း... ဒါက ဘယ်လိုဟာသကြီးလဲ...."

ယန်ယွဲ့သည် စာလိပ်ကို စစ်ဆေးကြည့်ပြီးအံ့ဩသွားသဖြင့်

ရှောင်ပိုင်လီ ထံသို့ ချက်ချင်း

သွားတွေ့လိုက်သည် ။

"ငါတို့သမင်ဖြူအကယ်ဒမီရဲ့

အကြီးအကဲတစ်ယောက်က ဒါကို

ရောင်စဉ်ဖြာဒေသရဲ့

အပြင်ဖက်လောကကနေ

မတော်တဆတွေ့ခဲ့တာ။

ဒီနည်းစနစ်က ကြယ်တာယာစွမ်းအင်ကို

စုပ်ယူပြီး ကျင့်ကြံရတာဖြစ်လို့

ဘယ်သူမှမအောင်မြင်နိုင်ကြဘူး။ ဒါကြောင့်

ဒီကြယ်တာယာစွမ်းအင်နည်းစနစ်က
ဘယ်အဆင့်မှာရှိမှန်းငါလည်းမသိဘူး"
ရှောင်ပိုင်လီ က ဆက်ပြောခဲ့သည် "ဒါပေမဲ့
ကြယ်တာယာစွမ်းအင်နည်းစနစ်အပြည့်အ
စုံက အနည်းဆုံးတော့
အဆင့်နိမ့်အင်ပါယာအဆင့်နည်းစနစ်တစ်ခု
ဆိုတာသေချာတယ်။ ငါ
ဒါကိုအာမခံနိုင်တယ်"

"ဒါကြောင့်မို့လို့ကိုး."
ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ထို့နောက် ရှောင်ပိုင်လီ ကို နှုတ်ဆက်ပြီး
ပြန်ထွက်လာခဲ့သည်။

ယန်ယဲ့ ထွက်ခွာသွားသည်ကို
ကြည့်နေရင်းညရှောင်ပိုင်လီ၏
မျက်လုံးထဲ၌ ရှုပ်ထွေးသော
စိတ်ခံစားချက်များ ထွက်ပေါ်လာပါသည်။

သိုင်းပညာအဆင့်(၂၁)၏ ပညာရှင်
ဖုန်းချင်းယီက သမင်ဖြူအကယ်ဒမီကနေ
ထွက်ခွာသွားပြီဖြစ်ရာ ယန်ယဲ့သာ

ထပ်ပြီးထွက်သွားကာက သမ
င်ဖြူအကယ်ဒမီဟာ
ဘာမှကျန်တော့မည်မဟုတ်ပေ။
အနှစ်မရှိသောအခွံကြီးသာ
ဖြစ်သွားပေမည်။ ထို့အပြင်
သမင်ဖြူကမ္ဘာအတွက် အင်ပါယာအဆင့်
ဝိညာဉ်သွေးကြောကိုပြန်ယူလိုပါက
ယန်ယွဲ့အား
အပြည့်အဝပြုစုပျိုးထောင်ပေးရမည်ဖြစ်သ
ည်။ မည်သို့ပင်ဖြစ်စေကာမူ

အဆုံးသတ်တွင် ယန်ယဲ့ကို
ထွက်သွားခွင့်မပြုနိုင်ခဲ့ပေ။

တစ်ချိန်တည်းတွင် နှစ်ဖက်အခြေအနေက
မျှတသည်ဟုပင် ဆိုနိုင်၏။ ယန်ယဲ့သည်
သမင်ဖြူအကယ်ဒမီ၏ အကာအကွယ်ကို
လိုက်အပ်နေသလို
သမင်ဖြူအကယ်ဒမီကလည်း ယန်ယဲ့ကို
လိုအပ်နေပါသည်။

...

ယန်ယဲ့သည် ရှောင်ပိုင်လီ ထံမှ
ထွက်လာပြီးနောက် သူ့အခန်းသို့မပြန်ဘဲ
အကယ်ဒမီ၏ အနောက်ဖက်မှ
တောင်ထိပ်တစ်ခုဆီသို့ထွက်လာခဲ့သည်။

ဤအခိုက်အတန့်ကား ညအချိန်ဖြစ်ရာ
အထက်ကောင်းကင်တစ်ခုလုံး
ကြယ်ရောင်စုံများဖြင့် ဖုံးလွှမ်းနေခဲ့သည်။

တောင်ထိပ်ပေါ်သို့ ရောက်လာပြီးနောက်
ယန်ယဲ့သည် စာလိပ်ကို လှန်ချလိုက်ရာ

သတင်းအချက်အလက်အများအပြားက သူ၏စိတ်ဝိညာဉ်ထဲသို့ ချက်ချင်း စီးဝင်လာသည်။

"ကြယ်တာယာစွမ်းအင်က မဟာစကြဝဠာကနေ ဆင်းသက်လာတယ်။ ကောင်းကင်တာအိုက ကြယ်တာယာစွမ်းအင်ကို မထိန်းချုပ်ထားဘူး" တောင်ထိပ်ပေါ်တွင် အချိန် ၂ နာရီနီးပါးကြာ ထိုင်နေပြီးနောက် ယန်ယွဲ့ဟာ သူ့မျက်လုံးများကို

ဖြည်းညှင်းစွာဖွင့်လိုက်သည်။ ထို့နောက် သူ့အထက်မှ ကြယ်ပွင့်များစုံလင်နေသည့် အကန့်အသတ်မဲ့ကောင်းကင်ပြင်ကြီးကို မော့ကြည့်လိုက်ရင်း တစ်စုံတစ်ခုပျောက်ဆုံးသွားသလို ခံစားလိုက်ရသည်။

ကြယ်တာယာစွမ်းအင်နည်းစနစ် အပြည့်အစုံက နဂါးငွေ့တန်းကြယ်စင်စုထဲမှ ကြယ်တာယာစွမ်းအင် အကြောင်း ရှင်းပြချက်များစွာ ပါရှိသည်။

ထိုအချက်အလက်များကို
အချိန်တော်တော်ကြာ
လေ့လာပြီးနောက်တွင် ယန်ယဲ့သည်
ကြယ်တာယာစွမ်းအင်နည်းစနစ် အပေါ်
ပို့ပြီး နားလည်လာခဲ့သည်။

ဝိညာဉ်စွမ်းအင်များအပြင်
ကြယ်တာယာစွမ်းအင်နှင့်
အကန့်အသတ်မဲ့ကျယ်ပြန့်သော
မဟာစကြဝဠာအတွင်းတွင် သူသိထားသည့်
မူလခရမ်းရောင်စွမ်းအင်ပါ ရှိနေသေး၏။

ထို့အပြင်
တစ်ချိန်တည်းမှာပဲ သူမသိနိုင်သော
စွမ်းအင်အမျိုးအစားများနှင့်
ကျင့်ကြံခြင်းနည်းစနစ်များပါ ရှိနေကြောင်း
သိလိုက်ရသည်။

အကြောင်းကတော့ ချုန်းချီက ကြယ်
တာယာစွမ်းအင်၊ ဝိညာဉ်စွမ်းအင် သို့မဟုတ်
မူလခရမ်းရောင်စွမ်းအင်ကို အသုံးပြု
ကြောင်း သတိပြုမိထားသောကြောင့်ပါ။

ဤအခိုက်အတန့်တွင် သူ့စိတ်ထဲ နတ်ကေရီ ပြောခဲ့သည့် စကားကို ပြန်သတိရသွား၏။ သူမက "ကမ္ဘာကြီးက အကန့်အသတ်မဲ့တယ်၊ ငါတို့က သေးငယ်တယ်"

ယန်ယဲ့သည် ခေါင်းကို အနည်းငယ်ခါယမ်းကာ အတွေးများကို ထိန်းထားလိုက်သည်။ ထို့နောက် အချိန်ဖြုန်းမနေတော့ဘဲ

ကြယ်တာယာစွမ်းအင်များကို
သူ့ခန္ဓာကိုယ်ထဲသို့ စတင်စုပ်ယူလိုက်သည်။

သူ့အမြင်အရ အနာဂတ်ကို
မှန်းဆနေမည့်အစား လက်ရှိအချိန်တွင်
အပြင်းအထန်ကြိုးစားကျင့်ကြံခြင်းသည်
သာ အကောင်းဆုံးဖြစ်၏။ ဤလောကတွင်
ခွန်အားနှင့်ဖြေရှင်းလို့မရသောအရာဟူ၍
မရှိခဲ့ပေ။

ဤတစ်ကြိမ်တွင်မူ ယန်ယဲ့သည်
ကြယ်တာယာစွမ်းအင်ကို
တိုက်ရိုက်မစုပ်ယူတော့ပေ။
ကြယ်တာယာစွမ်းအင်နည်းစနစ်မှ
မှတ်ချက်အတိုင်း စုပ်ယူပြီး
သူ့ခန္ဓာကိုယ်အနှံ့ဖြန့်ကျက်လိုက်ပါသည်။

သမင်ဖြူအကယ်ဒမီ၏
အနောက်ဖက်တောင်ထိပ်....။

ဤအခိုက်အတန့်တွင်
မရေမတွက်နိုင်အောင် ကြည်လင်သော
အပြာရောင်တလက်လက်တောက်ပနေသ
ည့် ကြယ်စွမ်းအင်များက ကောင်းကင်ယံကို
ဖုံးလွှမ်းကာ တောင်ထိပ်ဆီသို့
အဆက်မပြတ်
ဆင်းသက်နေပါသည်။အဆုံးတွင်
အကန့်အသတ်မဲ့ကြယ်စွမ်းအင်များက
အပြာရောင်အလင်းတန်းများအဖြစ်
ပြောင်းကာ ယန်ယွဲ့၏ခန္ဓာကိုယ်ထဲသို့
စီးဝင်သွားပါတော့သည်။ ဤအချိန်တွင်

ယန်ယဲ့၏တစ်ကိုယ်လုံးက

ကြည်လင်သောအပြာရောင်အလင်းတန်း

များ

ထွက်ပေါ်နေပြီးပြိုးပြိုးပြက်ပြက်လင်းလက်

နေသော

ရောမကြယ်ပွင့်ကြီးတစ်ပွင့်ကဲ့သို့ပင်

ထင်ရသည်။

လေ့ကျင့်နေစဉ်အတွင်း ယန်ယဲ့သည်

မပြည့်စုံသောကြယ်တာယာစွမ်းအင်နည်းစ

နစ် နှင့်

ပြီးပြည့်စုံသောကြယ်တာယာစွမ်းအင်နည်း
စနစ်ကြား ကွာဟချက် (၂)ခု ရှိနေကြောင်း
သတိထားမိခဲ့သည်။ ထိုကွာဟချက်ကား
မပြည့်စုံသောနည်းစနစ်ဖြင့် ခန္ဓာကိုယ်ထဲသို့
စုပ်ယူလိုက်သော ကြယ်တာယာစွမ်းအင်က
အအချိန်တစ်ခုထိ
သိမ်းဆည်းထားနိုင်သော်လည်း
ပြီးပြည့်စုံသောနည်းစနစ်ကတော့
မတူညီပေ။ပြီးပြည့်စုံသောနည်းစနစ်က
ကျင့်ကြံခြင်းနည်းလမ်းပါ ရှိနေသဖြင့်

ကြယ်တာရာစွမ်းအင်ကို ခန္ဓာကိုယ်ထဲ၌ အမြဲတမ်းသိမ်းဆည်းထားနိုင်၏။

ကြယ်တာယာစွမ်းအင်က ဆန်းကြယ်ချီစွမ်းအင်နှင့် ဆန့်ကျင်ဖက်ဖြစ်သည်။ တစ်နည်းဆိုရသော် ဆန်းကြယ်ချီစွမ်းအင်ကို ကျင့်ကြံထားသည့် လူသားကျင့်ကြံသူများက ၎င်းအား လေ့ကျင့်နိုင်မည်မဟုတ်ပါ။

သို့သော်လည်း ယန်ယွဲ့အတွက် ပြဿနာမရှိပေ။ သူ့တွင် ဒုတိယဒန်တျန်ဟု

ဆိုနိုင်သည့် ဆန်းကြယ်ရွှေချိကန်
ရှိနေသဖြင့် ကြယ်တာယာစွမ်းအင်ကို
တိုက်ရိုက်စုပ်ယူပြီး
ဆန်းကြယ်ချိစွမ်းအင်နှင့်
တွန်းကန်စေမည်မဟုတ်ပေ။ တစ်နည်းဆိုရ
သော် ကြယ်တာယာစွမ်းအင်များက
ဆန်းကြယ်ချိစွမ်းအင် ကဲ့သို့ပင်
သူ့ခန္ဓာကိုယ်ထဲ၌ သိမ်းဆည်းထားနိုင်သည်။

ဤအချက်ကို သတိပြုမိလိုက်သည်နှင့်
ယန်ယဲ့၏ မျက်လုံးများသည် ရုတ်တရက်

ပြုံးကျယ်သွားသည်။ ထို့နောက်
သူ့မျက်လုံးများက
ပြင်းပြသောစိတ်လှုပ်ရှားမှု၊ ပျော်ရွှင်မှုများ
တဖျပ်ဖျပ်လက်လာပါတော့သည်။

"ကြယ်တာယာစွမ်းအင်ကို
ငါ့ခန္ဓာကိုယ်ထဲမှာ သိမ်းထားနိုင်တယ်လား။
ဒါဆိုရင် ကြယ်တာယာစွမ်းအင်နည်းစနစ်ကို
အသင့်ထုတ်သုံးလို့ရပြီပေါ့"

သို့သော်လည်း ယန်ယဲ့သည် ခေါင်းခါ
လိုက်ပြီး ချက်ချင်းမကြိုးစားခဲ့ပေ။

လက်ရှိတွင် သူ၏ အဓိကရည်ရွယ်ချက်က
ကြယ်တာယာစွမ်းအင်နည်းစနစ်ကို
အပြည့်အဝနားလည်ဖို့သာ။

သူနှင့် ဖုန်းချင်းယီ၏ နောက်ဆုံး
အဆုံးသတ်တိုက်ပွဲတွင်
ကြယ်တာယာစွမ်းအင်နည်းစနစ်ကို
ထုတ်ဖော်ပြီး ခုခံနိုင်ခဲ့သည်။ ထို့အပြင်

ဖုန်းချင်းယီ အသုံးပြုခဲ့သည်ကား
"သမုဒ္ဒရာဖြတ်ကျော်ခြင်းတေးသံသာ"ဟူသ
ည့်
အင်ပါယာအဆင့်နည်းစနစ်တစ်ခုဖြစ်ခဲ့သ
ည်။ တစ်နည်းဆိုရသော် သူသည်
ပြီးပြည့်စုံသော
ကြယ်တာယာစွမ်းအင်နည်းစနစ်ကို
အောင်မြင်အောင်လေ့ကျင့်နိုင်ပါက
အင်ပါယာအဆင့်နည်းစနစ်တစ်ခုပင်
သူ၏ခန္ဓာကိုယ်အား
ထိခိုက်စေနိုင်မည်မဟုတ်ပေ။

၁၃၈၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၈၆ -

ကြယ်တာယာစွမ်းအင်ကိုပေါင်းစပ်ခြင်း

ပြီးပြည့်စုံသောနည်းစနစ် နှင့်

မပြည့်စုံသောနည်းစနစ်

ကြားမှ ကွာခြားချက်က

မပြည့်စုံသောအစိတ်အပိုင်းဟာ

ကြယ်တာယာစွမ်းအင်ကို

အတားအဆီးတစ်ခုဖန်တီးနိုင်သော်လည်း

ပြီးပြည့်စုံသောနည်းစနစ်က

ထိုထက်ပို၍လုပ်ဆောင်နိုင်သည်။

ပြီးပြည့်စုံသောနည်းစနစ်က အောင်မြင်စွာ

လေ့ကျင့်ပြီးပါက ခန္ဓာကိုယ်တစ်ခုလုံးအား

ကြယ်တာယာစွမ်းအင်များဖြင့်ပင်

အားဖြည့်ပေးနိုင်သည် ။

တစ်နည်းအားဖြင့်ဆိုရသော်
သူ၏ခန္ဓာကိုယ်တစ်ခုလုံးကို
(အတွင်းအပြင်)ပင်
ကြယ်တာယာစွမ်းအင်များဖြင့်
ဖုံးအုပ်ထားနိုင်မည်ဖြစ်သည်။

သို့သော်လည်း ပြီးပြည့်စုံသောနည်းစနစ်က
ခန္ဓာကိုယ်အတွက် အလွန်ပြင်းထန်သော
လိုအပ်ချက်များရှိခဲ့သည်။ အကြောင်းမှာ
ခန္ဓာကိုယ်ဟာ ကြယ်တာရာစွမ်းအင်ကို
လက်မခံနိုင်(ခံနိုင်ရည်မရှိ)ပါက

အကျိုးဆက်က သေခြင်းပင်ဖြစ်သည်။

ကံကောင်းထောက်မစွာ လက်ရှိ

ယန်ယွဲ့၏ခန္ဓာကိုယ်သည်

ကြယ်တာယာစွမ်းအင်နည်းစနစ်၏

လိုအပ်ချက်များနှင့်

အတိအကျကိုက်ညီခဲ့သည်။

ယန်ယွဲ့သည် ဓားနယ်မြေကို

အသက်သွင်းထားပြီး ၎င်းအထဲမှ ကြယ်

တာယာစွမ်းအင်များကို

ဆက်တိုက်စုပ်ယူနေခဲ့သည်။ အကြောင်းအ

ရင်းကတော့ ဓားနယ်မြေထဲတွင်
မည်သည့်နည်းစနစ်ကိုမဆို
အပြင်ဖက်၌လေ့ကျင့်သည်ထက်
မြန်မြန်ဆန်ဆန်နားလည်နိုင်သောကြောင့်ပါ
။

နောက်တစ်ရက်အကြာ...။

ယန်ယွဲ့သည် တောင်ထပ်ပေါ်၌ ထိုင်နေရင်း
ရုတ်တရက်
မျက်လုံးဖွင့်လိုက်သည်။ ထိုခဏလေးမှာပဲ

သူ့ခန္ဓာကိုယ်ထဲကနေ
ကြောက်မက်ဖွယ်ကောင်းသော
အပြာနုရောင်စွမ်းအင်လှိုင်းများ
ဖြာထွက်လာခဲ့သည်။ သို့သော်လည်း
အပြာနုရောင်စွမ်းအင်များက
သူ့ခန္ဓာကိုယ်ထဲပြန်ရောက်ဖို့
သိပ်မကြာလိုက်ပေ။ ခဏအကြာတွင်
ယန်ယွဲ့ခန္ဓာကိုယ်တစ်ခုလုံးက
အပြာနုရောင်ခန္ဓာကိုယ်သဖွယ်
ဖြစ်သွားပါတော့သည်။

ယန်ယဲ့သည် သူ့ခန္ဓာကိုယ်ပေါ် ရှိ
ကြယ်တာယာစွမ်းအင်ကို စိုက်ကြည့်ရင်း
မျက်လုံးထဲ၌ စိတ်လှုပ်ရှားမှုများ
တောက်ပလာသည်။ ဤအခိုက်အတန့်တွင်
သူ့တစ်ကိုယ်လုံး
ကြယ်တာယာစွမ်းအင်များဖြင့်
ဖုံးလွှမ်းနေပြီး
အင်ပါယာအဆင့်နည်းစနစ်ကို
အသာလေးခုခံနိုင်သည်ဟုပင်
ခံစားမိခဲ့သည်။ ထို့အပြင် ဖုန်းချင်းယီ နှင့်
ထပ်မံတိုက်ခိုက်ပါက

သမုဒ္ဒရာဖြတ်ကျော်ခြင်းတေးသံသာ ကို
အသုံးအပြုလျှင်ပင် သူ့ခန္ဓာကိုယ်အား
ထိုးဖောက်နိုင်တော့မည်မဟုတ်ပေ။

သို့သော် ယန်ယဲ့သည် နည်းစနစ်ကို
လေ့ကျင့်ရာတွင် ချို့ယွင်းချက်ရှိနေဆဲကို
သတိထားမိသည်။ ထိုအရာက
ကြယ်တာယာစွမ်းအင်ကို အချိန်တစ်ခုထိ
အသုံးချပါက သူ့ခန္ဓာကိုယ်မှာ
တန်ပြန်ရိုက်ခတ်မှုပင်။

ဤအခိုက်အတန့်ကဲ့သို့ပင်
ကြယ်တာယာစွမ်းအင်ကို ခန္ဓာကိုယ်အနှံ့
ဖြန့်ကျက်မထားသေးဘဲ ရပ်တန့်လိုက်ရာ
သူ့ခန္ဓာကိုယ်ဆီမှ ပြင်းထန်သော
ထုံကျင်မှုကို ခံစားလိုက်ရသည်။ ထို့အပြင်
သူသည် မိနစ်ပိုင်းလေးမျှသာ
အသုံးပြုခဲ့သေး၏။ အကယ်၍သာ
ဤအချိန်ထက်ပိုပြီး အသုံးပြုပါက
သူ့ခန္ဓာကိုယ်တစ်ခုလုံး
ကွဲအက်သွားနိုင်ပေသည်။

ယန်ယဲ့သည် လေ့ကျင့်နေသည်ကို ရပ်ကာ
၁၅ မိနစ်ကြာလောက် စဉ်းစားနေလိုက်သည်
"၁၅ မိနစ်ဆိုတာက ငါ့ခန္ဓာကိုယ်က
ခံနိုင်ရည်ရှိတဲ့အမြင့်ဆုံးအကန့်အသတ်ပဲ။
ဒီအချိန်ထက်ကျော်သွားရင်တော့
တစ်ကိုယ်လုံးပေါက်ကွဲပြီး
ငရဲရောက်သွားနိုင်တယ်"

၁၅ မိနစ်သာ အသုံးပြုနိုင်သော်လည်း
ယန်ယဲ့အတွက်တော့ သိပ်မဆိုးလှပေ။
အင်ပါယာတစ်ပိုင်းအဆင့် နှင့်

ရင်ဆိုင်မတွေ့သရွေ့ ၁၅ မိနစ်ဟူသော
အချိန်က သူ၏ပြိုင်ဖက်ကို
အသာလေးအနိုင်ယူဖို့လုံလောက်ပါသည်။
ခြွင်းချက်အနေဖြင့် ကောင်းကင်ဘုံအား
ဆန့်ကျင်နေသော ပါရမီရှင်များ နှင့်
ရင်ဆိုင်ရာတွင်တော့ မယုံကြည်ဝံ့ပေ။
ယေဘုယျအားဖြင့် မေ့လျော့ခြင်းကေရီ
သို့မဟုတ် ငရဲကေရီ တို့လို
ထူးခြားသောပါရမီရှင်များနှင့် ရင်ဆိုင်ရပါက
၁၅ မိနစ်မပြောနှင့် အသက်ရှူ ၁ ရှိုက်စာပင်
ခုခံနိုင်မည်ဟု မပြောဝံ့ပါ။

ယန်ယဲ့သည်
မူလခရမ်းရောင်သလင်းကျောက်တစ်လုံးကို
ထုတ်ယူလိုက်ပြီး မျိုချလိုက်သည်။

၂ နာရီနီးပါးကြာပြီးနောက် သူ့ခန္ဓာကိုယ်ဟာ
လုံးဝနီးပါး ပြန်လည်ကောင်းမွန်လာပါပြီ။
ထို့နောက်တွင် သူ၏နည်းစနစ်များနှင့်
ကြယ်တာယာစွမ်းအင်ကို
စပြီးလေ့ကျင့်ပါတော့သည်။

သူ၏ဓားနည်းစနစ် နှင့်
ဓားနက်အတောင်ပံနှစ်ခုစလုံးက
ဆန်းကြယ်ချီစွမ်းအင်များစွာ
လိုအပ်ခဲ့သည်။ အထူးသဖြင့် "အတွေးဖြင့်
သတ်ဖြတ်ခြင်းနည်းစနစ်" နှင့်
"ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား" တို့ပင်။
တိုက်ခိုက်မှုတစ်ခုသာ
ထုတ်ဖော်လိုက်သည့်တိုင်
သူ၏ဆန်းကြယ်ချီစွမ်းအင်ကို
ကုန်ခန်းလုနီးပါး ဖြစ်စေသည်။

အကယ်၍ သူသာ နည်းစနစ်နှစ်ခုလုံးကို ကြယ်တာယာစွမ်းအင်ဖြင့် အသုံးချနိုင်လျှင် မည်သို့ ဖြစ်မည်နည်း။ တစ်နည်းဆိုရလျှင် သူ၏ ဆန်းကြယ်ချီစွမ်းအင် ကုန်ဆုံးသွားသည့်တိုင်ကြယ်တာယာစွမ်းအင်ဖြင့် ဆက်ပြီးအသုံးပြုနိုင်ပါလိမ့်မည်။ အတိုချုပ်ပြောရလျှင် သူသည် ကြယ်တာယာစွမ်းအင်ကို နည်းစနစ်များဖြင့် ပေါင်းစပ်နိုင်ပါက မမျှော်မှန်းနိုင်သော စွမ်းအင်အရင်းအမြစ်တစ်ခုပိုင်ဆိုင်ထားခြင်းနှင့်အတူတူပင်။ ထို့အပြင် ဤလောကရှိ

ဝိညာဉ်စွမ်းအင်များ
ခန်းခြောက်သွားလျှင်ပင်
ကြယ်တာယာစွမ်းအင်များကား
ပျောက်ကွယ်သွားမည်မဟုတ်ပေ။
ထိုသို့ဖြစ်နေရာ
ကြယ်တာယာစွမ်းအင်နည်းစနစ်ကို
အောင်မြင်အောင်

လေ့ကျင့်နိုင်ပါက သူ့အတွက်
ဒုတိယအသက်ကယ်ဝှက်ဖဲဟု ဆိုနိုင်သည်။

ဖြစ်နိုင်ချေကို တွေးမိသည်နှင့် ယန်ယဲ့သည်
တုံ့ဆိုင်းမနေဘဲ သူ့အတွေးများအတိုင်း
ချက်ချင်း အကောင်အထည်ဖော်လိုက်သည်
။

သူက မည်သည့် နည်းစနစ်ကိုမျှ
အသုံးမပြုဘဲ ဆန်းကြယ်ချီစွမ်းအင်ကို
ထိန်းချုပ်သည့်နည်းအတိုင်း
ကြယ်တာယာစွမ်းအင်များကို
စပြီးထိန်းချုပ်ကြည့်လိုက်သည်။

အစပိုင်းတွင် မတော်တဆမှားယွင်းမည်ကို
စိုးရိမ်သောကြောင့် သတိအပြည့်ထားပြီး
ဖြည်းညှင်းစွာ ထိန်းချုပ်နေခဲ့သည်။
အကယ်၍သာ
မတော်တဆတစ်စုံတစ်ခုမှားယွင်းသွားပါက
သူဟာ ချက်ချင်း သေသွားနိုင်သည်။
သို့သော်လည်း
သိပ်မကြာလိုက်ပေ၊ကြယ်တာယာစွမ်းအင်
ကို ထိန်းချုပ်ခြင်းက သူထင်ထားသလောက်
ခက်ခဲမနေကြောင်း
သိလိုက်ရသည်။ ကြယ်တာယာစွမ်းအင်

ကြိုးမျှင်က ယန်ယဲ့၏ထိန်းချုပ်မှုအောက်၌
ခန္ဓာကိုယ်သွေးကြောတစ်လျှောက်
စီးဆင်းသွားသည်။ ထို့နောက်
သူ့လက်မောင်းဆီသို့ ရောက်ရှိလာပြီး
အဆုံးတွင် သူ၏လက်ဖျားအထိ
ရွေ့လျားသွားသည်။

ခဏအကြာတွင် ယန်ယဲ့သည်
လက်ကိုမြှောက်ပြီး အဝေးဆီသို့
လက်ညှိုးညွှန်လိုက်သည်။

ဆူး!

လက်ချောင်းထိပ်မှ ကြည်လင်သော
အပြာနုရောင်ဓားစွမ်းအင်အလင်းတန်းတစ်
ခု ပြေးထွက်သွားသည်။
အပြာနုရောင်ဓားစွမ်းအင်အလင်းတန်းက
ကောင်းကင်ကိုဖြတ်သန်းကာ
မိုးကုတ်စက်ဝိုင်းထဲသို့
ချက်ချင်းပျောက်ကွယ်သွားသည်။

"တကယ်အလုပ်ဖြစ်တယ်ဟ..." ယန်ယဲ့၏
မျက်လုံးများက
စိတ်လှုပ်ရှားမှုတို့ဖြင့်တောက်ပသွားသည် ။

အကယ်၍ သူသည်
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၁၁၀
ထပ်ပေါင်းနိုင်ခဲ့လျှင်တိုက်ခိုက်မှု ၅ ကြိမ်သာ
ဆက်တိုက်ထုတ်ဖော်နိုင်သည်။
ဤအချိန်တွင်မူ ကြယ်တာယာစွမ်းအင်ကို
သုံးပြီး တိုက်ခိုက်မှု ၁၀
ကြိမ်ဆက်တိုက်လုပ်ဆောင်နိုင်ခဲ့သည်။

ယန်ယဲ့သည် သူ့စိတ်ထဲမှ
ထွက်ပေါ်လာသော
စိတ်လှုပ်ရှားမှုနှင့် ပျော်ရွှင်မှုကို မြိုသိပ်ကာ
သူ့လက်ညှိုးကို ရှေ့သို့
ထပ်ညွှန်ပြလိုက်ပြန်သည်။ ထိုခဏလေးမှာ
ပဲ သူ့လက်ချောင်းထိပ်ကနေ
ကြည်လင်သော
အပြာနုရောင်ဓားစွမ်းအင်များစွာ
ထွက်ပေါ်လာပြီး ကောင်းကင်ယံသို့
ပျောက်ကွယ်သွားခဲ့သည်။

" အကန့်အသတ်မဲ့ကြယ်တာယာစွမ်းအင်..."
ယန်ယဲ့သည် အဆုံးအစမဲ့သော
ကြယ်ကောင်းကင်ကြီးကို
မော့ကြည့်လိုက်သည်။
သူ့ပါးစပ်ထောင့်တွင်ကား အပြုံးတစ်ခု
ရစ်ခွေနေခဲ့သည်သာ။

ဤအခိုက်အတန့်ကစပြီး ကြယ်
တာယာစွမ်းအင်က သူ၏အဓိက
ဝုက်ဖဲတစ်ခုနှင့် ညီမျှသွားခဲ့သည်။

ကြယ်တာယာစွမ်းအင်များနှင့်
သဟဇာတဖြစ်အောင်
လုပ်ဆောင်ပြီးနောက် ယန်ယွဲ့သည်
"အတွေးဖြင့်သတ်ဖြတ်ခြင်းနည်းစနစ်"ကို
စပြီး လေ့ကျင့်လိုက်ပါသည်။

သူ၏ ကျင့်ကြံမှုနှင့် ရုပ်ခန္ဓာ
မြင့်တက်လာသည်နှင့်တပြိုင်နက်
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၁၀၀
ထပ်ကို
အသာလေးထုတ်ဖော်နိုင်ခဲ့သည်။ အကယ်၍

သူသည် ကောင်းကင်အုတ်ဂူကို သုံးပါက
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြီး ၁၁၀
ထပ်ကိုပင် ထုတ်ဖော်နိုင်ပေသည်။
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြီး ၁၁၀
ထပ်ထားသော ဓားစွမ်းအင်က
အဆင့်မြင့်သိုင်းသူတော်စင်ကို
ချက်ချင်းသတ်ပစ်နိုင်၏။

တစ်ချိန်တည်းမှာပဲ
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား
အဆင့်မြင့်လာပြီးနောက်

အတွေးဖြင့်သတ်ဖြတ်ခြင်းနည်းစနစ်က
သိပ်ပြီးမသုံးမဝင်တော့သလို
ဖြစ်သွားသည်။

အတွေးဖြင့်သတ်ဖြတ်ခြင်းနည်းစနစ်ကို
အဆင့်မြှင့်ဖို့က နည်းလမ်းတစ်ခုသာ ရှိ၏။
ထိုနည်းလမ်းက နည်းစနစ်၏အရှိန်ကို
မြှင့်တင်ဖို့သာ။

ယန်ယွဲ့သည် ခဏတာ လေးလေးနက်နက်
စဉ်းစားပြီးနောက်

ခါးအနက်အတောင်ပံများကို
ထုတ်ဖော်လိုက်သည်။ ထို့နောက်
သူ့လက်ကို ဆန့်ထုတ်ကာ
ခါးစိတ်ဆန္ဒများတစ်ချောင်းဖန်တီးလိုက်၏။

အတိတ်တွင်တော့
အတွေးဖြင့်သတ်ဖြတ်ခြင်းနည်းစနစ်ကို
အသုံးပြုသည့်အခါ
တန်းပြီးထုတ်ဖော်လိုက်ရုံသာ။ မည်သည့်
ထူးထူးခြားခြားနည်းလမ်းမျှ မလိုပေ။
ဤအချိန်တွင်မူ ယန်ယွဲ့သည်

အတွေးဖြင့်သတ်ဖြတ်ခြင်းနည်းစနစ်ကို
အလုံးစုံအဆင့်မြှင့်ဖို့ ရည်ရွယ်ထားခဲ့သည်။

ထို့နောက် သူ့ခန္ဓာကိုယ်ထဲရှိ
ဆန်းကြယ်ချီစွမ်းအင်များက ဟုန်ထိုး
ခုန်တက်လာပြီး သူ့ကျောမှ
ဓားနက်အတောင်ပံများဟာ အဆက်မပြတ်
တုန်ခါလာပါသည်။ တစ်ချိန်တည်းမှာပင်
ယန်ယဲ့၏ ခန္ဓာကိုယ်သည်
တောင်ထိပ်ပေါ်ကနေ ဖြည်းညှင်းစွာ
မြောက်တက်လာခဲ့သည်။

ခဏအကြာတွင် သူ၏
ညာဖက်ခြေထောက်ကို နင်းလိုက်ရာ
သူ့အောက်ရှိ အာကာသဟင်းလင်းပြင်က
ချက်ချင်းပေါက်ကွဲပြီး
ပြိုကျသွားခဲ့လေသည်။ ဤအချိန်တွင်
ယန်ယဲ့သည် တန်ပြန်အားဖြင့် ရှေ့သို့
တဟုန်ထိုးပြေးထွက်လိုက်၏။
သူ့နောက်ကျောမှ
ဓားနက်အတောင်ပံများကလည်း
တစ်ချိန်တည်းမှာပင် ချက်ချင်းဆိုသလို

ပြန့်ကားသွားလေသည်။ ထို့အပြင် သူက အမြန်နှုန်းဥပဒေသကိုပါ အမြင့်ဆုံးအထိ ထုတ်ဖော်ထားခဲ့သည်။

ဤအခိုက်အတန့်တွင် အေးစိမ့်စိမ့်အငွေ့အသက်များ ပျံ့လွင့်နေသော အလင်းတန်းတစ်ခု တောက်ပလာပြီး အလင်း၏အရှိန်ထက်ပင်မြန်သောအမြန်နှုန်းဖြင့် လင်းလက်နေခဲ့သည်။

ဂျုန်း!

အထက်ကောင်းကင်ယံ၌ ၃ ကီလိုမီတာ

ရှည်လျားသော

အာကာသအက်ကွဲကြောင်းကြီးတစ်ခု

ပေါ်လာပြီး

အနက်ရောင်မြစ်ကြီးတစ်စင်းကဲ့သို့

အလင်းတန်းများ

ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် ၃

ကီလိုမီတာအကွာရှိ

ရောမတောင်တန်းကြီးဟာ ချက်ချင်းပင် အမှုန့်အဖြစ် ပေါက်ကွဲသွားခဲ့သည်။

နောက်ထပ် အသက်ရှူချိန် ၃ ရှိုက်စာလောက်ကြာသွားပါပြီ။

ဤအခိုက်အတန့်တွင် ယန်ယဲ့သည် အောက်သို့ပြန်ဆင်းလာပြီး မြေပြင်ပေါ်တွင် လှဲချလိုက်သည်။ သူ့ဝတ်ရုံတစ်ခုလုံး ပျောက်သွားပြီး ခန္ဓာကိုယ်အနှံ့ လက်မအရွယ်အက်ရာများဖြင့်

ဖုံးလွှမ်းနေသည်။အက်ရာများ
သူ့ခန္ဓာကိုယ်ကိုသာမကဘဲ မျက်နှာကိုပါ
ဖုံးလွှမ်းသွားခဲ့သည်။

၁၃၈၇

Almighty Sword Domain
အဆုံးမဲ့ဓားကမ္ဘာ
(ယန်ယဲ့)[ကောင်းကင်ပြင်ပ]
ဘာသာပြန်သူ - ညီညီစိုး
အပိုင်း ၁၃၈၇ - ငါက သခင်လေးယန် နဲ့
မိတ်ဆွေဖြစ်ချင်တယ်

“ငါ...တကယ်လုပ်ခဲ့တာ...
ဒီတစ်ခါတော့....” ယန်ယဲ့သည် ခေါင်းကို
ဘေးသို့ စောင်းငဲ့ကြည့်လိုက်ရင်း
သတိလစ်သွားပါတော့သည်။

သူ သတိပြန်ရလာသောအခါ
သမင်ဖြူအကယ်ဒမီတွင် ရှိနေကြောင်း
သိလိုက်ရ၏။

အခန်းထဲတွင်...။

ယန်ယဲ့သည် ပတ်ဝန်းကျင်ကို
ကြည့်လိုက်ပြီးနောက် သူ့ခန္ဓာကိုယ်ကို
စစ်ဆေးကြည့်လိုက်သည်။ မူလခရမ်းရောင်
စွမ်းအင်က သူ့ခန္ဓာကိုယ်ကို
ပြုပြင်ပေးနေသည်ဖြစ်ရာ
ဒဏ်ရာအားလုံးနီးပါး
ပျောက်ကင်းသွားပါပြီ။ သို့သော်လည်း
သူ၏ ကိုယ်တွင်းအင်္ဂါများ၊
ခန္ဓာကိုယ်သွေးကြောများနှင့်
အရိုးများကတော့ အပြည့်အဝ
မပြုပြင်ရသေးပေ။ အနည်းငယ်

လှုပ်ရှားလိုက်ကြည့်ရုံသာဖြစ်သော်လည်း
တစ်ကိုယ်လုံး ကွဲကြေသွားသလို
ခံစားလိုက်ရသည်။

ယန်ယဲ့သည် ချက်ချင်းပင်
အကူအညီမဲ့စွာသာ
ရယ်မောမိလိုက်သည်။ ဤတစ်ကြိမ်မှာ
သူက အပြင်းအထန်လေ့ကျင့်ပြီး
သတိလက်လွတ်ဖြစ်သွားခဲ့သည်။

အတွေးဖြင့်သတ်ဖြတ်ခြင်းနည်းစနစ်၏
အရှိန်သည်
အလွန်ကြောက်စရာကောင်းသော အဆင့်သို့
ရောက်နေပြီဖြစ်သည်။ သို့သော် သူသည်
ရုပ်ခန္ဓာခွန်အား၊ ဓားနက်အတောင်ပံများနှင့်
သူ၏အမြန်နှုန်းဥပဒေသကိုပါထည့်သွင်းပြီး
ပေါင်းစပ်ထားခဲ့သည်။ ဤအခိုက်အတန့်တွ
င် သူ့အမြန်နှုန်းက လက်ရှိကန့်သတ်ချက်ထိ
ရောက်သွားခဲ့ခြင်းဖြစ်သည်။ သို့သော်
ယန်ယဲ့သည် သူ၏ခန္ဓာကိုယ်က
ခံနိုင်ရည်ရှိမရှိကို သတိမထားမိခဲ့ပေ။

သူ့ခန္ဓာကိုယ်က

နတ်ဘုရားကနဦးအဆင့်တွင်

ရှိနေသောကြောင့် သူ၏ရုပ်ခန္ဓာခွန်အားကို

အပြည့်အဝယုံကြည်ခဲ့သည်။ တစ်နည်းဆိုရ

သော် လက်ရှိသူ့ခန္ဓာကိုယ်ဟာ

အဆင့်မြင့်သိုင်းသူတော်စင်အဆင့်

နတ်ဆိုးဘုရင်များနှင့် နှိုင်းယှဉ်နိုင်သည်။

သို့သော် ခွန်အားကို

အပြည့်သုံးလိုက်သည့်အခါ သူ့အမြန်နှုန်းက

နတ်ဘုရားကနဦးအဆင့်ရုပ်ခန္ဓာသည်ပင် ခံနိုင်ရည်စွမ်းမရှိတော့ပေ။

အကယ်၍သာ သူသည် အနည်းငယ်စိတ်အမြန်လက်မြန်ဖြစ်သွားမိပါက တစ်ကိုယ်လုံး အစိတ်စိတ်အမြွှာမြွှာပေါက်ကွဲသွားနိုင်လေသည်။

သို့သော်လည်း ယန်ယွဲ့ဟာ စိတ်ထဲ၌ ကျေနပ်အားရနေဆဲပါ။ အကြောင်းကတော့

အတွေးဖြင့်းတ်ဖြတ်ခြင်းနည်းစနစ်က
အလွန်နက်ရှိုင်းသော အဆင့်သို့
ရောက်ရှိသွားသောကြောင့်ပင်။
အထူးသဖြင့် ကောင်းကင်အုတ်ဂူနှင့်
ပေါင်းစပ်လိုက်သည့်အခါ
အင်ပါယာတစ်ပိုင်းအဆင့်ကိုပင်
အပြည့်အဝခြိမ်းခြောက်နိုင်သည်။
လက်ရှိတွင် သူ၏လှုပ်ရှားမှုက
လျင်မြန်လွန်းပြီး ထိုနေ့က အလင်းဧကရီ
ထုတ်ဖော်ခဲ့သည့် အရှိန်ထက်ပင်
ပိုမြန်ခဲ့သည်။

အတွေးဖြင့်သတ်ဖြတ်ခြင်းနည်းစနစ်ကို

မလုပ်ဆောင်ခင်

ကြယ်တာယာစွမ်းအင်နည်းစနစ်အား

အသက်သွင်းထားသောကြောင့်

သူ၏ခန္ဓာကိုယ်က

သိပ်ပြီးပြဿနာမရှိလှပေ။

ကြယ်တာယာစွမ်းအင်ကို

အပြည့်ဝထုတ်ဖော်ထားပါက

သူ့ခန္ဓာကိုယ်ဟာ

အကန့်အသတ်ထိခံနိုင်ရှိသည်။

တစ်နည်းဆိုရသော်
အတွေးဖြင့်သတ်ဖြတ်ခြင်းနည်းစနစ်က
ကြယ်တာယာစွမ်းအင်ဖြင့်သာ
အသုံးပြုနိုင်ပါတော့မည်။

ဤအချိန်တွင် သူ့အခန်းတံခါးကို
တွန်းဖွင့်သံကြားလိုက်ပြီး ရှုဝူရှန်းက
အခန်းထဲဝင်လာကြောင်း မြင်လိုက်သည်။
ရှုဝူရှန်းက ယန်ယဲ့ နံဘေးသို့ လျှောက်လာပြီး
သူ့ကို
အနည်းငယ်ဝေ့ဝိုက်ကြည့်လိုက်သည်။ ထို့

နောက် သူက “သောက်ကျိုးနည်း…ယန်ယဲ့၊ မင်းက သေခါနီးအထိ ကျင့်ကြံနေတာပဲ။ မင်းက…တကယ်ကို တော်လွန်းတယ်။ ငါမင်းကိုတကယ်လေး စားမိတယ်"

သူပြောပြီးသည်နှင့် ဆက်မေးလေသည် “အဲဒီတုန်းက ဘာဖြစ်သွားတာလဲ။ ငါတို့ မင်းကိုတွေ့တဲ့အချိန်မှာ တစ်ယောက်ယောက်က မင်းကို ရိုက်နှက်ထားသလိုမျိုး ဖြစ်နေတာ"

ယန်ယဲ့က "ဘာမှမဖြစ်ပါဘူး၊
ငါအဆင်ပြေပါတယ်။
သတိလက်လွတ်ဖြစ်ပြီး
ငါ့ကန့်သတ်ချက်တွေကို
ကောင်းကောင်းမထိန်းနိုင်တော့သလို
ဖြစ်သွားတယ်"

ရှုဝူရှန်းက ခဏကြာ
အံ့အားသင့်သွားပြီးနောက် ယန်ယဲ့ကို

လက်မထောင်ပြသည် "မင်း... မင်း
တကယ်ကို အံ့သြစရာပဲ"

ယန်ယဲ့က "မင်းက သမင်ဖြူအကယ်ဒမီကို
ဝင်လိုက်ပြီလား"

ရှုဝူရှန်းက သူ့အမေးကိုကြားသည့်အခါ
ချက်ချင်းပြုံးပြီး "မင်းသိလား... သူတို့က
ငါ့ကို
အတွင်းသည်းကျောင်းသားတစ်ယောက်လို့
တောင်

တန်းပြီးသတ်မှတ်ခဲ့တယ်။ နောက်ပြီး အကယ်ဒမီရဲ့အာဏာပိုင်တွေ အကုန်လုံးက ငါ့ကို တော်တော်လေးစားတယ်။ ဒါ့အပြင် ဌာနမှူးရှောင် က ငါ့ကို အထူးအခွင့်အရေးတွေ အများကြီးပေးထားတယ်။ အတိုချုပ်ပြောရရင် သူတို့က ငါ့ကို အဓိကကျောင်းသားတစ်ယောက်လို ပျိုးထောင်ပေးနေတာပဲ”

ယန်ယဲ့က ပြုံးပြီး
"မင်းအတွက်ဂုဏ်ယူပါတယ်"

ရှုဝူရှန်း က ရုတ်တရက်ပြောလိုက်သည်
"ငါမင်းနဲ့သိပ်မဝေးတော့ဘူး"

ယန်ယဲ့က သိချင်သွားပြီး "ဘာလို့လဲ"

"ဘာလို့လဲဆိုတော့ ငါက
သိုင်းပညာအဆင့်သတ်မှတ်ချက်ကို
ဝင်ဖို့ကျင့်ကြံတော့မယ်။ အရင်တုန်းက

ဗဟိုနတ်ဘုရားစီရင်စုကို
ရောက်တုန်းကတော့
သိုင်းပညာအဆင့်သတ်မှတ်ချက်ကို
တွေးတောင်မတွေးရဲခဲ့ဘူး။ဒါပေမဲ့ အခု
ငါ့မှာ သမင်ဖြူအကယ်ဒမီရဲ့ပံ့ပိုးမှု
အပြည့်ရှိတော့ ငါကြိုးစားပြီး
သိုင်းပညာအဆင့်သတ်မှတ်ချက်ကို
ဝင်ရောက်ချင်တယ်။လောလောဆယ်
မဖြစ်နိုင်ရင်တောင်မှ အဆငိပြေပါတယ်။
ဘယ်လိုပဲဖြစ်ဖြစ်
သိုင်းပညာအဆင့်သတ်မှတ်ချက်ကို ဝင်ဖို့က

ငါ့ရဲ့အဓိကရည်ရွယ်ချက်လို့ ယူဆတယ်။
သိုင်းပညာအဆင့်သတ်မှတ်ချက်က
ဒီလောကမှ ငါရှုဝူရှန်း ကြိုးစားရမဲ့

ပန်းတိုင်တစ်ခုပဲ"

ယန်ယဲ့က ပြုံးပြီး “ဒါက အရမ်းကောင်းတဲ့
ရွေးချယ်မှုပါ။ မင်းအရင်တုန်းက
ဂိုဏ်းတစ်ခုရဲ့အထောက်အပံ့မရှိခဲ့ပေမဲ့
အခုမင်းမှာရှိနေပြီ။ တကယ်လို့ မင်းဟာ
ကြိုးစားပြီး

သိုင်းပညာအဆင့်သတ်မှတ်ချက်ကို
ဝင်နိုင်ရင် သမင်ဖြူကမ္ဘာအတွက်
အင်ပါယာအဆင့်ဝိညာဉ်သွေးကြောတစ်ခုရ
ယူနိုင်မယ်ဆိုတာသေချာတယ်။
အကယ်ဒမီက မင်းကိုပျိုးထောင်ပေးဖို့
ပိုပြီးအလေးအနက်ထားလာမယ်ဆိုတာ
ငါတွေးကြည့်လို့ရတယ်။ ဒါ့အပြင်မင်းရဲ့
အဆုံးမဲ့နတ်ဆိုးဂိုဏ်း လည်း အဲဒါကနေ
သေချာပေါက် အကျိုးရှိလိမ့်မယ်”

ရှုဝူရှန်းက ခေါင်းညိတ်လိုက်ပြီး

"မင်းအခန်းကထွက်သွားပြီးတာနဲ့ ငါ

သိုင်းသူတော်စင်အဆင့်ကို တက်ဖို့

တံခါးပိတ်ကျင့်ကြံတော့မယ်။

အကယ်ဒမီက ငါ့အတွက်

လိုအပ်တဲ့အရာတွေ

အကုန်စီစဉ်ပေးထားပြီ။

အဆင့်တက်နေတဲ့အချိန်မှာ

တစ်ခုခုမမှားအောင် လမ်းညွှန်ပေးဖို့

အာဏာပိုင်တစ်ယောက်တောင်

စေလွှတ်ပေးလိမ့်မယ်။ ပြီးတော့ ငါ

အဆင့်တက်နေတဲ့အချိန်မှာ သူတို့က ငါ့ကို ကာကွယ်ပေးထားလိမ့်မယ်။ ဟားဟား...

အခုတော့ စိန်အဆင့်အင်အားစုတွေရဲ့ ပါရမီရှင်တွေက ဘယ်လိုကြောင့် အရမ်းကြောက်စရာကောင်းနေတယ်ဆိုတာကို ငါ

နောက်ဆုံးတော့နားလည်သွားပြီ။သူတို့ရဲ့ ပင်ကိုယ်စွမ်းရည်နဲ့ ကြိုးစားအားထုတ်မှုအပိုင်းက ပါဝင်ပေမယ့် အရေးကြီးဆုံးအပိုင်းကတော့ သူတို့နောက်ကွယ်မှာ အင်အားစုရဲ့

အကူအညီရှိနေတာပဲ။ အခု ငါ့ကိုပဲကြည့်။ ငါ သိုင်းသူတော်စင်အဆင့်ကို တက်ချင်ချင်တယ်လို့ပဲ ပြောခဲ့တယ်၊ ပြီးတော့ အကယ်ဒမီက ငါ့အတွက် အရာအားလုံးကို ပြင်ဆင်ပေးထားခဲ့တယ်"

ယန်ယဲ့က ခေါင်းညိတ်ကာ "မင်းမှာ နောက်ခံအင်အားရှိနေပြီဆိုတော့ မင်းရဲ့ အနာဂတ်အောင်မြင်မှုတွေက အခု မင်းကိုယ်မင်းအပေါ်မှာပဲ မူတည်တယ်"

ရှုဝူရှန်းက အသက်ပြင်းပြင်းရှူပြီး
"မင်းနဲ့အတူ
နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းကို
ငါမလိုက်တော့ဘူး။ ဌာနမှူး
ပြောတာကတော့ ငါလိုက်လာရင်
မင်းအတွက်
ဝန်ထုပ်ဝန်ပိုးပဲဖြစ်လိမ့်မယ်တဲ့။
ငါအတော်လေး ကံကောင်းလိုက်တာ"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ရှုဝူရှန်းက အနည်းငယ်
ခေါင်းညိတ်ပြပြီးနောက် အခန်းထဲမှ
လှည့်ထွက်သွားသည်။
ခဏအကြာတွင် အခန်းထဲသို့
ချောမောလှပသော အမျိုးသမီးတစ်ဦး
ဝင်လာခဲ့သည်။

ယန်ယွဲ့သည် ရုတ်တရက်ဝင်လာသော
အမျိုးသမီးကို မြင်သောအခါ အနည်းငယ်
ထိတ်လန့်သွားမိသည်။ အကြောင်းမှာ
သူမက ထိုနေ့တွင် သူနှင့်တွေ့ဆုံခဲ့သော

တိမ်ပင်လယ်ကုန်သည်အုပ်စု၏
တာဝန်ခံအမျိုးသမီးဖြစ်နေသောကြောင့်ပင်
တည်း။

"ငါ့နာမည်က ပိုင်ရှန်းယောင် ပါ"
အမျိုးသမီးက ယန်ယဲ့၏ ကုတင်ဘေးနားသို့
လျှောက်လာပြီး လှပစွာပြုံးရင်း "ဒါဆို နင်
ငါ့ကို မန်နေဂျာပိုင် လို့ ခေါ်လို့ရတယ်"

ယန်ယဲ့က ခေါင်းညိတ်ပြီး "ကောင်းပြီ...
မန်နေဂျာပိုင်၊ မင်းတစ်ခုခုလိုသေးလား"

"အရင်ဦးဆု၏အနေနဲ့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲနဲ့ပြိုင်ပွဲမှာ
အနိုင်ရခဲ့လို့ ဂုဏ်ပြုပါတယ်"
ပိုင်ရှန်းယောင်က
အပြုံးလေးနှင့်ဆက်ပြောပါသည် "နင်က
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲရဲ့
ပညာရှင်တွေကို အနိုင်ယူရုံတင်မကဘူး၊
သမင်ဖြူအကယ်ဒမီရဲ့ လူငယ်မျိုးဆက်မှာ
နံပါတ်တစ်ပညာရှင်ဖြစ်တဲ့ ဖုန်းချင်းယီနဲ့
ယှဉ်တာတောင် မရှုံးခဲ့ဘူး။

လောလောဆယ်မှာတော့
နင့်ရဲ့ဂုဏ်သတင်းက တကယ်ကို
အားရစရာကောင်းတယ်”

ယန်ယဲ့က ပြုံးပြီး "မန်နေဂျာပိုင်၊ မင်းငါ့ကို
ဂုဏ်ပြုစကားပြောဖို့သက်သက်ရောက်လာ
တာမဟုတ်တာတော့ပဲ သေချာတယ်...
မှန်တယ်မဟုတ်လား"

ပိုင်ရှန်းယောင်က ပြုံးလိုက်ပြီး "ငါ့ရဲ့
စီမံခန့်ခွဲမှုအောက်မှာရှိတဲ့

တိမ်ပင်လယ်ကုန်သည်အုပ်စုခွဲတွေက
လူငယ်သခင်လေးယန် နဲ့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲတို့ကြားက
ပြိုင်ပွဲမှာ လောင်းကြေးဖွင့်ခဲ့တယ်။
လူငယ်သခင်လေးယန် ဒါမှမဟုတ်
ဥပဒေထိန်သိမ်းရေးအဖွဲ့ခွဲကပဲ
အနိုင်ရမလားဆိုတဲ့
လောင်းကြေးပေါ့။လူတော်တော်များများက
လောင်းကြေးထပ်ဖို့လာကြတယ်။ လူတွေ
အများကြီး.... ကံမကောင်းစွာပဲ၊

သူတို့အားလုံးက သခင်လေးယန်  ရှုံးမယ်လို့ လောင်းကြေးထပ်ကြတယ်"

ယန်ယွဲ့သည် အနည်းငယ် အံ့အားသင့်သွားပြီး “မန်နေဂျာပိုင်၊ ပြောရရင် မင်းက တကယ်သတ္တိကောင်းတယ်။ ပြိုင်ပွဲမှာငါရှုံး ခဲ့ရင် မင်း ဒေဝါလီခံသွားမှာ မဟုတ်ဘူးလား"

“မှန်တယ်.... ငါ
ဒေဝါလီခံရုံတင်မကဘူး၊ ငါသေပါသေလိမ့်
မယ်" သူမက ဆက်ပြောပါသည် “ဒါပေမဲ့ ငါ
မှန်ကန်တဲ့
လောင်းကြေးတစ်ခုလုပ်ခဲ့တယ်လေ။
ဒီလောင်းကြေးက
ငါ့တိမ်ပင်လယ်ကုန်သည်အုပ်စုကို
အရမ်းကြောက်စရာကောင်းတဲ့
အကျိုးအမြတ်တွေယူလာပေးတဲ့အပြင်
ငါ့ကလန်အတွက်ပါ
အဆင့်အတန်းတစ်ခုပေးခဲ့တယ်။

ဒါတွေအားလုံးက သခင်လေးယန် ရဲ့

ကျေးဇူးပဲ”

ဤအချက်ထိ ပြောပြီးနောက်

ပိုင်ရှန်းယောင်က

ရွှေရောင်ကတ်တစ်ကတ်ကို ထုတ်ယူပြီး

ယန်ယဲ့နံဘေးတွင် တင်ထားလိုက်ကာ

"ဒါက ငါ့တိမ်ပင်လယ်ကုန်သည်အုပ်စုရဲ့

ရွှေအဆင့်ကတ်ပြားလေ။ အဲဒါက

ငါတို့လက်ရှိသုံးတဲ့ အနက်ရောင်ကတ်ထက်

အများကြီးပိုမြင့်တယ်။ နင့်လက်ထဲမှာ

ဒီရွှေကတ်ရှိနေရင်

တိမ်ပင်လယ်ကုန်သည်အုပ်စုကို လာတာနဲ့

ထင်မထားတဲ့အရာတွေ ရနိုင်လိမ့်မယ်။

ပြီးတော့ ငါ့တိမ်ပင်လယ်ကုန်သည်အုပ်စုက

သခင်လေးယန် ကို

မူလခရမ်းရောင်သလင်းကျောက်တွေ

ချေးငှားနိုင်တယ်။

အကန့်အသတ်တော့ရှိတယ်။

သခင်လေးယန် က

မူလခရမ်းရောင်သလင်းကျောက် (၁၀၀၀၀)

ကို ဒီအတိုင်းချေးငှားနိုင်တယ်။ ဒါ့အပြင်
ဘာအတိုးမှပေးစရာမလိုဘူး"

၁၃၈၈

Almighty Sword Domain
အဆုံးမဲ့ဓားကမ္ဘာ
(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]
ဘာသာပြန်သူ - ညီညီစိုး
အပိုင်း ၁၃၈၈ -
ကောင်းကင်မြို့တော်သို့နောက်တစ်ကြိမ်

“ဒီမျိုးနွယ်စုတွေက

သူတို့ရဲ့ဂုဏ်သိက္ခာအစိုးရိမ်ဆုံးပဲ။ ဒီတစ်ခါ

ငါတို့ရဲ့ရည်ရွယ်ချက်က သူတို့မျက်နှာကို

ဖြတ်ရိုက်လိုက်တာနဲ့တောင်

မတူဘူး။ ဒီလိုအခြေအနေမျိုးမှာ

မင်းကိုသတ်တာလို့ မပြောဘဲ၊

ငါတို့သမင်ဖြူအကယ်ဒမီရဲ့

အင်ပါယာအဆင့် ဒီလောကကို

ပြန်ဆင်းလာရင်တောင်မှ သူတို့က

တိုက်ခိုက်ဝံ့မှာဘဲ” ရှောင်ပိုင်လီက

ဆက်ပြောခဲ့သည် “ဟုတ်တယ်၊

အခုပြောနေတာတွေက

အဆိုးဆုံးအခြေအနေအတွက်

ကြိုတွေးထားတာပဲ။ သူတို့က

ဂုဏ်သိက္ခာကို ဂရုစိုက်ပေမယ်လို့

လူမိုက်တွေတော့ မဟုတ်ဘူး။ ဒါ့အပြင်

ငါတို့က သူတို့ကိုသတ်ဖို့

နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းဆီ

သွားတာမဟုတ်ဘူးလေ။ မင်းရဲ့ဇနီးကို

ပြန်ခေါ်ဖို့ သွားရုံလေးတင်မဟုတ်လား။

တိုတိုပြောရရင်၊ ငါတို့ကို အားပေးဖို့
မိတ်ဟောင်းဆွေဟောင်းတွေ ရရင်
ပိုလို့ခြိုက်တယ်…”

ရှောင်ပိုင်လီက ဤအထိပြောပြီးနောက်
ယန်ယဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး "
မင်းက နတ်ကြိုးကြာကမ္ဘာကို
အရင်သွားပြီးတော့
ငါ့ကိုစောင့်နေပါ။ ငါမရောက်မချင်း
ဘယ်အရာကိုမှ ကမူးရှူးထိုး မလုပ်မိဖို့
သတိရပါ။ အဲဒီနေရာက

ငါတို့ရဲ့သမင်ဖြူကမှော်မဟုတ်ဘူးဆိုတာ

မင်းသတိထားရမယ်။ သူတို့မှာ

ဘာအတွင်းရေးပဋိပက္ခမှ မရှိဘူး။

အကုန်လုံးစည်းလုံးကြတယ်။ ဒါကြောင့်

မင်းက အရှူးတစ်ယောက်လို

လျှောက်လုပ်ရင်တော့

နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းရဲ့

ပညာရှင်တွေက မင်းကို

ငရဲအရောက်ဝိုင်းပို့ပေးလိမ့်မယ်"

ယန်ယဲ့က ခေါင်းညိတ်ပြီး "ဥာနမှူးရှောင်၊ စိတ်မပူပါနဲ့..... ငါက စိတ်ထင်ရာလျှောက်မလုပ်ပါဘူး"

ယန်ယဲ့ ခေါင်းညိတ်လိုက်သောအခါ ရှောင်ပိုင်လီက အနည်းငယ်သက်သာရာရသွားပြီး နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ရှောင်ပိုင်လီ ထွက်သွားပြီးနောက် ယန်ယဲ့၏ ပုံရိပ်သည် တဖျပ်ဖျပ်တောက်ပလာပြီး

ကောင်းကင်အထက်သို့
ပျံတက်သွားလေသည်။

နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းကို
သွားလိုပါက ကောင်းကင်မြို့တော်သို့
သွားရောက်ပြီး
တိမ်သင်္ဘောစီးနင်းရပေမည်။အကြောင်းက
တော့ သမင်ဖြူကမ္ဘာနှင့်
နတ်ကြိုးကြာကကမ္ဘာက အလွန်
ဝေးသောကြောင့်ပင်။
အရှိန်ကိုအမြင့်ဆုံးထိမြှင့်ပြီး

ပျံသန်းသွားပါက
ရက်အနည်းငယ်ကြာနိုင်သည်။

သို့သော်လည်း ယန်ယွဲ့တွင် အချိန်
တစ်ရက်သာ ရခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်
ယန်ယွဲ့သည် ကောင်းကင်မြို့တော်
သို့ရောက်လာခဲ့သည်။
သို့သော် သူ လက်မှတ်ဝယ်သောအခါ
ကောင်းကင်မြို့တော်ရှိ တိမ်သဘော်များကို

ယာယီရပ်နားထားကြောင်း
အဆိုပါဌာနခွဲရှိဝန်ထမ်းများက
ပြောကြားခဲ့သည်။ အကြောင်းအရင်းကို
ဝန်ထမ်းက မသိဘဲ အထက်အာဏာပိုင်များ
ထံမှ အမိန့်အရဖြစ်သည်ဟုသာ ပြောခဲ့၏။

တိမ်သင်္ဘောများက
တိမ်ပင်လယ်ကုန်သည်အုပ်စုပိုင်ဖြစ်ရာ
ယန်ယဲ့သည် ကောင်းကင်မြို့တော်ရှိ
တိမ်ပင်လယ်ကုန်သည်အုပ်စုဌာနခွဲသို့
ဦးတည်သွားခဲ့သည်။

ဘာနခဲ့သို့ ရောက်လာချိန်တွင် လူငယ်တစ်ယောက်က သူ့ကို လာနှုတ်ဆက်သည်။ လူငယ်က ယန်ယဲ့ကို လက်နှစ်ဖက်စုအရိုအသေပြုပြီး "သခင်လေး၊ ဒီမှာ တစ်ခုခုလိုသေးလား" ဟု မေးလေသည်။

ယန်ယဲ့က လူငယ်ကို ခေါင်းညိတ်ပြကာ "ငါ မန်နေဂျာပိုင် ကိုရှာနေတာ။ သူမ ဒီမှာရှိသလား"

လူငယ်က အနည်းငယ်
အံ့အားသင့်သွားပုံရပြီး “မင်းမှာ မန်
နေဂျာပိုင် နဲ့ချိန်းထားတာရှိလား”ဟု မေးရင်း
ယန်ယဲ့ကို
စစ်ဆေးသလိုကြည့်နေလေသည်။

"ချိန်းထားတာလား" ယန်ယဲ့က
အံ့အားသင့်သွားပြီး "ငါ သူမကို တွေ့ချင်ရင်
ချိန်းဆိုရတာလား"

"ဟုတ်တယ်" လူငယ်က ဆက်ပြောလိုက်သည် " မန်နေဂျာပိုင် နဲ့ တွေ့ချင်တဲ့သူတိုင်းက ရက်ချိန်းရှိရမယ်။ မင်းမှာမရှိရင် ငါတောင်းပန်ပါတယ်... ဒါက မဖြစ်နိုင်ဘူး"

ယန်ယဲ့က ခဏလောက်တွေးနေပြီး ပိုင်ရှန်းယောင် ပေးထားသည့် ရွှေကတ်ပြားကို ထုတ်ယူက "ဒါဆို ငါ သူမကို တွေ့လို့ရမလား"

ရှေ့ကတ်ပြား ကိုမြင်သောအခါ

လူငယ်၏အမူအရာက

ပြောင်းလဲသွားပြီးနောက် သူ့မျက်နှာတွင်

ချက်ချင်းလေးစားလာကာ

“ဟုတ်တယ်...ဒါက တွေ့....

တွေ့လို့ရပါတယ်။ လေးစားရပါသော

ညွှန်သည်တော်၊ ခဏလောက်

စောင့်ပါ။ မင်းရောက်လာတာကို

မန်နေဂျာပိုင် ဆီ

ချက်ချင်းသတင်းပို့လိုက်မယ်"

စကားပြောပြီးသည်နှင့် လူငယ်က
ယန်ယဲအား ရိုသေစွာ ဦးညွှတ်ကာ
နောက်လှည့်ပြီး
ထွက်သွားလေသည်။ ထို့အပြင်
ဝန်ထမ်းတစ်ဦး ရောက်လာပြီး ယန်ယဲ့ကို
ဖိတ်ခေါ်ကာ အဆင့်မြင့် လက်ဖက်ရည်ဖြင့်
ညှော်ခံခဲ့သည်။

ယန်ယဲ့သည် လက်ဖက်ရည်ကို
မသောက်ခင် ကြည့်လိုက်ရာ
အဆင့်နိမ့်သူတော်စင်လက်ဖက်ရည်ဖြစ်နေ

ကြောင်း သတိထားမိပြီး မျက်လုံးထဲ၌ အံ့အားသင့်သော အရိပ်အယောင်များ ပေါ်လာသည်။

ယန်ယွဲ့သည် သူ့လက်ထဲက ရွှေကတ်ကို တစ်ချက်ကြည့်လိုက်ပြီး "ဒီအရာက တကယ်ကို အသုံးဝင်တယ်"

ဤအချိန်မှာပဲ အစောပိုင်းက လူငယ်လေး ပြန်ရောက်လာပါသည်။ လူငယ်က ယန်ယွဲ့ ဆီသို့ လျှောက်လာပြီး

တောင်းပန်နေသောလေသံဖြင့်
“လေးစားရပါသောဧည့်သည်တော်၊
ငါတောင်းပန်ပါတယ်..။ မန်နေဂျာပိုင် က
အထူးဧည့်သည်တော်တစ်ယောက်ကို
ဧည့်ခံနေတုန်းပဲ။ ဒါနဲ့... ငါ သူမကို
မတွေ့နိုင်ဘူး”

ယန်ယဲ့က “ဘယ်လောက်ကြာမှာလဲ”
ဟုမေးလိုက်၏။

လူငယ်က “တစ်နာရီ၊ နှစ်နာရီလောက်ဆို” ဟု လေးလေးစားစား ပြန်ဖြေသည်။

ယန်ယဲ့သည် ခဏကြာ တုံ့ဆိုင်းသွားပြီး ခေါင်းညိတ်ကာ “အဆင်ပြေပါတယ်။ ဒါဆို ငါစောင့်နေမယ်"

“ကောင်းပြီ” ထိုလူငယ်က ဆက်ပြောခဲ့သည် “ငါ့နာမည်က ရှောင်လီ လို့ခေါ်တယ်။ လေးစားရပါသောညှော့သည်တော်၊ တစ်ခုခုလိုအပ်တာရှိရင်

ငါ့ကိုအကြောင်းကြားပါ” လူငယ်က
စကားပြောပြီးသည်နှင့်
အရိုအသေတစ်ချက်ပြုကာ
လှည့်ထွက်သွားသည်။

လူငယ်ထွက်သွားပြီးနောက်တွင်
ယန်ယဲ့သည် မျက်လုံးများကိုမှိတ်လိုက်ပြီး
လေးလေးနက်နက် တွေးတောလိုက်သည်။

သူ၏ခရီးစဉ်တွင် အဓိကပြဿနာမှာ
နတ်ကြိုးကြာတစ်ထောင်ဂိုဏ်း သို့မဟုတ်

မိုကလန် မဟုတ်ပေ၊ ရှောင်ယုရှီ
သာအဓိကဖြစ်သည်။

သူမက သူ့အပေါ် ခံစားချက်အချို့ရှိခဲ့ပြီး
သူ့ဇနီးဖြစ်ကြောင်း ယုံကြည်သော်လည်း
သူမ၏မှတ်ဉာဏ်များက
ပြန်လည်ကောင်းမွန်လာခြင်းမရှိပေ။
ယန်ယဲ့သည် ရှောင်ယုရှီ နှင့်တွေ့ဆုံချိန်က
သူမ ခံစားနေရသည့် နာကျင်မှုကို
သတိထားမိခဲ့သည်။ ထို့အပြင်
သူ့အတွက်ကား မှတ်ဉာဏ်အပြည့်ရှိသည့်

ရှောင်ယုရှီ သာလျှင် ပြီးပြည့်စုံသော
ရှောင်ယုရှီ ဖြစ်သည်။ ယခုမူကား သူမ၏
မှတ်ဉာဏ်ကို ချိတ်ပိတ်ထားသဖြင့်
ရှောင်ယုရှီက မပြည့်စုံသေးပေ။

ဤတစ်ကြိမ် သူ၏ အဓိက ရည်ရွယ်ချက်က
ရှောင်ယုရှီ၏ မှတ်ဉာဏ်များကို
ပြန်ပြီးဖွင့်ပေးဖို့
နည်းလမ်းတစ်ခုရှာရန်ပင်။ထိုနည်းလမ်းက
ချိတ်ပိတ်ထားသူကို ရှာပြီး
ဖြေရှင်းခိုင်းဖို့သာ။ ဤသို့ဖြင့် ယန်ယဲ့၏

စိတ်ထဲတွင်အတွေးတစ်ခုနှင့်
အစီအစဉ်တစ်ခု တဖြည်းဖြည်း
ပေါ်လာခဲ့သည်။

ဤအခိုက်အတန့်တွင် အနီရောင်ဝတ်စုံဝတ်
အမျိုးသမီးတစ်ဦးက ခန်းမထဲသို့
ရုတ်တရက် ရောက်လာခဲ့သည်။ ရှောင်လီက
ခန်းမထဲသို့ ရုတ်တရက် ပေါ်လာပြီး
အမျိုးသမီးရှေ့သို့
ကမန်းကတန်းသွားလိုက်သည်။ ရှောင်လီက
သူမ ထံသို့ အလျင်အမြန်ပြေးလာချိန်တွင်

အမျိုးသမီးက  လက်ကို ဝှေ့ယမ်းလိုက်ပြီး "ပိုင်ရှန်းယောင် က အခုထိ မပြီးသေးဘူးလား"

ရှောင်လီက "မိန်းကလေး၊ မန်နေဂျာပိုင် က မပြီးသေးဘူး" ဟု အမြန်ပြန်ဖြေလိုက်သည်။

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက လက်ကိုမြှောက်ပြီး နံဘေးရှိ စားပွဲကို ရုတ်တရက် ရိုက်ချလိုက်ရာ

စားပွဲတစ်ခုလုံးက ချက်ချင်းပင် အမှုန့်ဖြစ်သွားသည်။သူမက ဒေါသတကြီး အော်လိုက်သည် "ပိုင်ရှန်းယောင်က တကယ်ကို မာနကြီးလာတယ်။ သူက ငါလီရှဲ့ချင်ကို တစ်နာရီစောင့်ခိုင်းတာတောင် သူ့အတွက် မလုံလောက်ဘူးထင်လား။ ငါ့ကို တစ်ရက်လောက်စောင့်ခိုင်းဖို့ ကြံနေတာလား"

ရှောင်လီက ရိုသေစွာ ဦးညွှတ်လိုက်ပြီး "မိန်းကလေး၊ ကျေးဇူးပြုပြီး

စိတ်အေးအေးထားပါ။ မန်နေဂျာပိုင် က အထူးဧည့်သည်တော်တစ်ယောက်ကို ဧည့်ခံနေတာပါ။ သူ့ကို ဘယ်သူကမှ နှောင့်ယှက်ခွင့်မပြုဖို့ အမိန့်ပေးထားတယ်။ ပြီးတာနဲ့ ငါချက်ချင်းသွားပြောလိုက်ပါ့မယ်....”

ဖြန်း!

ဤအချိန်တွင် လီရှဲ့ချင်က ရှောင်လီကို ရုတ်တရက် ပါးဖြတ်ရိုက်လိုက်သည်။

ရှောင်လီ၏ ပါးစပ်မှ သွေးများစီးကျလာပြီး အခန်းဝသို့ လွင့်စင်သွားသည်။

"ပြန်သွားပြီးပြောလိုက်။ သူမကို နောက် ၁၅ မိနစ်အတွင်းမတွေ့ရင် အဲဒီတိမ်သဘော်တွေကို ငါကိုယ်တိုင်ပဲ သိမ်းယူလိုက်မယ်" လီရှဲ့ချင်က မြေပြင်ပေါ်တွင် လဲကျနေသော ရှောင်လီ ကို အေးစက်စွာ တစ်ချက်ကြည့်လိုက်ပြီး "သူမက ငါ့လီကလန်ကို တချို့အရာတွေ မလုပ်နိုင်ဘူးလို့ မထင်လိုက်နဲ့။ သူနဲ့

ပိုင်ကလန်က အရည်အချင်းမပြည့်မီဘူးလို့ သူမကိုပြောလိုက်”

ယန်ယဲ့သည် သူ့လက်ညှိုးကို ပွတ်ဆွဲလိုက်ရာ ရှောင်လီ၏အောက်တွင် လေပြင်းတစ်ချက် ချက်ချင်းပေါ်လာသည်။ ရှောင်လီက အနည်းငယ်လန့်သွားပြီး ယန်ယဲ့ကို မော့ကြည့်လိုက်သည်။ ယန်ယဲ့က ခေါင်းတစ်ချက်ညိတ်ကာ "မင်းထွက်သွားလို့ရပြီ"

ရှောင်လီက ယန်ယဲ့ကို ဆောလျင်စွာ ဦးညွှတ်လိုက်ပြီး ဝမ်းနည်းသောအမူအရာဖြင့် နောက်ပြန်ဆုတ်ခွာသွားခဲ့သည်။

ဤအချိန်တွင် လီရှဲ့ချင်က ယန်ယဲ့ကို ရုတ်တရက် စိုက်ကြည့်ကာ "ဘာလို့ ဒီလိုလုပ်တာလဲ"

ယန်ယဲ့က သူမကို တစ်ချက်ကြည့်လိုက်ပြီး "ဘာအကြောင်းပြချက်မှ မရှိဘူး၊ ငါ့ဘာသာငါလုပ်ချင်လို့လုပ်တာ"

လီရှဲ့ချင်က စကားပြောဖို့ပြင်နေစဉ် ဤအချိန်မှာပဲ ပိုင်ရှန်းယောင်က အဖြူတစ်ဝက်အစိမ်းရောင်တစ်ဝက်ဝတ်ရုံ အမျိုးသမီးတစ်ဦးနှင့်အတူ အတွင်းခန်းထဲမှ ထွက်လာခဲ့သည်။

“စိတ်မပူပါနဲ့

သခင်မလေး။ နင်တောင်းသမျှကို ပြင်ဆင်ဖို့

ငါအမိန့်ပေးထားလိုက်ပြီ။ အဲဒီတိမ်သင်္ဘော

ကို တစ်ယောက်ယောက်က

လိုက်ပို့ပေးလိမ့်မယ်။ နင်လိုအပ်တာမှန်သမျှ

သုံးလို့ရတယ်" ပိုင်ရှန်းယောင် က

ထိုအမျိုးသမီးကို စူးစူးစိုက်စိုက်ကြည့်ကာ

တိုးတိုးလေးပြောလိုက်လေသည်။

သူမ၏လေသံက အတော်လေး

လေးစားနေပုံပါ။

အမျိုးသမီးက ပေါ့ပေါ့ပါးပါး ခေါင်းညိတ်ပြီး "ဒါဆို ငါက မိန်းကလေးပိုင် ကို ဒုက္ခပေးရဦးမယ်"

"ဒါက ဘာမှမဖြစ်ပါဘူး၊ ငါ့တာဝန်ပဲလေ " ပိုင်ရှန်းယောင်က ပြုံးပြီး "နင်... အလှမယ်ယွဲ့ က အနာဂတ်မှာ ကောင်းကင်မြို့တော်ကို လာလို့ တစ်ခုခု လိုအပ်တာရှိသွားရင် ငါ့ကို ခွင့်လွှတ်ပေးပါ"

"ဒါပေါ့" အမျိုးသမီးက ဆက်ပြောလိုက်သည် “အခုတော့ နောက်ကျနေပြီ၊ ငါ့မှာ လုပ်စရာတွေရှိတယ်။ဒီမှာပဲ နှုတ်ဆက်လိုက်တာပေါ့"

အမျိုးသမီးက စကားပြောပြီးသည်နှင့် ထွက်သွားဖို့ ပြင်သည်။ ဤအချိန်တွင် လီရှဲ့ချင်က သူမ၏ရှေ့ ပိတ်ရပ်လိုက်ရာ "နင်က ဘယ်သူလဲ" ဟု အမျိုးသမီးက အနည်းငယ်

မျက်မှောင်ကြုတ်လျက်မေးလိုက်လေသည်
။

လီရှဲ့ချင်က "ခုနတုန်းက နင် တိမ်သဘော်ကို ငှားဖို့ ကြံနေတာ ငါကြားတယ်"

အမျိုးသမီးက အနည်းငယ်
ခေါင်းညိတ်သည်။

လီရှဲ့ချင်က အေးစက်စွာ ရယ်မောလိုက်ပြီး
"တောင်းပန်ပါတယ်၊ ဒါပေမဲ့

တိမ်သဘောင်ကို နင့်လက်ထဲ

ဘာမှမပေးနိုင်ဘူး"

အမျိုးသမီးက “ဘာလို့လဲ” ဟု

မေးလိုက်လေသည်။

၁၃၈၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၈၉ - နင့်ရဲ့အကြည့်ကို
ငါသည်းမခံနိုင်ဘူး

လီရွဲ့ချင်က အမျိုးသမီးအား ပြန်မဖြေဘဲ
မျက်မှောင်ကြုတ်နေသည့် ပိုင်ရှန်းယောင်
ကို စိုက်ကြည့်နေသည်။ ထို့နောက်
အမိန့်ပေးတံဆိပ်ပြားတစ်ခုကို
ထုတ်ယူလိုက်ပြီး "ပိုင်ရှန်းယောင်၊
ဌာနချုပ်က ကောင်းကင်မြို့မှာရှိတဲ့
တိမ်သဘော်အားလုံးကို
ငါ့ရဲ့တိမ်အလင်းမြို့တော်ဆီ

ယာယီလွှဲပြောင်းပေးဖို့ အမိန့်ပေးခဲ့တယ်။
တိမ်သဘော်တွေယူဖို့ ငါ့ တိမ်အလင်းမြို့က
လူတွေ စေလွှတ်လိုက်မယ်"

ပိုင်ရှန်းယောင်က အမိန့်ပေးတံဆိပ်ပြားကို
ကြည့်ပြီး မျက်မှောင်ကြုတ်ကာ "ဘာလို့
ဌာနချုပ်ဆီက အမိန့်မရသေးတာလဲ"

"နင် မကြာခင် ရလိမ့်မယ်" လီရှဲ့ချင်က
ဆက်ပြောပါသည် “အခု
ကောင်းကင်မြို့တော်က

တိမ်သဘော်တွေအားလုံးကို
ငါယူလိုက်ပြီ။ ဒါကြောင့်
နင့်ရဲ့လက်အောက်ငယ်သားတွေကို
ငါနဲ့ပူးပေါင်းလုပ်ဆောင်ဖို့ အမိန့်ပေးတယ် "

ပိုင်ရှန်းယောင်က လီရှဲ့ချင်ကို စိုက်ကြည့်ကာ
သူမလက်ထဲရှိ အမိန့်တံဆိပ်ပြားကို
တစ်ချက်ကြည့်လိုက်ပြီးနောက် ခဏကြာ
လေးလေးနက်နက် စဉ်းစားနေလိုက်သည်။
ထို့နောက် သူမက "အမိန့်ပေးတံဆိပ်ပြားက
မှန်ပါတယ်။ နင်နဲ့ပူးပေါင်းပြီး

တိမ်သဘော်တွေကို ပို့ဆောင်ပေးဖို့ သူတို့ကို
ငါ အမိန့်ပေးလိုက်မယ်။ ဒါပေမဲ့
အလှမယ်ယဲ့ က ကြိုပြီးမှာထားလို့
တိမ်သဘော် ၉ စင်းပဲ ကျန်တော့တယ်။
ဒါဆို နင်က တိမ်သဘော် ၉ စင်းကို
ယူသွားလိုက်ပေါ့"

လီရှဲ့ချင်က အေးစက်စွာ ရယ်မောလိုက်ပြီး
"ပိုင်ရှန်းယောင်၊ နင် ငါ့စကားကို
ရှင်းရှင်းလင်းလင်း
မကြားလိုက်ဘူးလား။ ကောင်းပြီ! ငါ

နောက်တစ်ကြိမ်ထပ်ပြောမယ်။ ဌာနချုပ်က ငါ့ကို တိမ်သဘော်တွေအားလုံး ထိန်းချုပ်စေချင်တယ်။ ကောင်းကင်မြို့တော်မှာ တိမ်သဘော် ၁၀ စင်းရှိတော့ ငါက ၁၀ စင်းလုံး ယူမယ်။ နားလည်လား"

ပိုင်ရှန်းယောင်က မျက်နှာပျက်သွားပြီး "အလှမယ်ယဲ့ ကို တစ်စင်းငှားထားတယ်"

"သူမကိုလား" လီရှဲ့ချင်က အေးစက်သောအကြည့်ဖြင့် အမျိုးသမီးကို

ကြည့်လိုက်ပြီး လျှောင်ပြောင်ရယ်မောကာ "ဘာလို့ သူ့ကို ပေးရမှာလဲ။ ပိုင်ရှန်းယောင်၊ ငါ

အဲ့လိုမလုပ်နိုင်ဘူးလို့နင့်ကိုပြောနေတယ်"

"ဒီက မိန်းကလေး၊ ငါတို့ တစ်ယောက်နဲ့တစ်ယောက် သိပ်ပုံမပေါ်ဘူး မဟုတ်လား" ဤအချိန်တွင် အမျိုးသမီးက လီရှဲ့ချင် ကို ရုတ်တရက် စိုက်ကြည့်ကာ "နင်က ဘာလို့ ငါ့အပေါ် ရန်လိုမှုတွေ ပြည့်နေတာလဲ"

လီရှဲချင်က "ငါ နင့်ရဲ့အကြည့်ကို
သည်းမခံနိုင်ဘူး.. ဒါဆို လုံလောက်ပြီလား

အမျိုးသမီးက လီရှဲချင်ကို စိုက်ကြည့်ကာ
"ဘာလို့လဲ" ဟု ထပ်မေးပြန်သည်။

ဘေးကနေ ရပ်ကြည့်နေသည့် ယန်ယဲ့က
ပါးစပ်ထောင့်များသည် အနည်းငယ်
လှုပ်ယမ်းသွားပြီး " သူမက မင်းနဲ့

ပြဿနာရှာနေတာလေ။ ဒါကို
သေချာမသိဘူးလား"

ပိုင်ရှန်ယယောင်က
စကားမပြောသော်လည်း လီရှဲ့ချင်ကို
ကြည့်နေသည့် မျက်လုံးများကတော့
သနားစရာအရိပ်အယောင်များ
ရှိနေပါသည်။

လီရှဲ့ချင်က အမျိုးသမီး၏မေးခွန်းကြောင့်
ချက်ချင်းအံ့အားသင့်သွားပြီး အမျိုးသမီးကို

လက်ညှိုးငေါက်ငေါက်ထိုးကာ

“ခွေးမလေး! နင့်ရဲ့အကြည့်ကို

ငါသည်းမခံနိုင်ဘူး… နားလည်လား။ ငါ

နင့်ကို မကြိုက်ဘူး၊ ဒါကြောင့် နင့်ကို

တိမ်သဘော်

မဟွားဘူး။ နင်အခုနားလည်ပြီလား"

"ဘယ်လောက်တောင်

ဂုဏ်မောက်နေတာလဲ" ဤအချိန်တွင်

ပိုင်ရှန်းယောင်က ဒေါသတကြီး

အော်ဟစ်လိုက်သည် "လီရွဲ့ချင်၊

အလှမယ်ယှဲ့ ကို
အခုချက်ချင်းတောင်းပန်လိုက်။ မဟုတ်ရင်
နင့်ကို ဒီခန်းမထဲက
ထွက်သွားခွင့်မပြုနိုင်ဘူး"

"နင်သာ ဂုဏ်မောက်နေတာ" လီရှဲ့ချင်က
ဒေါသတကြီး ပြန်အော်သည်
"ပိုင်ရှန်းယောင်၊ နင့်ကိုယ်နင်
ဘယ်သူထင်နေလို့လဲ။ ငါ ဒီခန်းမထဲက
ထွက်သွားနိုင်မှာ
မဟုတ်ဘူးလား။ နင့်မှာဒီလိုလုပ်ဖို့ဘာရှိလဲ"

တစ်ချိန်တည်းမှာပင် သူမက
လက်ခုပ်တစ်ချက်တီးလိုက်ရာ
နောက်ကွယ်တွင် အဘိုးအို၂ယောက်
ပေါ်လာသ ည်။

" အဆင့်မြင့်သိုင်းသူတော်စင်တွေ
"ပိုင်ရှန်းယောင်က ချက်ချင်း
မျက်နှာပျက်သွားသည်။

တစ်ချိန်တည်းမှာပဲ လီရွဲ့ချင်က
အမျိုးသမီးကို ရုတ်တရက်

လက်ညှိုးထိုးပြပြီး "သူမနဲ့ ပတ်သက်ပြီး
တစ်ခုခုတော့ လွဲနေပြီလို့ ငါ
ထင်တယ်။ သူမကို ဖမ်းလိုက်။ ပြီးကျရင်
မေးခွန်းနည်းနည်းလောက် မေးလိုက်ပါ"

လီရှဲ့ချင်၏ နောက်မှ အဘိုးအို
တစ်ယောက်က လက်ကို ဆန့်ထုတ်ပြီး
အမျိုးသမီးကို ဖမ်းဖို့ ပြင်လိုက်သည်။

သို့သော်လည်း အဘိုးအို၏
မျက်လုံးများသည် ရုတ်တရက်

ပြုံးကျယ်သွားပြီးနောက်
သူ့မျက်လုံးများထဲတွင် ထိတ်လန့်မှုများ
ပေါ်လာသည်။ ထို့နောက်အဘိုးအို၏
မျက်လုံးများက အရောင်များတဖြည်းဖြည်း
မှိန်ဖျော့သွားပြီး ဘုန်းခနဲ
မြေပြင်ပေါ် ပြိုလဲကျသွားခဲ့သည်။

ဤအခိုက်အတန့်တွင် အဘိုးအို၏
နဖူးအလယ်က သွေးဒဏ်ရာတစ်ခုရှိနေပြီး
အမျိုးသမီး၏လက်ထဲ၌ ဝါးဓားတစ်ချောင်း
ရုတ်တရက် ပေါ်လာသည်။

ယန်ယွဲ့သည်ပက် ရုတ်တရက်
မတ်တပ်ထရပ်လိုက်ပြီး သူ့မျက်လုံးထဲ၌
အနည်းငယ် ထိတ်လန့်သွားမိသည်။

လီရွဲ့ချင် နှင့် သူမ၏ နောက်ကွယ်ရှိ
ကျန်အဘိုးအိုတို့ပင်
အံ့အားသင့်သွားကြသည်။ အမျိုးသမီး၏
လက်ထဲမှ ဝါးဓားကို မြင်သောအခါ လီရွဲ့ချင်
နောက်ကွယ်ရှိ အဘိုးအိုက ချက်ချင်းပင်

"မင်း... မင်းက မျောက်ဝံမြို့တော်ရဲ့
ဓားကေရီ ယဲ့မြောင်စူး "

အမျိုးသမီးက ခေါင်းညိတ်ပြီး
“မှန်တယ်...ငါပဲ”

အမျိုးသမီး၏ အတည်ပြုသံကို
ကြားသောအခါ အဘိုးအိုက
နတ်မိုးကြိုးပစ်ခံရသည့်အလား
မျက်နှာတစ်ပြင်လုံး ချက်ချင်းပင်
ဖျော့တော့သွားသည်။

လီရှဲ့ချင်ကတော့ အခြေအနေပိုဆိုးလာပြီး မြေပြင်ပေါ်လဲကျသွားပါတော့သည်။

ယဲ့မြောင်စူးက သူတို့နှစ်ယောက်လုံးကို ဂရုမစိုက်ပေ။ သူမ၏ဝါးဓား ကို ပြန်သိမ်းကာ ယန်ယဲ့အား တစ်ချက် ကြည့်လိုက်ပြီးနောက် ၎င်းတို့ကို ကျော်ပတ်ကာ ခန်းမထဲမှ ထွက်သွားခဲ့သည်။

ယန်ယဲ့က ထွက်သွားသော ယဲ့မြောင်စူး ကို လိုက်ကြည့်နေပြီး

အချိန်တော်တော်ကြာပြီးမှ အကြည့်ကို ပြန်ရုတ်လိုက်၏။ ထို့နောက် ပိုင်ရှန်းယောင် ဆီကို လျှောက်သွားပြီး "မန်နေဂျာပိုင်၊ မင်းဆီက တိမ်သဘော်ာတစ်စီးလောက် ငှားချင်တယ်"

ဤအချိန်တွင် ပိုင်ရှန်းယောင် လည်း ထိတ်လန့်နေရာကနေ သတိပြန်ဝင်လာ၏။ သူမ စကားပြောဖို့ပြင်နေစဉ် လီရှဲ့ချင်က ရုတ်တရက် မတ်တပ်ထရပ်လာပြီး ယန်ယွဲ့အား လက်ညှိုးထိုးကာ "နင်လည်း

ငှားချင်နေတာလား။ ဘယ်အင်အားစုကနေ လာတာလဲ။ ဘယ်အင်အားစုနဲ့ လာငှားဝံ့တာလဲ"

ယန်ယွဲ့သည် အံ့အားသင့်သွားပြီး ချက်ချင်း စကားမပြောနိုင်ပေ။

ယန်ယွဲ့သည် လီရှဲ့ချင် ကို စိုက်ကြည့်ကာ တည်ငြိမ်သောလေသံဖြင့် ပြောလိုက်၏ " ငါ မင်းကို စကားပြောနေတာမဟုတ်ဘူး"

လီရှဲ့ချင်က အေးစက်စွာ
ရယ်မောလိုက်ပြီးနောက် "အခုလက်ရှိမှာ
ကောင်းကင်မြို့တော်မှာရှိတဲ့
တိမ်သဘော်တွေအားလုံး
ငါ့ထိန်းချုပ်မှုအောက်မှာ ရှိနေတယ်"

ယန်ယဲ့က သူမကို လျစ်လျူရှုထားလိုက်ပြီး
ပိုင်ရှန်းယောင် ကိုသာ
စိုက်ကြည့်နေသည်။ပိုင်ရှန်းယောင်က
ခဏတာ လေးလေးနက်နက်
စဉ်းစားနေပြီးနောက် မေးလိုက်သည်

"သခင်လေးယန်၊ နင်က
ဘယ်ကိုသွားချင်တာလဲ"

ယန်ယဲ့က "နတ်ကြိုးကြာကမ္ဘာကို..."

"နတ်ကြိုးကြာကမ္ဘာ လား"
ပိုင်ရှန်းယောင်က အနည်းငယ်
အံ့အားသင့်သွားပြီးမှ "ဒါဆို နင်
အလှမယ်ယဲ့ နဲ့
အတူလိုက်သွားလို့ရတယ်။ သူမက

နတ်ကြိုးကြာကမ္ဘာကို ဖြတ်ပြီး
မျောက်ဝံမြို့တော်ကိုပြန်နေတာလေ"

ယန်ယဲ့က "ခုနလေးတင်
ထွက်သွားတဲ့အမျိုးသမီးလား” ဟု
မေးလိုက်သည်။

ပိုင်ရှန်းယောင်က ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့သည် ခဏကြာ လေးလေးနက်နက်
စဉ်းစားပြီး “ကောင်းပြီ” ဟု

ခေါင်းညိတ်လိုက်ပါသည်။ တိမ်သဘော်များ
က သာမန်အရာများမဟုတ်သလို လက်ရှိ
ပိုင်ရှန်းယောင်၏ ထိန်းချုပ်မှုအောက်တွင်
မရှိတော့သည်ဖြစ်ရာ သူမအား
ပြဿနာမပေးချင်ပေ။

ပိုင်ရှန်းယောင်က ပြုံးပြီးပြောလိုက်သည်
"ငါနဲ့လိုက်ခဲ့။ ငါ နင့်ကို အဲဒီကို
လိုက်ပို့ပေးမယ်"

ယန်ယဲ့က ခေါင်းညိတ်ပြီး လှည့်ထွက်ဖို့ ပြင်လိုက်သည်။ ဤအချိန်တွင် လီရှဲ့ချင်က သူ့ရှေ့ကို ရုတ်တရက် ပိတ်ရပ်နေလေသည်။

ယန်ယဲ့က ဘာမှမထူးခြားသောပုံစံဖြင့်သာ "ဘာလဲ.... မင်းတစ်ခုခုလိုသေးလား"

လီရှဲ့ချင်က "ငါ့ကို တောင်းပန်ပါ"

ယန်ယဲ့သည် စကားမပြောနိုင်သလို ခံစားလိုက်ရသည်။

လီရှဲ့ချင်၏မျက်နှာသည် ညိုမှိုင်းလာပြီး "ငါ့ကို တောင်းပန်ပါ"

ယန်ယွဲ့က သူမကို ခဏလောက် စိုက်ကြည့်ပြီးနောက် သူ့ပါးစပ်က မနေနိုင်ဘဲ လှောင်ရယ်လိုက်မိသည်။ တစ်ဆက်တည်း "မင်းကို ဘာလို့ တောင်းပန်ရမှာလဲ… ငါ အရမ်းသိချင်နေတယ်။ အကြောင်းပြချက် ပေးပါဦး၊ ကောင်းပြီလား"

"နင့်ရဲ့အကြည့်ကို
ငါသည်းမခံနိုင်ဘူး" လို့ရွဲ့ချင်က "အဲဒါဆို
လုံလောက်ပြီလား"

ယန်ယဲ့က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
"မင်းရဲ့အပြောအဆိုတွေနဲ့
အပြုအမူတွေအရ မင်းနောက်မှာရပ်နေတဲ့
အင်အားစုက သိပ်ပြီး မပျော့ညံ့ဘူးဆိုတာ
သေချာပါတယ်။ ဒါ့အပြင် မင်းဟာ
ငယ်ငယ်လေးကတည်းက

အကျင့်ပျက်ခြစားတတ်တဲ့သူတစ်ယောက်
ဖြစ်တယ်ဆိုတာ
ငါသိနေတယ်။ မင်းလိုလူတွေက
ကိုယ့်ကိုယ်ကို မာနကြီးပြီး
လောကရဲ့အရှင်သခင်တွေလို့
ထင်နေကြတာပဲ။ လူတိုင်းက
မင်းတို့စိတ်ကျေနပ်အောင် လုပ်ပြီး
မင်းတို့အမိန့်အတိုင်း လိုက်လုပ်မယ်လို့
ထင်နေတာလား။ မင်းလိုချင်တဲ့အတိုင်း
တစ်ခုခုဖြစ်မလာဘူးဆိုရင်
အဲဒီလူရဲ့အကြည့်ကို မင်း

သည်းမခံနိုင်တော့ဘူး။ ဒါပေမဲ့ မင်းမှာက
အစွမ်းအစ လုံးဝမရှိဘူး။ မင်းရဲ့အားကိုးမှုက
မင်းအဖေဖြစ်ဖြစ်၊ အဘိုးဖြစ်ဖြစ်...
သူတို့ဆီကနေ
လာတယ်။ ငါပြောတာမှန်တယ်မဟုတ်လား
"

"နင်က ငါ့ကို ဒီလိုစကားမျိုးပြောရဲတဲ့
ပထမဆုံးတစ်ယောက်ပဲ " လီရွဲ့ချင်၏
မျက်လုံးများ သည် အနည်းငယ်
ကျဉ်းမြောင်းသွားပြီး "ဒါပေမဲ့ စိတ်မပူပါနဲ့၊

နင်ကနောက်ဆုံးဖြစ်မယ်ဆိုတာ
ငါအာမခံတယ်"

လီရွဲ့ချင်က ဘေးဖက်သို့ဖယ်လိုက်ပြီး
“သူ့ကိုသတ်ပစ်လိုက်” ဟု သူမနောက်မှ
အဘိုးအိုကို
အမိန့်ပေးလိုက်သည်။ သူမ၏ရည်ရွယ်ချက်
က
ယန်ယဲ့ကိုသတ်ပစ်ဖို့သာ။ အကြောင်းက
တော့ အစောပိုင်းက သူမ၏အရှက်ကွဲမှုကို
အပြင်လူများ မသိစေလိုသောကြောင့်ပါ။

သို့သော်လည်း လီရှဲ့ချင်၏နောက်ကွယ်မှ

အဘိုးအိုသည် မလှုပ်ရှားခင်မှာပဲ

မျက်လုံးများ

ပြူးကျယ်သွားလေတော့သည်။

အကြောင်းမှာ လီရှဲ့ချင် စကားပြောနေတုန်း

ယန့်ယဲ့က ဖျတ်ခနဲပေါ်လာပြီး

သူမ၏လည်ပင်းအား

ဖမ်းဆုပ်ထားသောကြောင့်ပင်။

"မင်းဘယ်လိုလုပ်ဝံ့သလဲ" အဘိုးအိုက သတိဝင်လာပြီးနောက် မျက်နှာပျက်သွားပြီး “ငါ့ရဲ့သခင်မလေးကို မြန်မြန် လွှတ်လိုက်” ဟု ဒေါသတကြီး အော်လိုက်သည်။

၁၃၉၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၉၀ - ငါ့ကို သင်ပြပေးခပေးရမယ်

ပိုင်ရှန်းယောင်၏ အမူအရာသည်လည်း
အနည်းငယ်ပြောင်းလဲသွားပြီး
အလျင်စလိုတားလိုက်လေသည်
"သခင်လေးယန်၊ကျေးဇူးပြုပြီး
ဒေါသတကြီးမလုပ်ပါနဲ့" သူမဟာ ယန်ယွဲ့၏
ဒေါသနှင့် စရိုက်ကို
ကောင်းကောင်းသိထားသည်။ သူမရှေ့တွင်
ရပ်နေသော လူငယ်က
သည်းခံတတ်သူမဟုတ်ပေ။

ယန်ယဲ့သည် ပိုင်ရှန်းယောင်ကို
တစ်ချက်ကြည့်လိုက်ပြီး " စိတ်မပူပါနဲ့…
မန်နေဂျာပိုင်၊ ငါသူမကို
သင်ခန်းစာပေးဖို့လောက်ပဲ
စဉ်းစားထားတယ်"

ထို့နောက် ခေါင်းပြန်လှည့်၍ လီရွဲ့ချင်ကို
စိုက်ကြည့်လိုက်ပြီး
“ဒါကိုတွေ့လား…. မင်းမှာ
အရည်အချင်းမရှိရင် မင်းဘဝက
တခြားသူရဲ့လက်ထဲမှာ

အချိန်မရွေးသေသွားနိုင်တယ်။ မင်းအဖေ ရော အဘိုးရော ဒီလိုအချိန်မျိုးမှာ မင်းကို ကယ်တင်နိုင်မယ်လို့ ထင်လား"

“တကယ်လို့ နင်ငါ့ကို သတ်ရဲရင် ငါ့အဖိုးက နင့်...” လီရှဲ့ချင်က ယန်ယဲ့အား ဒေါသတကြီးစိုက်ကြည့်ကာ တစ်ခုခုပြောဖို့ ပြင်နေပုံပါ။ သို့သော်လည်း ယန်ယဲ့က ဘာမပြောညာမပြောနှင့် သူမ၏မျက်နှာကို မြေပြင်နှင့်ကိုင်ဆောင့်ချလိုက်သည်။

ဘုန်း!

လီရှဲ့ချင်၏ မျက်နှာလှလှလေးက မြေပြင်နှင့် ချက်ချင်း ရိုက်မိသွားကာ မြေပြင်တစ်ခုလုံးလည်း အက်သွားပြီး သွေးများ ဖြန်းခနဲထွက်လာလေသည်။

"အား.." လီရှဲ့ချင် ထံမှ နာကျင်နေသော ငြီးငြူသံ ထွက်လာခဲ့သည်။

"မင်းဘယ်လိုတောင်လုပ်ဝံ့တာလဲ" အဘိုးအို က  ဒေါသတကြီးအော်ဟစ်ကာ အားလုံးကို လျစ်လျူရှုပြီး သူ့ညာဖက်လက်ဝါးကို ယန်ယဲ့ ဆီသို့ ချက်ချင်း ပုတ်လိုက်သည်။ သို့သော်လည်း တလက်လက်တောက်ပနေသော အလင်းတန်းများက သူ့လက်ဝါးကို စီးကြို နှုတ်ဆက်ခဲ့သည်။ အလင်းတန်းများနှင့် ထိတွေ့သွားချိန်တွင် အဘိုးအို၏ အမူအရာ သည် သိသိသာသာ ပြောင်းလဲသွားပါတော့သည်။ အကြောင်းမှာ

အလင်းတန်းက  သူ့လက်ဝါးကို
တည့်တည့်ထိုးဖောက်ပြီး ပုခုံးကိုပါ
ဖြတ်သွားသောကြောင့်ပင်။

အဘိုးအို၏ ပုခုံးဆီမှ သွေးများ
တလဟောစီးကျလာသည်။

အဘိုးအိုက ထိတ်လန့်သွားပြီး
"ဘယ်သူလဲ... မင်းက
ဘယ်သူလဲ" နောက်ဆုံးတော့ ယန်ယွဲ့ဟာ
တစ်ချက်တည်းဖြင့် သူ့လက်ဝါးကို

အသားလေးထိုးဖောက်ပစ်ခဲ့သည်။
သို့သော်လည်း ယန်ယဲ့သည်
သူတော်စင်တစ်ပိုင်းအဆင့်သာ ရှိသေး၏။
ဤတစ်ကြိမ်ကား အဘိုးအိုဟာ
အတော်လေး
အံ့ဩသွားမိသည်။ တစ်ချိန်တည်းမှာပင်
သူနှင့် လီရှဲ့ချင်တို့နှစ်ယောက်လုံး
ဝါးစားနိုင်သည်ထက် ပို၍ ဝါးမိသွားသည်ကို
နားလည်ခဲ့သည်။

ယန်ယဲ့သည် အဘိုးအိုကို
စိုက်ကြည့်ပြီးနောက် လီရှဲ့ချင် ကို
ဆွဲမြှောက်လိုက်သည်။ ဤအချိန်တွင်
သူမ၏ လှပသောမျက်နှာလေးက
သွေးများဖြင့်ဖုံးလွှမ်းနေပြီး
တစ်ကိုယ်လုံးလည်း
ပုံပျက်ပန်းပျက်ဖြစ်နေသည်။

"နင်.... အာ့....အား ... ငါနင့်ကိုသတ်မယ်"
လီရှဲ့ချင်က ယန်ယဲ့ကို ကြည့်ပြီး ရှူးသွပ်စွာ
အော်လိုက်သည်။ တစ်ချိန်တည်းမှာပဲ

ယန်ယဲ့က  သူမကို မြေပြင်နှင့်  ရုတ်တရက် ကိုင်ဆောင့်ချလိုက်ပြန်သည်။

ဘုန်း!

မြေပြင်တစ်ခုလုံး အက်ကွဲသွားပြီး ပတ်ဝန်းကျင်ဆီသို့ သွေးများ ဖျန်းခနဲ စီးကျလာပြီး လီရှဲ့ချင်၏ အော်ဟစ်သံ ထပ်မံ ထွက်ပေါ်လာသည်။

“မင်း....” အဘိုးအိုက ထိတ်လန့်သွားပြီး တိုက်ခိုက်ဖို့ပြင်လိုက်သည်။ ဤအချိန်တွင် ယန်ယဲ့သည် ရုတ်တရက် အဘိုးအိုကို လှည့်ကြည့်ကာ "ငါ့ကို တိုက်ခိုက်ရင် ဘာဖြစ်သွားမလဲ ကိုယ့်ကိုယ်ကိုပြန်ကြည့်စမ်း"

အဘိုးအိုသည် နှလုံးခုန်သံများပင် ချက်ချင်း မြန်ဆန်သွားသည်။ သူက ခဏတာ တုံ့ဆိုင်းသွားကာ အဆုံးတွင် တိုက်ခိုက်ဖို့ မဝံ့ရဲတော့ပေ။ သို့သော်လည်း လီရွဲ့ချင်

နှိပ်စက်ခံနေရသည်ကိုတော့
ကြည့်မနေနိုင်ပေ။ သူက ချက်ချင်းပဲ
“ငါတို့ရဲ့သခင်မလေးက ဉာဏ်မမှီသလို
သူမရဲ့အမှားအတွက်
တောင်းပန်ပါတယ်။ ကျေးဇူးပြုပြီး သူမကို
ခွင့်လွှတ်ပေးပါ"

သူက လူမိုက်မဟုတ်ပါ၊ သူ့ရှေ့မှ လူငယ်က
သူတော်စင်တစ်ပိုင်းအဆင့်သာ
ဖြစ်သော်ငြား
ဤမျှကြောက်စရာကောင်းသော ခွန်အားကို

ပိုင်ဆိုင်ထားသည်။
ဤကဲ့သို့ပါရမီရှင်တစ်ယောက်က
ထူးခြားသော အင်အားကြီးနောက်ခံတစ်ခု
သေချာပေါက် ရှိနေပါလိမ့်မည်။

"ငါ့မှာ လုံလောက်တဲ့ ခွန်အားမရှိရင် မင်းရဲ့
သခင်မလေးက
ကြိုက်သလိုနှိပ်စက်လိမ့်မယ်။ အခု ငါက
နည်းနည်းလေးတင်းသွားတော့မှ
တောင်းပန်နေတာလား။ တကယ်လို့သာ
အရင်ကဖြစ်ခဲ့ရင် မင်းရဲ့တောင်းပန်မှုကို

ငါလက်ခံတာဖြစ်နိုင်ပေမဲ့ အခုတော့
နောက်ကျသွားပြီ"

ယန်ယဲ့က သူ့အကြည့်ကို ဆုတ်လိုက်ပြီး
လီရှဲ့ချင်အား ခေါင်းမော့ခိုင်းလိုက်ကာ "အခု
ဘယ်လိုလဲ.... မင်းရဲ့ခေါင်းက
ပိုကြည်လင်လာပြီလား။ မဟုတ်ရင်
အခြေအနေကို ရှင်းရှင်းလင်းလင်း
မသိနိုင်သေးရင် ရှင်းအောင်
ကူညီပေးပါ့မယ်။ အဆင်ပြေလား"

"နင်...နင်ဘာလိုချင်တာလဲ" လီရှဲ့ချင်က ယန်ယွဲ့ကို ကြောက်လန့်တကြား စိုက်ကြည့်နေသည်။ ဤအချိန်တွင် သူမက ယန်ယွဲ့အား အမုန်အင်ကြောက်ရွံ့သွားခဲ့ပါသည်။

ယန်ယွဲ့က "ငါ အခုပြောခဲ့တဲ့ နိယာမကို မင်းနားလည်လား"

“ဘာလဲ...ဘာသဘောတရားလဲ” လီရှဲ့ချင်က ဒေါသတကြီးအော်ဟစ်လိုက်စဉ် သူမ၏ မျက်နှာက မြေပြင်နှင့် ထိသွားပြန်သည်။

ပိုင်ရှန်းယောင်က ဤမြင်ကွင်းကို မြင်နေပြီး သည်းမခံနိုင်တော့သလိုဖြစ်လာသော်လည်း ဘာမှမတားဘဲ အဝေးကိုသာ လှမ်းကြည့်နေလိုက်၏။

ဤအခိုက်တွင် အဘိုးအို၏မျက်နှာပေါ်၌ ဒေါသများ ပေါ်လာပြီး သူ့ခန္ဓာကိုယ်ထဲကနေ

သိပ်သည်းသော အရှိန်အဝါများ

ပေါက်ကွဲလာခဲ့သည်။ သို့သော်လည်း

အဆုံးတွင် သူက

မတိုက်ခိုက်ဝံ့ခဲ့ပေ။ ထို့နောက်

ပိုင်ရှန်းယောင် ဖက်သို့ လှည့်ကာ

အသနားခံလိုက်သော  အကြည့်ဖြင့်သာ

ကြည့်လိုက်လေသည်။ ပိုင်ရှန်းယောင်က

ယန်ယွဲ့အကြောင်း ကောင်းကောင်း

သိထားသည်ဖြစ်ရာ

ဝင်မစွက်ဖက်ချင်သဖြင့် အဘိုးအို၏အ

ကြည့်အား

သတိမထားမိသလိုသာနေနေလေသည်။

ယန်ယဲ့သည် လီရှဲ့ချင်ကို ထပ်မံဆွဲမြှောက်လိုက်ပြီး "အခုကော မှတ်မိပြီလား"

“ငါ...မှတ်မိတယ်...” ဤတစ်ကြိမ်ပြောလိုက်သည့် လီရှဲ့ချင်၏ အသံက သိသိသာသာပင်ဘတုန်ယင်နေလေသည်။ သူမက "ငါ... ငါ့မှာ ခွန်အားမရှိဘူး၊

ဒါကြောင့် ငါ့ဘဝက တခြားသူရဲ့လက်ထဲမှာ အချိန်မရွေးရှိနေနိုင်တယ်...။ ငါ... ငါတကယ်နားလည်နေပြီ။ မလုပ်နဲ့... ငါ့ကို မထိနဲ့တော့” ဤအချိန်မှာ သူမက အနိုင်ကျင့်ခံရသော ကလေးတစ်ယောက်ကဲ့သို့ အော်ငိုလိုက်ပါတော့သည်။

ပိုင်ရှန်းယောင်က နောက်ဆုံးတွင် ဆက်၍မကြည့်နိုင်တော့ဘဲ “သခင်လေးယန်....” ဟု ပြောလိုက်သည်။

ယန်ယဲ့က ပုခုံးတွန့်လိုက်ပြီး "ကောင်းပြီ၊
အခု ဆက်လုပ်နေရင် ငါကပဲ
လူဆိုးဖြစ်သွားလိမ့်မယ်"

ယန်ယဲ့က သူမကို ပြန်လွှတ်ပေးလိုက်ပြီး
“မင်းနားလည်သွားပြီဆိုတော့
ဒီသင်ခန်းစာကို ဆက်လုပ်ဖို့
မလိုတော့ဘူး။ ကဲ… အခု
ကုန်ကျစရိတ်အကြောင်း ပြောရအောင်။
မင်းရဲ့ခြိမ်းခြောက်မှုတွေက ငါ့စိတ်နဲ့

နှလုံးသားကို ဆိုးဆိုးရွားရွား
ထိခိုက်စေတယ်။
မူလခရမ်းရောင်သလင်းကျောက် ၅၀၀
လောက်နဲ့မကုသရင် ဒီလိုအန္တရာယ်တွေကို
ပျောက်ကင်းဖို့မဖြစ်ဆိုတာ မဖြစ်နိုင်ဘူး။
ပြီးတော့ မင်းကို ဘယ်လို
ပြုမူနေထိုင်ရမယ်ဆိုတာ
မင်းနားလည်အောင် ငါသင်ပြပေးလိုက်တဲ့
သင်ခန်းစာက ငါ့ရဲ့စိတ်ခွန်အားတွေ
အများကြီး
ကုန်သွားတယ်။ ဒီလိုသင်ပြမှုအတွက်

ပညာပူဇော်ခ အနည်းဆုံး မူလခရမ်းရောင်သလင်းကျောက် ၅၀၀ ကုန်ကျတယ်"

ဤအချိန်တွင် ယန်ယဲ့က သူ့လက်ကို ဆန့်လိုက်ပြီး “အားလုံးပေါင်း မူလခရမ်းရောင်သလင်းကျောက် ၁,၀၀၀ ရှိတယ်။ ကျေးဇူးတင်ပါတယ်"

ပိုင်ရှန်းယောင်က စကားမပြောနိုင်သလို ခံစားလိုက်ရသည်။

လီရှဲ့ချင်လည်း ထိတ်လန့်သွားသည်။ ထိတ်လန့်နေရာကနေ သတိပြန်ဝင်လာသည်နှင့် သူမက ယန်ယဲ့ကို ချက်ချင်း ဒေါသတကြီး စိုက်ကြည့်ရင်း “မူလခရမ်းရောင်သလင်းကျောက် (၁၀၀၀) လား.. နင်...."

"အရမ်းနည်းတယ်ထင်လို့လား" ယန်ယဲ့က အနည်းငယ် ခေါင်းညိတ်ပြပြီး "ကောင်းပြီ....

ဒါဆို မူလခရမ်းရောင်သလင်းကျောက် (၁၅၀၀) ပေးပါ"

“ငါ.... နင်....” လီရှဲ့ချင်က ယန်ယဲ့ကို ဒေါသတကြီး စိုက်ကြည့်နေသည်။ ဒေါသကြောင့်လား သို့မဟုတ် ပါးစပ်က ဒဏ်ရာကြောင့်လားတော့မသိ မည်သူမျှမသိသော်လည်း စကားကို ဆုံးအောင် ဆက်မပြောနိုင်တော့ပေ။

ဤအတောအတွင်း ယန်ယဲ့က
“ဘာလဲ။ အရမ်းနည်းတယ်လို့
ခံစားရတာလား။ ပြီးရင်....”

“မဟုတ်ဘူး” လီရှဲ့ချင်က ယန်ယဲ့ကို
ရုတ်တရက် စကားဖြတ်ပြောလိုက်ပြီး "ငါ...
သိပ်နည်းမယ် မထင်ဘူး..."

ယန်ယဲ့က သူ့လက်ကို ဆန့်လိုက်ပြီး "ဒါဆို
အခု ငါ့ဆီပေးလိုက်"

လီရှဲ့ချင်က "ငါ... ငါ့မှာ ဒီလောက်အများကြီး မရှိဘူး"

ယန်ယဲ့က "ဒါဆို ငါတို့ မင်းရဲ့သင်ခန်းစာကို ဆက်ပြီးသင်ပြပေးတာပေါ့"

ဤစကားကို ကြားလိုက်ရာ လီရှဲ့ချင်က မျက်နှာပျက်သွားပြီး ကမန်းကတန်းပြောခဲ့သည် "ငါ သူတို့ကို ယူခိုင်းလို့ရတယ်။ ငါ ဒီကနေယူပေးလိုက်မယ်"

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး “ဒါဆို မြန်မြန်လုပ်။ ငါ အလျင်လိုနေတယ်"

လီရွဲ့ချင်က ယန်ယွဲ့ကို ကြည့်လိုက်ပြီးနောက် ရွှေကတ်ပြားကို တုန်တုန်ယင်ယင်နှင့် ထုတ်ယူကာ ပိုင်ရှန်းယောင် လက်ထဲ ထည့်ပေးလိုက်သည်။ ပိုင်ရှန်းယောင်က သူမကို တစ်ချက်ကြည့်လိုက်ပြီးနောက် နောက်လှည့်၍ထွက်သွားခဲ့သည်။ အချိန်သိပ်မကြာလိုက်ဘဲ ပိုင်ရှန်းယောင်

ပြန်ရောက်လာပြီး ယန်ယဲ့၏ လက်ထဲသို့ သိုလှောင်လက်စွပ်တစ်ကွင်း ကမ်းပေးလိုက်သည်။ သူမက "သခင်လေးယန်၊ အဲဒီမှာ မူလခရမ်းရောင်သလင်းကျောက် ၁,၅၀၀ ရှိတယ်"

ယန်ယဲ့က ညင်သာစွာ ခေါင်းညိတ်လိုက်သည်။ သူ့ပါးစပ်ထောင့်က အနည်းငယ်မကောင်းဆိုးရွားဆန်သော အပြုံးတစ်ခုပေါ်လာပြီး

သို့လှောင်လက်စွပ်ကို
ယူလိုက်သည်။အကယ်၍ လီရွဲ့ချင်ထံမှ
မူလခရမ်းရောင်သလင်းကျောက် ၁,၅၀၀
နှင့်ထည့်ပေါင်းပါက သူ့တွင် စုစုပေါင်း
မူလခရမ်းရောင်သလင်းကျောက် ၄,၀၀၀
နီးပါးရှိနေပါပြီ။

ပိုင်ရှန်းယောင်က ရုတ်တရက်
"သခင်လေးယန်၊ ငါတို့ သွားရအောင်"

ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်။ တစ်ချိန်တည်းမှာပဲ

လီရှဲ့ချင်က ရုတ်တရက် မေးလာခဲ့သည်

"နင့်နာမည် ဘယ်လိုခေါ်လဲ"

ယန်ယဲ့က သူမကို စိုက်ကြည့်ကာ

"ဘာဖြစ်တာလဲ။ နောက်မှ ငါ့ကို

လက်စားချေကြံနေတာလား"

လီရှဲ့ချင်က ယန်ယဲ့ကို မကြည့်ဝံ့ဘဲ
“မဟုတ်ဘူး... မဟုတ်ဘူး....” ဟု
ကမန်းကတန်းပြန်ပြောလိုက်လေသည်။

ယန်ယဲ့က ပြုံးပြီးပြောသည်
"ဒါဆိုအဆင်ပြေပါတယ်။ ငါ့ကို
ပြဿနာရှာချင်ရင် သမင်ဖြူအကယ်ဒမီကို
အချိန်မရွေး လာလို့ရတယ်။ ငါ့နာမည်က
ရှူဝူရှန်း " ထိုအတိုင်း ပြောပြီးသည်နှင့်
လီရှဲ့ချင်ကို ဂရုမစိုက်တော့ဘဲ
ထွက်သွားလိုက်သည်။

“ရှု.... ဝူရှန်း....'' လီရွှဲ့ချင်က နာမည်ကို တစ်လုံးချင်း ရေရွတ်ရင်း သူမ၏ လက်သီးများကို ဖြည်းညှင်းစွာ ဆုပ်ထားလိုက်မိသည်။

၁၃၉၁

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၉၁ - ယဲ့မြောင်စူး နှင့်
ယှဉ်ပြိုင်ခြင်း

"ကျေးဇူးတင်ပါတယ်" ပိုင်ရှန်းယောင်က တိမ်သဘော် ဆီသို့သွားနေရင်း ရုတ်တရက် ပြောလိုက်သည်။

"ဘာအတွက်လဲ... မန်နေဂျာပိုင်
" ယန်ယဲ့သည် ပိုင်ရှန်းယောင်ကို အနည်းငယ် အံ့သြစွာ စိုက်ကြည့်နေသည်။

ပိုင်ရှန်းယောင်က

အသံတိုးတိုးလေးပြောလိုက်သည် “သူမကို

မသတ်တဲ့အတွက်

ကျေးဇူးတင်ပါတယ်။ ငါ့ဘြာနခွဲမှာ သူမ

အသတ်ခံရရင်

ငါဒုက္ခအကြီးအကျယ်ကြုံရလိမ့်မယ်"

ယန်ယဲ့က “ငါက

သိပ်ပြီးရှုးတာတော့မဟုတ်ဘူး။ ဟုတ်တယ်၊

ဒါနဲ့ အဲဒီအမျိုးသမီးက ဘယ်သူလဲ" လီရှဲ့ချင်

နှင့် အဘိုးအိုတို့က အမျိုးသမီးအား

အလွန်ကြောက်လန့်နေသောကြောင့် အမျိုးသမီး၏ နောက်ကြောင်းကို သူ အတော်လေးသိချင်နေခဲ့သည်။

ပိုင်ရှန်းယောင်က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "သူမက သာမန်လူမဟုတ်ဘူး။သူတို့ထဲက တစ်ယောက်ကို သတ်ပစ်ဖို့ မပြောနဲ့၊ အားလုံးကို သတ်ရင်တောင် ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး။ လီရှဲ့ချင်ဟာ ငယ်ငယ်ကတည်းက မောက်မာတယ်။

ပြီးတော့ အမြဲတမ်း အခုလိုမျိုး
ပြဿနာတွေ ခဏခဏတက်တယ်။
ဒီနောက်ပိုင်း သူပြန်သွားတာနဲ့ သူ့ကလန်က
အချိန်တစ်ခုကြာတဲ့အထိ
ထွက်သွားခွင့်ပြုမှာမဟုတ်ဘူးလို့
ငါထင်တယ်”

ယန်ယဲ့က တော်တော်လေး သိချင်သွားသည်
"ယဲ့ မိန်းကလေးရဲ့နောက်ခံက ဘာလဲ"

ပိုင်ရှန်းယောင်က "သူမက
မျောက်ဝံမြို့တော်ကလေ"

ယန်ယွဲ့က ရိုးရှင်းစွာပင် ပြန်ပြောလိုက်သည်
"ငါတစ်ခါမှမကြားဖူးဘူး"

ပိုင်ရှန်းယောင်က ပါးစပ်ထောင့်များ
တုန်လှုပ်သွားပြီး ခဏအကြာတွင်
အကူအညီမဲ့စွာ ရယ်မောရင်း
"ဒီစကားတွေကို ဘယ်သူ့ကိုမှ မပြောနဲ့။
ဒါမှမဟုတ်ရင် နင်က ဗဟုသုတမရှိဘူးဆိုပြီး

လျှောင်ရယ်နေလိမ့်မယ်။ မျောက်ဝံမြို့တော်
က ဗဟိုနတ်ဘုရားစီရင်စုတစ်ခုလုံးက
မြို့တွေအားလုံးထဲမှာ အဆင့်(၃)
နေရာရှိတယ်။ မြို့တော်က
စိန်အဆင့်အင်အားစု မဟုတ်ပေမယ်လို့
စိန်အဆင့်အင်အားစုတွေကတောင်
မျက်နှာသာပေးရတယ်။ အထူးသဖြင့်
လက်ရှိ မြို့သခင် ယွဲ့လန်ရှီး ပဲ။ သူ့ကို
ဗဟိုနတ်ဘုရားစီရင်စုရဲ့နံပါတ်တစ်ဓားလို့
တင်စားခေါ်ဝေါ်ကြတယ်။ နောက်ပြီးတော့

သူက သိုင်းပညာအဆင့်သတ်မှတ်ချက်ရဲ့
အဆင့်(၁၀)ပညာရှင်လေ"

“သိုင်းပညာအဆင့်သတ်မှတ်ချက်ရဲ့အဆင့်
၁၀ ...” ယန်ယဲ့၏ မျက်လုံးများသည်
အနည်းငယ် ကျဉ်းမြောင်းသွားသည်။
သိုင်းပညာအဆင့်သတ်မှတ်ချက်၏ ထိပ်ဆုံး
၁၀ ယောက်က
အမှန်ပင်ကြောက်စရာကောင်း၏။

ဖုန်းချင်းယီက

သိုင်းပညာအဆင့်သတ်မှတ်ချက်၏

အဆင့်(၂၁)ပညာရှင်သာ ဖြစ်သော်လည်း

အလွန်အားကောင်းခဲ့သည်။ ထိုသို့ဆိုလျှင်

သိုင်းပညာအဆင့်သတ်မှတ်ချက်၏

အဆင့်(၁၀)ပညာရှင်က

မည်မျှထိတ်လန့်စရာကောင်းမည်ကို

မှန်းဆနိုင်ပေသည်။

ပိုင်ရှန်းယောင်က ခေါင်းညိတ်လိုက်ပြီး "

စိန်အဆင့်အင်အားစုအချို့ကလွဲရင်

မျောက်ဝံမြို့တော်ကို စော်ကားဝံ့တဲ့သူ
အတော်လေးနည်းပါးတယ်။
မြို့တော်ကို ဆန့်ကျင်ရဲတဲ့ သတ္တိရှိရင်တောင်
နည်းနည်းပဲ ရှိတယ်။ တခြားဘာကိုမှ
မပြောနဲ့၊ ယွဲ့လန်ရှီးတစ်ယောက်ကတင်
အင်အားစုတွေကို ခေါင်းကိုက်ဖို့
လုံလောက်နေပြီ။ တကယ်လို့
အင်ပါယာအဆင့်
သာဒီကိုဆင်းမလာဘူးဆိုရင် ယွဲ့လန်ရှီးကို
ဘယ်သူမှ အနိုင်မယူနိုင်ဘူး"

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည်
"ယဲ့မြောင်စူး နဲ့ ယဲ့လန်ရှီးက
ဘယ်လိုဆက်နွယ်နေတာလဲ"

"သူမက သူညီမလေ..." ပိုင်ရှန်းယောင်က
ဆက်ပြောသည် “ယဲ့မြောင်စူးက
အရမ်းကြြင်နာတတ်ပြီး
နူးညံ့သိမ်မွေ့တဲ့သူတစ်ယောက်လို့
ဗဟိုနတ်ဘုရားစီရင်စုတစ်ခုလုံးမှာ
နာမည်ကြီးတယ်။ ဒါ့အပြင် သူမက
အရမ်းသန်မာတယ်။ ဒါပေမဲ့ သူမ

ဘယ်လောက် သန်မာတယ်ဆိုတာတော့
ဘယ်သူမှ မသိပါဘူး။ ဘာလို့လဲဆိုတော့
သူမက ဒေါသထွက်ခဲ့ သလို သူမရဲ့
ဂုဏ်သတင်းရ ဘယ်သူမှ
မစော်ကားဝံ့ကြဘူးလေ။ ဒီတော့
သူမရဲ့ခွန်အားကလည်း အမြဲတမ်း
လျှို့ဝှက်ဆန်းကြယ်နေတယ်"

ယန်ယဲ့က "သူမက
သိုင်းပညာအဆင့်သတ်မှတ်ချက်မှာ
မပါဝင်နိုင်တာလား"

ပိုင်ရှန်းယောင်က ခေါင်းခါလိုက်ပြီး “သူမ မပါဝင်နိုင်တာမဟုတ်ဘူး။ ဒါက သူမရဲ့ ခွန်အားကြောင့် မဟုတ်ဘူးလေ။ သူမ ပိုင်ဆိုင်ထားတဲ့ခွန်အားနဲ့ဆိုရင် သိုင်းပညာအဆင့်သတ်မှတ်ချက်ကို ဝင်ဖို့က အသာလေးပါပဲ။ ဘာဖြစ်လို့ မပါတာလဲ ဆိုတော့ ဒါက သူမရဲ့ အကျင့်စရိုက်ကြောင့်ပဲ ဖြစ်နိုင်တယ်”

ဤအချိန်တွင် ပိုင်ရှန်းယောင်က ရုတ်တရက် ရပ်လိုက်ပြီး "ငါတို့ ရောက်ပြီ"

ယန်ယဲ့သည် ပိုင်ရှန်းယောင် ညွှန်ပြသည့်ဖက်သို့ မျှော်ကြည့်လိုက်ရာ မဝေးလှသောနေရာတွင် ရောမတိမ်တိုက်ကြီးတစ်ခုကို မြင်တွေ့လိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်လုံး တိမ်သင်္ဘောပေါ် တက်လာပြီး

ယွဲ့မြောင်စူးက ထိုင်နေသည်ကို မြင်လိုက်ကြသည်။ ယွဲ့မြောင်စူးက ယန်ယွဲ့ကို တစ်ချက်စိုက်ကြည့်ပြီး ပိုင်ရှန်းယောင် အား အံ့သြတကြီး ငေးကြည့်နေလေသည်။

ပိုင်ရှန်းယောင်က "မမလေးယွဲ့၊ သခင်လေးယန် က နတ်ကြိုးကြာကမ္ဘာကို သွားဖို့ ရည်ရွယ်ထားတယ်။ သခင်မလေးက မျောက်ဝံမြို့တော်ကို ပြန်ရောက်ဖို့

နတ်ကြိုးကြာကမ္ဘာကို
ဖြတ်သွားရမှာဆိုတော့ ....”

ယွဲ့မြောင်စူးက ပေါ့ပေါ့ပါးပါး
ခေါင်းညိတ်ပြသည် "ကိစ္စမရှိပါဘူး"

ပိုင်ရှန်းယောင်က ပြုံးလိုက်ပြီး ယန်ယွဲ့ နှင့်
ယွဲ့မြောင်စူး တို့နှစ်ယောက်လုံးကို
ကြည့်လိုက်ပြီး "ဂရုစိုက်ပါ" ဟု
ပြောပြီးနောက်
ချက်ချင်းလှည့်ထွက်သွားပါတော့သည်။

ပိုင်ရှန်းယောင် ထွက်သွားပြီးသည်နှင့်
အချိန်အတော်ကြာသည့်နောက်တွင်
တိမ်သဘော်က
စတင်ရွေ့လျားလာတော့သည်။

သဘော်ကုန်းပတ်ပေါ်၌...။

ယွဲ့မြောင်စူးက ရုတ်တရက် မေးလာပါသည်
"နင်က ဓားသမားလား"

ယန်ယဲ့က ဖုံးကွယ်မနေဘဲ ဟုတ်မှန်ကြောင်း
 ခေါင်းညိတ်လိုက်သည်။

ယဲ့မြောင်စူးက
နောက်ထပ်မေးခွန်းတစ်ခုနှင့်ဆက်မေးခဲ့သ
ည် "နင် ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒကို နားလည်ထားပြီလား"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး "မင်းရဲ့
ဓားစိတ်ဆန္ဒကလည်း

ဟင်းလင်းပြင်အဆင့်မှာ ရှိသင့်တယ်။
ဟုတ်ရဲ့လား "

ယွဲ့မြောင်စူးက ပေါ့ပေါ့ပါးပါး
ခေါင်းညိတ်ပြသည်။ သူမက ယန်ယွဲ့ကို
တစ်ချက်ကြည့်လိုက်ရင်း
"မျောက်ဝံမြို့တော်ရဲ့အပြင်ဖက်မှာ
ဓားသမားတစ်ယောက်ကို တွေ့ရခဲ့တယ်။
နင် ငါနဲ့ ခဏတဖြုတ်ကစားကြည့်ချင်လား"

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "ဒီနေရာက သင့်တော်ပုံမပေါ်ဘူး"ဟု ပြောလိုက်သည်။

ယွဲ့မြောင်စူးက "တိုက်ခိုက်ဖို့မလိုပါဘူး"

ထို့နောက် သူမက ရှေ့အဝေးကို လှမ်းမျှော်ကြည့်ပြီး “ဒါကို ခံစားရလား။ တိမ်သဘော်က တဖြည်းဖြည်း အရှိန်မြင့်လာတယ်။ သူ့အရှိန်က မကြာခင်မှာ ကြောက်စရာကောင်း

လောက်အောင် ပြန်လာတော့မယ်။

အဲအချိန်မှာ

ဒီသဘော်ပေါ်မှပါတဲ့အခန်းတွေက

အကာအကွယ်အစီအရင်တွေမရှိရင်

အဆင့်မြင့်သိုင်းသူတော်စင်တစ်ယောက်

တောင် အစိတ်စိတ်အမွှာမွှာ

ကွဲသွားနိုင်တယ်”

ယန်ယဲ့က "ဆက်ပြော"

ယွဲ့မြောင်စူးက နားရွက်နှစ်ဖက်မှ
ဆံစများကို သပ်တင်လိုက်ရင်း
တိုးညှင်းစွာပြောလိုက်သည်
"ဒီအမြင့်ရောက်ရင် ဘယ်သူက
ပထမဆုံးတောင့်မခံနိုင်ဘူးလဲဆိုတာ
ကြည့်ကြရအောင်"

ယန်ယွဲ့က ယွဲ့မြောင်စူးကို
တစ်ချက်ကြည့်လိုက်ပြီး "ကောင်းပြီလေ"

ယှဲ့မြှောင်စူးက ပေါ့ပေါ့ပါးပါး
ခေါင်းညိတ်ပြပြီး
စကားဆက်မပြောတော့ဘဲ
တင်ပျဉ်ခွေလျက်ထိုင်ချလိုက်တော့သည်။

ယန်ယှဲ့ လည်း စကားမပြောဘဲ
နှစ်ယောက်စလုံး ရှေ့ကိုသာ
လှမ်းမျှော်ကြည့်နေလိုက်ကြသည်။
တိမ်သင်္ဘောက အလွန်လျင်မြန်စွာ
အရှိန်မြင့်လာပြီး
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်

ထက်ပင် ကျော်လွန်သွားပါတော့သည်။
တစ်ချိန်တည်းမှာပင် အားပြင်းသောလေဖိ
အားသည် စတင်တိုက်ခတ်လာပြီး
နှစ်ယောက်လုံး အနည်းငယ်
စိတ်မသက်မသာခံစားမိကြသည်။

နောက်ထပ်
အချိန်အနည်းငယ်ကြာသွားပြီးနောက်တွင်
အားပြင်းသောလေတစ်ချက်
တိုက်ခတ်လာပြီး ဓားပါးပါးလေးများလိုဖြ

တ်သွားသကဲ့သို့ အဆက်မပြတ်
ရိုက်ခတ်နေလေသည်။

ဤအချိန်တွင် ယွဲ့မြောင်စူး၏ ခန္ဓာကိုယ်ထဲမှ
ဓားကြိုးတစ်ချောင်း ရုတ်တရက်
ထွက်ပေါ်လာပြီး သူမရှေ့၌ မမြင်နိုင်သော
အတားအဆီးတစ်ခုကို ချက်ချင်း
ဖန်တီးလိုက်သည်။ ယွဲ့မြောင်စူး၏
ခန္ဓာကိုယ်က ချက်ချင်း
ပုံမှန်ပြန်ဖြစ်သွားပါသည်။ သို့သော်လည်း
သူမ ရှေ့က အာကာသဟင်းလင်းပြင်ဟာ

ထူးထူးခြားခြားကို
တုန်ခါသွားပါတော့သည်။

အခြားတစ်ဖက်တွင်တော့ ယန်ယဲ့သည်
ဘာမှမလှုပ်ရှားခဲ့ပေ။ သူ့ခန္ဓာကိုယ်ကို
အရှိန်ပြင်းပြင်းတိုက်ခတ်ဖို့သာ
ခွင့်ပြုလိုက်သည် ။ တိမ်သဘော်က
အလွန်လျင်မြန်သော်လည်း သူ့ခန္ဓာကိုယ်ကို
ဖျက်ဆီးပစ်နိုင်လောက်သည်ထိတော့
မဖြစ်နိုင်ခဲ့ပေ။ အကယ်၍သာ
တိမ်သဘော်က ဤအရှိန်ထက်

ပို၍ပြီးမြန်ဆန်ပါက
သူ့ခန္ဓာကိုယ်သက်သက်ဖြင့် တောင့်ခံဖို့ရာ
မဖြစ်နိုင်ပါ။ သို့သော်လည်း တိမ်သဘော်၏
လက်ရှိအမြန်နှုန်းသည် ဤအမြန်နှုန်းမျိုး ရဖို့
ဝေးကွာနေသေးသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့သည်
တစ်ကိုယ်လုံး ပူထူလာသလို ခံစားရပြီး
တစ်စုံတစ်ခုက ခွဲထုတ်ရန်
ကြိုးစားနေသလိုမျိုးပါ
ခံစားလိုက်ရသည်။ သို့သော် လည်း

ဤအရှိန်က သူ့ခန္ဓာကိုယ်ကို
အပိုင်းပိုင်းခွဲထုတ်ဖို့ မလုံလောက်ပေ။

ယွဲ့မြောင်စူးက လက်နှစ်ဖက်ကို
နောက်ပစ်ထားရင်းမျက်လုံးများကို
မှိတ်ထားခဲ့သည်။ တိမ်သဘော်၏ အရှိန်က
သူမအား လုံး၀ မထိခိုက်သည့်အလားပင်။

ယန်ယွဲ့ နှင့်မတူသည်ကား သူမ၏
ဓားစိတ်ဆန္ဒကို ထုတ်ဖော်ပြီး
ကာကွယ်ထားခြင်းပင်။ တစ်ဖက်တွင်

ယန်ယဲ့ကတော့ သူ၏ရုပ်ခန္ဓာကို
အသုံးပြုခဲ့သည်။

အချိန်များ တဖြည်းဖြည်း
ကုန်လွန်လာပြီးနောက် တိမ်သဘော်၏
အမြန်နှုန်းသည်လည်း အကန့်အသတ်သို့ပင်
ရောက်လာပါတော့သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့၏
ခန္ဓာကိုယ်ပေါ်တွင် မီးတောက်များပင်
ပေါ်လာခဲ့သည်။ တစ်ချိန်တည်းမှာပဲ

သူ့ခန္ဓာကိုယ်ကို ခွဲထုတ်ဖို့ ကြိုးစားနေသည့်
တစ်ခုခုကို ခံစားမိလိုက်ရရုံသာမကဘဲ
ပြင်းထန်စွာနာကျင်သွားသည်
။ တစ်ကိုယ်လုံးအပိုင်းပိုင်းခွဲထုတ်လိုက်သ
လိုပါပဲ။ သူ၏ခန္ဓာကိုယ်တစ်ခုလုံးရှိ
အရိုးများသည်လည်း ကွဲအက်သံများ
စတင်ထွက်ပေါ်လာပါတော့သည်။

ယွဲ့မြောင်စူးက ယခင်အတိုင်း
ငြိမ်သက်နေဆဲပါ။သို့သော်လည်း သူမ
ပတ်ပတ်လည်ရှိ

အာကာသဟင်းလင်းပြင်က
ဒီရေလှိုင်းများအလား လှိုင်းတွန့်များ
ထလာပါသည်။

အချိန်တော်တော်ကြာပြီးနောက်
တိမ်သဘော်က
တဖြည်းဖြည်းနှေးကွေးလာသလိုပင်
ခံစားလိုက်ကြရသည်။

ဤအချိန်တွင် ယဲ့မြောင်စူးက ရုတ်တရက်
မျက်လုံးပွင့်လာပြီး ယန်ယဲ့ ကို

စူးစိုက်ကြည့်ကာ "နင့်ရဲ့ခန္ဓာကိုယ်က နတ်ဘုရားအလယ်အလတ်အဆင့်မှာ ရှိနေတယ်"

ယန်ယဲ့သည် ဖုံးကွယ်ဖို့ မကြိုးစားဘဲ ခေါင်းညိတ်လိုက်၏။

၁၃၉၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၉၂ - ထွက်ပြေးရပြန်ပြီ

"ဘယ်လောက်တောင်

အံ့သြစရာပါလိမ့်..." ယဲ့မြောင်စူးက

အနည်းငယ်အံ့အားသင့်နေသောလေသံဖြင့်

ပြောလိုက်လေသည် "နင့်ရဲ့ရုပ်ခန္ဓာက

နတ်ဘုရားအလယ်အလတ်အဆင့်တောင်

ရောက်နေပြီ။ တစ်စုံတစ်ယောက်က နင်သာ

ဓားသမားလို့ မသိရင်

ခန္ဓာကိုယ်လမ်းစဉ်ကျင့်ကြံသူလို့တောင်
ထင်သွားလိမ့်မယ်”

ယန်ယဲ့က “ရိုးရိုးသားသားပြောရရင်
ငါမင်းကိုစတွေ့တုန်းက
ပျော့ညံ့တဲ့မိန်းမငယ်လေးတစ်ယောက်လို့ပဲ
ထင်ခဲ့တာ။ ဘာလို့လဲဆိုတော့ မင်းဆီက
ဆန်းကြယ်ချီစွမ်းအင်အတက်အကျကို
တောင် အာရုံမခံမိသလို ဓားစိတ်ဆန္ဒ
အငွေ့အသက်တစ်ပိုင်းတစ်စတောင်မတွေ့ခဲ့
ဘူးလေ"

ယွဲ့မြောင်စူးက ပြုံးလိုက်သည်။
"နင့်ရဲ့ဓားတာအိုကို ငါသင်ယူချင်ပေမဲ့ နင်က ဓားစိတ်ဆန္ဒကိုထုတ်မသုံးခဲ့ဘူး"

"အနာဂတ်မှာ အခွင့်အရေးရရင် အတူလေ့ကျင့်ရအောင်" ယန်ယွဲ့က ဆက်ပြောပါသည် “ငါလည်း မင်းလိုမျိုး ကြောက်စရာကောင်းတဲ့ ဓားသမားနဲ့ တွေ့ခဲ့ပါတယ်။အထူးသဖြင့်တော့ ဒီဖက်ခေတ်ရဲ့လူငယ်မျိုးဆက်မှာ

လူငယ်စားပညာရှင်မျိုးပေါ့။ အခုတော့
မင်းက ငါနဲ့ ပထမဆုံးတွေ့ဖူးတာပဲ"

စားသမားအချင်းချင်း ယှဉ်ပြိုင်ခြင်းဟာ
စားတာအိုလမ်းစဉ်ကို
လျှောက်လှမ်းနေသူများအတွက်
အလွန်အကျိုးရှိပေသည်။ လူတိုင်း
စားကိုသုံးသော်လည်း လူတိုင်းတွင်
မတူညီသော စားတာအိုများ ရှိကြသည်။
တစ်ယောက်နှင့်တစ်ယောက်
လေ့ကျင့်သင်ယူနိုင်မည်ဆိုပါက

နှစ်ယောက်စလုံးအတွက် သေချာပေါက်
အကျိုးရှိနိုင်ပါသည်။ သူက ယွဲ့မြောင်စူး နှင့်
တိုက်ခိုက်ချင်နေသော်လည်း
အချိန်မရသဖြင့်
အတော်လေးစိတ်ဓာတ်ကျသွားသလိုခံစားမိ
သည်။ မည်သို့ပင်ဖြစ်စေ သူ့တွင်
အချိန်မရတော့ပါ။

ယွဲ့မြောင်စူးက ပြုံးလိုက်ပြီး
"မျောက်ဝံမြို့တော်ကို လာခဲ့။ နင်
အများကြီးတွေ့နိုင်မှာပါ"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
"ကောင်းပြီလေ၊ အချိန်ရရင်
ငါလာကြည့်လှည့်မယ်"

ဤအခိုက်အတန့်တွင် နှစ်ယောက်လုံး၏
အမူအရာများ ပြောင်းလဲသွားပြီး
အဝေးဆီသို့
လှမ်းကြည့်လိုက်မိကြသည်။ ထိုနေရာတွင်
အနက်ရောင်အစက်အပြောက်တစ်ခု
မိုးကုပ်စက်ဝိုင်းကနေ လင်းလက်လာပြီး

သူတို့ဆီသို့ ပြေးလာနေကြောင်း
သတိထားမိသွားခဲ့ပါသည်။
အချိန်အနည်းငယ်ကြာပြီးနောက်တွင်
ပိန်ပိန်ပါးပါးနှင့်အနက်ရောင်ဝတ်ရုံအဘိုးအို
တစ်ယောက်က သူတို့ရှေ့တွင်
ပေါ်လာကြသည်။

"အင်ပါယာတစ်ပိုင်းအဆင့် ..."
ယဲ့မြောင်စူးက အဘိုးအိုကို မြင်သည်နှင့်
ချက်ချင်းပင်
မျက်နှာပျက်သွားပါတော့သည်။

ယန်ယဲ့သည် အနက်ရောင်ဝတ်ရုံအဘိုးအိုကို ကြည့်လိုက်ပြီးနောက် ယဲ့မြောင်စူးကို တစ်လှည့်မော့ကြည့်လိုက်သည်။ သူက အနက်ဝတ်အဘိုးအို နှင့် လုံးဝမသိသည်ဖြစ်ရာ ၎င်း၏ပစ်မှတ်က ယဲ့မြောင်စူး သာလျှင်ဖြစ်နိုင်လေသည်။

ဤအခိုက်အတန့်တွင် အဘိုးအို၏ အကြည့်သည် ယဲ့မြောင်စူး ပေါ်သို့ ကျဆင်းလာကာ “မင်းရဲ့

ဟင်းလင်းပြင်အဆင့် ခေါ်စိတ်ဆန္ဒနဲ့
မီးခေါ်နည်းစနစ်က တကယ့်ကို
ကြောက်စရာကောင်းပါတယ်။ အဲဒါက
ငါ့ကိုတောင်
ခြိမ်းခြောက်နိုင်ခဲ့တယ်။ ကံမကောင်းစွာပဲ၊
မင်းက အခု ဒဏ်ရာရနေပြီဆိုတော့ ဒါကို
ထပ်ပြီးသုံးနိုင်ဦးမှာမဟုတ်ဘူးလို့
ငါထင်တယ်။အခု မင်းငါ့နောက်ကို
စိတ်လိုလက်ရ လိုက်လာမှာလား ဒါမှမဟုတ်
အတင်းအကြပ်ခေါ်သွားရမှာလား"

"သူမ ဒဏ်ရာ ပြင်းပြင်းထန်ထန်
ရနေတာလား" ယန်ယဲ့သည် ယဲ့မြောင်စူး
ကိုငေးကြည့်ရင်း မျက်လုံးများပင်
အနည်းငယ်ကျဉ်းမြောင်းသွားပါသည်။
သူ့စိတ်ထဲ၌ ယဲ့မြောင်စူး
ဒဏ်ရာကြီးကြီးမားမားရနေသည်ဟု
မထင်ထားပေ။

တွေးကြည့်ရုံဖြင့် ယဲ့မြောင်စူးက
ကြောက်စရာကောင်းနေသည်မဟုတ်ပါ
လား။

ယွဲ့မြောင်စူးက အနက်ဝတ်အဘိုးအိုကို စိုက်ကြည့်ကာ "နတ်ဆိုးဘုရားဂိုဏ်းက ငါ့တည်နေရာကို ဘယ်လိုရှာတွေ့ခဲ့တာလဲ"

"နတ်ဆိုးဘုရားဂိုဏ်း လား "

ယန်ယွဲ့သည် အနက်ဝတ်အဘိုးအိုကို စိုက်ကြည့်နေသည် "ဒီလူအိုကြီးက တကယ်ပဲ နတ်ဆိုးဘုရားဂိုဏ်းကလား" သူသည် နတ်ဆိုးဘုရားဂိုဏ်း အကြောင်း

များများစားစား မသိခဲ့ပေ။ သို့သော်လည်း
သူကြားထားခဲ့သည့် အရာများကို အခြေခံ၍
နတ်ဆိုးဘုရားဂိုဏ်းက
အလွန်ကြောက်စရာကောင်းသော
အင်အားစုတစ်ခု ဖြစ်ကြောင်း သိနိုင်သည်။

"ဒါကို မင်းသိဖို့
မလိုဘူး" အနက်ဝတ်အဘိုးအိုက
“စိတ်မပူပါနဲ့။ ငါ့ရဲ့နတ်ဆိုးဘုရားဂိုဏ်းက
မင်းကို
သတ်မှာမဟုတ်ပါဘူး။ တစ်ခုခုလုပ်ဖို့အတွ

က်

မင်းရဲ့အစ်ကိုကြီးပဲလိုတယ်။ ဟုတ်တယ်...
သူငြင်းရင်တော့.... ဟားဟား! မင်း
ငါတို့လက်ထဲမှာရှိနေသရွေ့တော့
သူငြင်းမှာမဟုတ်သလို သူ
ငြင်းလည်းငြင်းဝံ့မှာမဟုတ်ဘူးလို့
ငါယုံကြည်တယ်”

ယဲ့မြောင်စူးက ခဏတာ တိတ်ဆိတ်သွားပြီး
“ဒီကငါ့မိတ်ဆွေကို ထွက်သွားခွင့်ပြုပါ၊
ပြီးရင် ငါ့ဘာသာငါလိုက်ခဲ့မယ်”

"အဲ့လိုလုပ်မှာမဟုတ်ဘူး" အဘိုးအိုက
ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး
"မင်းဟာ ငါ့နတ်ဆိုးဘုရားဂိုဏ်းရဲ့လက်ထဲ
ရောက်နေပြီဆိုတာ အခုချက်ချင်း
မျောက်ဝံမြို့တော်ကို
အသိပေးခွင့်မပြုနိုင်ဘူး။ ဒါဆို
သူသေရမယ်"

"ငါ့အစား မင်းပဲသေသင့်တယ်ထင်တယ်"
ယန်ယဲ့သည် အနက်ဝတ်အဘိုးအိုက

သူ့အားသတ်ဖို့ရည်ရွယ်ထားကြောင်း
သိလိုက်သည်နှင့်
ဒေါသတကြီးအော်ဟစ်ကာ ဓားကို အမြန်
ဆွဲထုတ်လိုက်သည်။

အောင်း....

စူးရှသောဓားအူသံကြီးနှင့်အတူ
ဓားစွမ်းအင်အလင်းတန်းတစ်ခုက
ကောင်းကင်ကို ဆုတ်ဖြဲပြီး အဘိုးအိုဆီသို့
ပစ်လွှတ်လိုက်ပါတော့သည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၁၀၀
ထပ်ထားသော တိုက်ခိုက်မှုပင်တည်း။

ယန်ယဲ့သည် ယဲ့မြောင်စူး နှင့်
တရင်းတနှီးစကားပြောဆိုနေသော်ငြား
မျောက်ဝံမြို့တော် နှင့် နတ်ဆိုးဘုရားဂိုဏ်း
တို့ကြားက ပဋိပက္ခကို စိတ်မဝင်စားပေ။
အကြောင်းကတော့ လက်ရှိ သူ့တွင်
မရေမတွက်နိုင်သောရန်သူများ
ရှိနေပြီးဖြစ်သည်။ အကယ်၍သာ

နတ်ဆိုးဘုရားဂိုဏ်း နှင့် ထပ်ပြီး
ပြဿနာဖြစ်ပါက သူဟာ
သေခြင်းတရားအား ချစ်မြတ်နိုးသူ
ဖြစ်သွားပါလိမ့်မည်။ အစောပိုင်းက
ထွက်သွားဖို့ ပြင်နေသော်လည်း
အနက်ဝတ်အဘိုးအိုက သူ့အား နှုတ်ပိတ်ဖို့
သတ်ပစ်ချင်နေမည်ဟု မထင်ထားခဲ့ပေ။

ဤအချိန်တွင် သူက ဝင်ပြီးစွက်ဖက်ဖို့သာ
ရွေးချယ်ရတော့၏။ သူသည် ပြဿနာမ
ဖြစ်အောင်

အစွမ်းကုန်ကြိုးစားခဲ့သော်လည်း
တစ်ဖက်လူက
တမင်ပြဿနာလာရှာနေခဲ့သည်။ သူသည်
သည်းခံတတ်သူမဟုတ်သလို သူ့အား
ပြဿနာလာရှာနေပါက
လုံးဝငြိမ်ခံနေမည်မဟုတ်ပေ။

ထို့ပြင် သူ့အမြင်က ရန်သူကို
အနိုင်မယူနိုင်ပါက
ထွက်ပြေးဖို့သာဖြစ်သည်။

လက်ရှိ သူ့ရန်သူက
အင်ပါယာတစ်ပိုင်းအဆင့် ဖြစ်နေလေရာ
ထိပ်တိုက်ရင်ဆိုင်ရလောက်အောင်အထိ
လူမိုက်မဟုတ်ပါ။

ယန်ယဲ ရုတ်ချည်း
တိုက်ခိုက်လိုက်ခြင်းဖြစ်ရာ အဘိုးအိုက
ထင်မှတ်မထားသဖြင့်
အနည်းငယ်ထိတ်လန့်သွားပုံပါ။ သူ
သတိပြန်ဝင်သည့်အချိန်တွင်တော့

ယန်ယဲ့၏ ဓားစွမ်းအင်က
အဘိုးအိုရှေ့တည့်တည့်သို့ရောက်နေပါပြီ။

အုန်း!

ကောင်းကင်ယံအထက်၌
ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာခဲ့လေသည်။ ထို့နောက်တွင်
တိမ်သဘော်တစ်ခုလုံးဟာပြင်းထန်စွာ
တုန်ခါလာပြီး ဘယ်မှညာသို့ အဆက်မပြတ်
ယိမ်းထိုးသွားသွားခဲ့သည်။

သို့သော်လည်း သိပ်မကြာလိုက်ပေ၊ ကောင်းကင်ယံအထက်က နောက်ထပ်တစ်ဖန်ပြန်ပြီးငြိမ်သက်သွားသည်။

ဤအချိန်တွင် ယန်ယွဲ့ နှင့် ယွဲ့မြောင်စူး တို့နှစ်ယောက်လုံး တိမ်သင်္ဘောပေါ်ကနေ ရုတ်ချည်း ပျောက်ကွယ်သွားခဲ့ကြသည်။

"ဒီတစ်ခေါက် ငါ့ရဲ့အစီအစဉ်က နည်းနည်းများသွားပြီ" ပိန်ပိန်ပါးပါးအဘိုးအို

၏ မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။
ရုတ်တရက်ဆိုသလိုပဲ အဘိုးအို၏ပုံရိပ်က
အနက်ရောင်အလင်းတန်းတစ်ခုအဖြစ်ပြော
င်းလဲကာ မိုးကုပ်စက်ဝိုင်းထဲသို့ ဝင်ရောက်
ပျောက်ကွယ်သွားလေတော့သည်။

ယန်ယွဲ့သည် သူ့သဘာဝအတိုင်း
ထွက်ပြေးခဲ့သည်။ အတိတ်က
အင်ပါယာတစ်ပိုင်းအဆင့် နှင့်
တိုက်ခိုက်ဖူးသော်လည်း

အဆုံးအစွန်သောနိယာမ သို့မဟုတ်
အတွေးသတ်ဖြတ်ခြင်းနည်းစနစ်၏
နောက်ဆုံးအဆင့်ကို အသုံးမပြုပါက
အနိုင်ယူဖို့ လုံးဝမဖြစ်နိုင်သည်ကို
သိထားသည်။ သို့သော်လည်း
တစ်ချိန်တည်းတွင် အားလုံးကို
ထုတ်သုံးလိုက်သည်နှင့် သူ့ကိုယ်သူ
ငရဲလမ်းခြေချလိုက်သည်နှင့်အတူတူပင်
ဖြစ်သွားပါလိမ့်မည်။

ဤအချိန်တွင် သူက အနက်ဝတ်အဘိုးအိုကို သေသည်အထိ တိုက်ခိုက်ဖို့ ရည်ရွယ်ချက်မရှိပေ။

သို့သော်လည်း ထွက်မပြေးခင် ယွဲ့မြောင်စူး ကိုပါ အတူ ခေါ်ဆောင်သွားခဲ့သည်။ ယွဲ့မြောင်စူးက ဒဏ်ရာ အပြင်းအထန်ရနေသည်ဖြစ်ရာ အနက်ဝတ်အဘိုးအိုအား တိုက်ခိုက်ဖို့ မဖြစ်နိုင်ပေ။ သူသာ ယွဲ့မြောင်စူးကို ထားခဲ့ပါက သူမကို ဖမ်းမိသည်နှင့်

သူ့ဖက်ကို သေချာပေါက်

လှည့်လာပါလိမ့်မည်။ တစ်နည်းဆိုရလျှင်

သူ့အနေဖြင့် ယဲ့မြောင်စူး ကိုပါ

တစ်ပါတည်းခေါ်လာဖို့ကလွဲပြီး

အခြားရွေးချယ်စရာမရှိခဲ့ပေ။

ဤအချိန်တွင် ယဲ့မြောင်စူးက ယန်ယဲ့၏

ခါးကို

ဆုပ်ကိုင်ထားရင်း “၁၅ မိနစ်လောက်

ထပ်ပြီး အချိန်ဆွဲပေးထား။ ငါ့အစ်ကိုကြီးနဲ့

မြို့စောင့်တပ်ဖွဲ့တွေက

လမ်းမှာရောက်နေပြီ။
သူတို့ဒီကိုရောက်လာဖို့ အများဆုံးမှ ၁၅
မိနစ်လောက်ပဲကြာမယ်”

"၁၅ မိနစ်လား" ယန်ယဲ့၏
မျက်လုံးများသည်အနည်းငယ်
ကျဉ်းမြောင်းသွားပြီး "သူတို့ မင်းကို
အတိအကျ ရှာတွေ့နိုင်မယ်ဆိုတာ
သေချာလား"

ယဲ့မြောင်စူးက ခေါင်းညိတ်လိုက်၏ "ဒါပေါ့
"

ယန်ယဲ့က ညင်သာစွာ ခေါင်းညိတ်ပြပြီး
"ကောင်းပြီလေ "

စကားပြောပြီးသည်နှင့် ယဲ့မြောင်စူးကို
ကျောပေါ်တင်လိုက်ပြီး
ဓားနက်အတောင်ပံများကို အမြန်ဖြန့်ထု
တ်လိုက်သည်။ ယန်ယဲ့၏အရှိန်က
ချက်ချင်းပင်
တဟုန်ထိုးပေါက်ကွဲထွက်လာပြီး
အလင်းစက်တစ်ခုအဖြစ်

မိုးကုပ်စက်ဝိုင်းထဲသို့
လျှင်မြန်စွာပျောက်ကွယ်သွားပါတော့သည်။
ထို့အပြင် ယန်ယဲ့သည်
အမြန်နှုန်းဥပဒေသကိုပါ
အမြင့်ဆုံးအထိထုတ်ဖော်ထားခဲ့သည်။

ဓားနက်တောင်ပံ နှင့် အမြန်နှုန်းဥပဒေသက
သူ့အရှိန်ကိုမြှင့်တင်ပေးနေသည်ဖြစ်ရာ
ယန်ယဲ့၏အရှိန်သည်
အလွန်ကြောက်စရာကောင်းသည့်အဆင့်သို့
ရောက်ရှိသွားခဲ့သည်။ သူ့နောက်မှ

အာကာသဟင်းလင်းပြင်သည်
တဖြည်းဖြည်း အက်ကွဲသွားသလို
သူ့တစ်ကိုယ်လုံးလည်း အက်ရာများ
ဖြည်းညှင်းစွာ ပေါ်လာပါတော့သည်။

သို့သော်လည်း ယန်ယဲ့သည်
သူ၏ရုပ်ခန္ဓာခွန်အားကို အသုံးမချဝံ့ပေ။
အကြောင်းကတော့ သူသာ
ရုပ်ခန္ဓာခွန်အားကို ထုတ်သုံးလိုက်ပါက
အဘိုးအို လိုက်မှီလာသည်နှင့်
ပြန်တိုက်ခိုက်ဖို့ပင်

အခွင့်အရေးရှိတော့မည်မဟုတ်ပါ။
ထို့အပြင် လက်ရှိသူ့အရှိန်က
သူ့ခန္ဓာကိုယ်က ခံနိုင်သော
အကန့်အသတ်တွင်း၌သာ ရှိနေသေး၏။

ယွဲ့မြောင်စူးက ရုတ်တရက် ပြောခဲ့သည်
"သူငါတို့နဲ့ နီးလာပြီ"

ယန်ယွဲ့က သိချင်စိတ်ဖြင့်
မေးလိုက်လေသည်

“နတ်ဆိုးဘုရားဂိုဏ်းက ဘယ်လောက်
အားကောင်းသလဲ”

###Book.83